
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၈၄၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၅၉၀၄၁၁၊

[illegible]

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

[illegible]

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

[illegible]

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၁ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။

ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

စိန္တာ

မိတ်စာ / စိန္တာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၁။

၁၈၀-စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) စိန္တာ





ခက်ပါလား

လက်မပါနဲ့ ကောင်လေး

ငါပြောတာ မိတ်စာ

ရာသီပေါ် မျက်နှာပေးလေးနဲ့

တသွေးတမွေးလှသူလေးရယ်

မင်းဟာ

နှလုံးသားရဲ့ပြဿနာ

ရှင်းရှင်းပြောရရင် ရောဂါအတွက်

"မိတ်စာ"

စိတ်ပါလက်ပါမိတ်စာကိုသုံးစွဲပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

“အလှူ့ရှင်နာမည်လေး”

လွင်ဦး စိတ်ပေါက်ပေါက်နဲ့ အခုလို လက်မနဲ့ နောက်ပြန်ညွှန်ပြရင်း ပြောချလိုက်ပါသည်။

“လွင်ဦးနှင့် သူ၏မိန်းမများ”

အလှူခံနေတဲ့ ကော်မရှင်စား ဦးငွေရ မျက်လုံးပြူးသွားသလို အလှူခံမဏ္ဍပ်မှာ တစ်ထောင်ကို ကိုးရာကျပ်နဲ့ အကြွေလာလဲတဲ့ငွေဇင် ဒေါ်သနဲ့. . .

“ဘာပြောတယ်”

အနီးကပ် နောက်ကနေ ကြုံးအော်လိုက်တဲ့အသံကြောင့်. . .

“အောင်မငီး. . . ဟာ. . . လန့်လိုက်တာ ငွေဇင်”





နောက်ကို လှည့်ကြည့်ရင်း လွင်ဦးပြောတော့ ဒေါ်သမျက်နှာထားကို နှစ်ဆယ်တိုး အနေအထား အဆုံးတင်ရင်း. . .

“နင် ဘာစကားပြောတာလဲ လွင်ဦးရဲ့”

ကျောင်းတော်က ရန်စမရှိပေမယ့် ရပ်ကွက်က ရန်စက အခု အလှူခံနေတဲ့ ဦးငွေရ၊ ဦးအဟုတ်နဲ့ ဦးရာကျူးတို့က အသိဆုံး။ လွင်ဦးနဲ့ ငွေဇင်ဆိုတာက မြောက်ကိုရိုးယားနဲ့ တောင်ကိုရိုးယားလို အနေအထား။

သူတို့စီးပွားရေးက တရုတ်နဲ့ဂျပန်လို လစ်ရင်လစ်သလို အတိုက်အခိုက်လေးတွေနဲ့ ဈေးကွက်ချဲ့ထွင်နေကျ။

ဆိုးတာက သူတို့နှစ်ဦးက တစ်ရပ်ကွက်ထဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ဒါဘီပြိုင်ဘက်တွေ။ သူတို့အလုပ်က “အတိုး” ပေးတဲ့အလုပ်လေ။

“ငါ ဘာပြောလို့လဲ ငွေမြင်သေးရှင် မငွေဇင်”

ကာရံနဘေနဲ့ စတင် စစ်ထိုးစကား ဆိုတော့ အရှေ့တိုင်းသား ဦးအဟုတ်က. . .

“ဒီကောင်လေး စကားပေါကောင်းတယ်၊ မဆိုးဘူး. . . ဝသဘောကျတယ်”

အရေးထဲ ဦးအဟုတ်က ချိုးမွမ်းခန်း ဖွင့်နေတော့ ငွေဇင်. . ဦးအဟုတ်ကို မျက်စောင်းဖြင့် တရစပ် မောင်းတင်ရင်း လွင်ဦးကို ခေါင်းထောက်ကြည့်ကာ. . .

“ဟဲ့. . . နင်ကသာ သေမထူးနေမထူး လွင်ဦးရဲ့”

ဦးရာကျူး. . ငွေဇင့်စကားကြောင့် ပါးစပ်ကြီး ဖြဲပြီး သဘောကျသွားသည်။

“ကန်မလေးလည်း အားကြီး စကားပြောကန်းတယ်၊ သူလည်း မဆိုးဘူး”



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦးက အသားလွတ် ရန်လာတွေ့တဲ့ ငွေဇင့်ကြောင့် တော ချုံအုံကြားက ဒေါ်သတွေ ငယ်ထိပ်အထိ တက်ဆောင့်မတတ် ဖြစ်သွားသည်။

"ဟဲ့ . . . ငွေဇင်၊ တစ်ကျပ်ကို နှစ်ကျပ်ခွဲစားတဲ့ အတိုးကြီးစားမရဲ့၊ နင် အသားလွတ် ရန်လာမရှာနဲ့နော်"

ငယ်ကျိုးငယ်နာဖော်တဲ့ လွင်ဦးစကားကြောင့် ငွေဇင် မပြောမဆိုနဲ့ ဦးငွေရ လက်ထဲက မိုက်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဟဲ့ . . . ဟဲ့ . . . စိတ်ကို ဒေါသနဲ့ ထိန်းလေ ကျေးဇူးရှင် . . . အဲလေ . . . ငွေဇင်"

"ငွေဇင်တို့ကို ဒီလိုလာကြောလို့မရဘူး ဦးငွေရ၊ အတင်အစီးတွေ လုံးဝလာမလုပ်နဲ့"

"တင်စီးရအောင် ငါက မြင်းမှ မဟုတ်တာ"

"ဩော် . . . ရယ်စရာကောင်းလိုက်တာ လွင်ဦးရယ်"

"ဒါဆို ရယ်လိုက်ပါလား ငွေဇင်ရဲ့"

"နင် ရယ်ခိုင်းတိုင်း ရယ်ရအောင် ငါက အရူးမှ မဟုတ်တာ"

"အေးလေ . . . နင်က ငပေါပဲဟာ"

ယောက်ျားတန်မဲ့ တစ်ခွန်းမကျန် ရန်တွေ့လျှာကောင်းလွန်းတဲ့ လွင်ဦးကြောင့် ငွေဇင် ဒေါသကို ကီလိုတစ်ရာကျော်အောင် တင်လိုက်ပါသည်။

ဘေးပတ်ဝန်းကျင်ကရော ရပ်ကွက်ထဲကပါ သူတို့ကျေးဇူးရှင် နှစ်ဦးဖြစ်တဲ့ လွင်ဦးနဲ့ငွေဇင် စကားနပန်းကို သဘောတွေ ကျနေသလို အသေအချာလည်း မှတ်သားထားရသေးသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီတိုက်ပွဲရဲ့စကား အကျအနကို ကောက်ပြီး စကားရောဖောရောနဲ့ ပိုက်ဆံချေးရမှာပဲဖြစ်သည်။

"ဒီမှာ လွင်ဦး"





"မထူးဘူး . . . ထူးရအောင် နင့်ယောက်ျားမှ မဟုတ်ဘာ"

ဦးငွေရ . . လွင်ဦးစကားကြောင့် ရယ်ချင်တာကို မနည်းကြိတ်မှိတ်နေရပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မိန်းမ မစိန်တင့်က ငွေဇင်ရဲ့ဝန်ထမ်း။ ပြောရင် ငွေဇင်ဆီက တစိုက်မက်မက် ငွေချေးသူ။

"အောင်မာ . . နင့်လို ရုံးပတီသီးကို အဝတ်စနဲ့ အုပ်ထားတဲ့ရုပ်နဲ့ ငါ့ကို လာမှန်းရတယ်လို့၊ ရယ်တောင် ရယ်ချင်သေးတယ်"

"ဟဲ့ . . . ကျီးအော်ပါးစပ်အောက်ပိုင်းက သမီးရဲ့"

ခါးပေါ် လက်တင်ပြီး လွင်ဦးပြောပုံက ဝါရင့်ဈေးသည် ရန်တွေ့ပုံ။ ငွေဇင် လွင်ဦးစကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားပြီး . . .

"ဘာလဲ . . . ကျီးအော်ပါးစပ်အောက်ပိုင်း၊ လွင်ဦး . . . နင်မမိုက်ရိုင်းနဲ့နော်"

ဘာမှန်းမသိတော့ ငွေဇင် အခံရခက်နေသည်။ သူ့ရဲ့တိုက်ခိုက်မှု အောင်မြင်သွားတော့ လွင်ဦး တဟဲဟဲနဲ့ ကျေနပ်မိရင်း . . .

"ဟဲ . . ဟဲ . . ဟဲ . . ငါမိုက်ရိုင်းတာမဟုတ်ဘူး ငွေဇင်၊ မသိရင်မှတ်ထား . . . ကျီးအော်တော့ . . ."

ဦးငွေရက ဘုမသိ ဘမသိဘဲ လက်လေးနှစ်ဖက် ကွေးရင်း (ပါဖောမန့်)လုပ်ပြကာ . . .

"အာ . . အာ . . လို့ အော်"

ငွေဇင် . . ဦးငွေရကို မျက်စောင်းထိုးမိရင်း လွင်ဦးကို ပြန်ကြည့်သည်။

"ပါးစပ်အောက်ပိုင်းက ဘာလဲ"

ငွေဇင်က ယောင်နနနဲ့ . . .

"မေးရိုး"

"အေး . . . မသိရင်မှတ်ထား၊ ကျီးအော်တော့ 'အာ' ၊ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်းက 'မေး'၊ အာမေးတော့ အေးမာ၊ နင့်အမေက ဒေါ်အေးမာလေ. . . သိပြီလား"

ပြောပြီးပြီးချင်း လွင်ဦး တရုတ်သိုင်းကားထဲကလို လေရဲ့ လျှင်မြန်ခြင်းနဲ့ သိုင်းအမှတ်(၁၉)ကွက်မြောက်ထဲက လေပွေနာဂစ် သိုင်းကွက်နဲ့ ဖုတ်ခနဲ ပျောက်ကွယ်သွားတော့သည်။





# အခန်း(၂)

ရယ်သံတွေဖြင့် စည်ကားနေကြသည်။ ဆိုင်ရှင်ညိုထွန်းက သူ့ ကောင်လေးတွေကို လှမ်းအော်သည်။

"ကိုစိုးကြီးတို့ဝိုင်း ရှင်းမယ်ဟေ့"

တဆက်တည်း ကျွန်တော့်ကို ကြည့်ပြီး. . .

"မင်းတို့နှစ်ယောက်ကတော့. . . မတွေ့လိုက်နဲ့"

ညိုထွန်းစကားကြောင့် သူတို့ဝိုင်းနဲ့ ကပ်ရက်မှာ ကွမ်းယာခေ့တဲ့ မောင်သက်က. . .

"ဖက်ကိုက်နေတော့တာပဲလား"

ကျွန်တော် ရှို့မဲ့မဲ့နဲ့. . .

"တော်စမ်းပါကွာ. . . ဒီဟာမများ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပြောကြောင့် မောင်သက် ယာထားတဲ့ ကွမ်းယာကို လှမ်းတောင်းပြီး ပါးစောင်ထဲ ထည့်ရင်း ဦးဇော်က လှမ်းပြောသည်။

"စိတ်‌ ားမမှားနဲ့ လွင်ဦး၊ မင်းတို့နှစ်ယောက်က လုပ်ငန်းတူ၊ အရွယ်ဖအားကလည်း နံပါတ်ကိုးဆိုင်တွေဆိုတော့"

"မင်းလုပ်မှပဲ ငါတို့လည်း ဖိနပ်တွေ ဖြစ်ကုန်ပြီ"

ကျွန်တော့်စကားကြောင့် ဦးဇော်က ခပ်ပြုံးပြုံးနဲ့. . .

"ဟေ့ကောင်. . . လင်မယားဆိုတာ ဖိနပ်လိုပဲကွ၊ သူဦးရင် ကိုယ်နင်း. . . ကိုယ်ဦးရင်. ."

"ကိုယ်ပဲ နင်းတာပဲလား"

မောင်သက်စကားကြောင့် ဦးဇော် အရှက်ပြေ ရယ်သည်။

"ဒါကတော့ ဒါပေါ့ကွာ"

ဦးဇော်က ကားမထွက်ရ နေ့ဆိုရင် သူ့မိန်းမကို နင်းပေး နှိပ်ပေးတတ်သည်။

"ဟေ့ကောင်. . . ငါ့မိန်းမကို နင်းချင်လို့ နင်းတယ်များ ထင်လို့လား"

လက်ဖက်ရည်ဆိုင်ရှင် ညိုထွန်းက ဝင်ပြောသည်။

"ပြောပါဦး"

"ငါ ကားမောင်းလာတာ နှစ်သုံးဆယ်ပြည့်တော့မယ်"

"အဲဒီတော့. ."

ဦးဇော်က ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးလိုက်ပြီး. . .

"ကားမဆွဲရတဲ့နေ့တွေဆိုရင် ခြေထောက်က လီဗာမနင်းရတော့ ဟာတာတာ ဖြစ်ချင်နေတယ်လေ၊ အဲဒါကြောင့် အကျင့်မပျက်ရအောင် ငါ့မိန်းမကို နင်းပေးရတာကွ"

ဦးဇော်ကြောင့် ဝိုင်းရယ်ကြပါသည်။ ညိုထွန်း ကွမ်းယာနေတဲ့ မောင်သက်ကို လှမ်းပြောသည်။





"ဟေ့ကောင် မောင်သက်၊ ငယ်ငယ်တုန်းက ကျောင်းမှာ စစ်ဆေးရေး ဝင်တော့ ဒီကောင်နဲ့ငွေဖင် မိဘအလုပ်အကိုင် မေးတော့ ဘယ်လိုဖြေလဲ"

ညိုထွန်း လူစုံမှ အထုပ်ဖြေဖို့ တာဆူနေပါသည်။ မောင်သက်ကလည်း သိပ်ကိုပြောချင်နေတဲ့ကောင်ဆိုတော့ အံကိုက်။

ဦးဇော်က ဝိုင်းကောင်းပြီဆိုတော့ သူတို့ ထိုင်နေတဲ့ဝိုင်းဆီ ကူးလာသည်။

"ဟေ့ကောင်တွေ. . . မင်းတို့ မဟုတ်မဟတ်တွေ အပိုမပြောနဲ့နော်၊ ငါ ပိုက်ဆံမချေးဘဲ နေလိုက်မှာ"

ကျွန်တော် အင်တင်တင်နဲ့ ပြောတော့ ဘေးဝိုင်းက ကိုသောင်းဌေးတို့က လက်ဖက်ရည် သောက်နေရာမှ. . .

"လုပ်စမ်းပါဦးကွ. . . ငါတို့ကျေးဇူးရှင်နှစ်ယောက်ရဲ့ အကြောင်းလေး"

မောင်သက်က စပ်ဖြဲဖြဲနဲ့. . .

"မိုက်ခရိုဖုန်းလေး ပါရင် ပိုအဆင်ပြေမယ် ထင်တယ်နော်"

"ခွေးမသား"

မောင်သက်က သူ့ကို ချီးမွမ်းတယ် ထင်ပုံရတယ်။ အပြုံးမပျက်။

"ဒီလိုဗျ. . . ကျောင်းကို မြို့နယ်က စစ်ဆေးရေး ဝင်တော့ တစ်ခန်းဝင် တစ်ခန်းထွက် ကျောင်းသားတွေကို ဟိုမေးဒီမေးပေါ့၊ ကျွန်တော်ရယ်. . ညိုထွန်းနဲ့ ဒီကောင့်ရဲ့မဟာရန်သူ အချစ်တော်ကြီး ငွေဖင်နဲ့က တစ်ခန်းထဲ အတူတူ၊ သူတို့က ငယ်ငယ်ကတည်းက ပြိုင်ဘက်လေ"

"အဲဒီတော့. ."

ဦးဇော်တို့များ လူများအကြောင်း သိပ်သိချင်ပုံရသည်။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေများ တောက်တောက်ပပ။

"အရင်ဆုံး အမေးခံရတာက ဒီကောင်၊ မေးပုံက ယောကျ်ား လေးတစ်ယောက်ပြီးရင် မိန်းကလေးတစ်ယောက်၊ တစ်ယောက် တစ် လှည့်စီပေါ့"

အားလုံးက မောင်သက်စကားကို နားစွင့်နေကြပါသည်။ ကျွန် တော် ပြန်တွေးပြီး ရယ်ချယ်ချင် ဖြစ်ခဲ့တဲ့ပုံရိပ်တွေပါ။

ငယ်ရွယ်လတ်ဆတ်တဲ့ရနံ့တွေကို ပြန်ရရှိလိုက်သလိုပါပဲ။

"သားရဲ့အဖေက ဘာအလုပ်လုပ်လဲလို့ မေးတော့ ဒီကောင်က ငွေဇင့်ကို ပေစောင်းစောင်းနဲ့ တစ်ချက်ကြည့်ပြီး ရင်ကော့ပြီး ဖြေတယ်"

"ဘယ်လိုဖြေတာလဲ"

မောင်သက်ရဲ့ပြောမယ့်စကားတွေထဲမှာကိုက ရယ်သံတွေ ပါ သည်။

"ငွေထိန်းချုပ်ဖြန့်ဖြူးရေး အောဂျင်စီတဲ့"

"ဟား. . ဟား. . ဟား. . ဟား"

အားလုံးက ရယ်ကြပါတော့သည်။ လွင်ဦးရဲ့အဖေ ဦးဘဦးက အတိုးပေးတဲ့ ဝါရင့်သမ္ဘာရင့် အတိုးသမားစစ်စစ်။

"မပြီးသေးဘူးဗျာ. . . အမေ့အလုပ်အကိုင်ကို မေးတော့ ဒီ ကောင်က ဖြေတယ်၊ ကုန်စည်မှ ငွေသား နယ်ခြား၌ လဲလှယ်သူတဲ့"

"ဟားဟား. . . ခွိခွိခွိ"

ဦးဇော် ရယ်လိုက်တာဗျာ. . . မျက်ရည်ကို ထွက်လို့။ လွင်ဦး အမေ ဒေါ်အေးလွင်က အပေါင်ဆိုးတဲ့ အဝတ်အထည်တွေကို သူ့ရဲ့ရှာ မှာ သွားပြီးရောင်းချလေ့ရှိသည်။

"ငါ ပြောတာ မဟုတ်လို့လား"

"ဟုတ်ပါတယ်"

ကျွန်တော် ရယ်ကျဲကျဲ ပြောတော့. . .





"မင်းကို အားကျမခံ ပြန်ပြောတဲ့သူ ရှိတယ်လေ"

ကျွန်တော် ပြုံးစေ့စေ့ ခေါင်းညိတ်ပါသည်။ ကိုမောင်ဌေးက တစ်ဖက်ဝိုင်းကနေ. . .

"ငွေဇင်လား"

"သိပ်ဟုတ်တာပေါ့ဗျာ. . . ဒီကောင်ပြီးတော့ ငွေဇင့်အလှည့် လေ၊ သူ့အဖေက အမိန့်ရ အပေါင်ဆိုင် ဖွင့်ထားတယ်လေ"

"အဲဒီတော့. ."

"သူပြန်ဖြေပုံက ဒီလိုဗျ၊ သူ့အဖေအလုပ်အကိုင်က ဘဏ္ဍာနှင့် ဝန်စည် ဖြေရှင်းညှိနှိုင်းရေးဌာနခွဲတဲ့"

ဦးဇော်နဲ့ လက်ဖက်ရည် လာသောက်သူတွေ တဟားဟား။

"သူ့အမေကျတော့ရော"

မောင်သက်ကလည်း လာဝယ်သူကို ကွမ်းထုတ်လှမ်းပေးပြီး သူတို့ဝိုင်းမှာ ဝင်ထိုင်ကာ. . .

"ငွေသား လက်တွေ့အကောင်အထည်ဖော် ဖြေရှင်းရေး ကုမ္ပဏီတဲ့၊ ငွေဇင်အမေ ဒေါ်အေးမာကလည်း လွင်ဦးအမေလိုပါပဲ"

ဦးဇော်က တပြုံးပြုံးနဲ့ ကွမ်းဝါးရင်း ကျွန်တော့်ကို လှမ်းမေးပါ သည်။

"မင်းက မနေ့က ဘာဖြစ်လို့ ငွေဇင်နဲ့ ပြဿနာ တက်တာလဲ"

"ကျွန်တော် အကြွေးလိုက်ကောက်တော့ ဟိုအပျိုမ သုံး ယောက်လေ"

"ဥက္ကာ့ဌတူမ သုံးယောက်လား"

"အေးလေဗျာ. . . ဥက္ကာ့ဌမျက်နှာရှိလို့ ကျွန်တော်က ပိုက်ဆံ ချေးလိုက်တာ၊ ပြန်တောင်းတော့ အတိုးတောင် မရဘူး၊ အကြီးမ ကျေး ဗျာက. ."

"ဟော့ကောင်. . . စိုးစိုးလှပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုထွန်းစကားကြောင့် မောင်သက်က. . .

"ဒီကောင်ပြောတာ မှန်ပါတယ်ကွယ်၊ အပျိုသာ ပြောတယ်၊ ရေစီးကမ်းပြိုဖြစ်ပြီး ကျုံးကျုံးကျနေတာ"

ဦးဇော်က ရယ်ကျဲကျဲနဲ့. . .

"ဒါ သဘာဝ လိုက်စားတာတော့ မဖြစ်နိုင်ဘူး"

"ဟော့လူကြီး"

"သြော်. . . ရောဂါလေးဘာလေး ဖြစ်သလားလို့"

တစ်ဖက်ဝိုင်းက သဘောပေါက်စွာ ရယ်သည်။

"ပြောပါဦး"

"အေးကွ. . . အတိုးကို အပြည့်မယူပါနဲ့ဦး ကိုကြီးလွင်ဦးရယ်တဲ့၊ ငါလည်း စိတ်ပေါက်ပေါက်နဲ့ မရယ်နိုင်ဘူးလို့ ပြန်ပြောတော့ သူက. . . ဟိုလေ. . အခု သူ့လက်ထဲမှာ နှစ်ရာတော့ ရှိတယ်တဲ့၊ ခဏ ယူသွားပါတဲ့၊ ညနေ ဦးလေးနဲ့ ပေးလိုက်မယ်တဲ့၊ တောက်. . . ငါ့ကို သူ့ဦးလေးနဲ့ ရန်တိုက်ပေးတာ"

ပြောရင်း ဒေါသထွက်လာတဲ့ ကျွန်တော့်ပုံစံကြောင့် မောင်သက်က တခွီးခွီး။

"ငါလည်း စိတ်ပေါက်ပေါက်နဲ့ ပြန်လာတော့ လမ်းမှာ အလှူခံနဲ့ တိုးရော၊ အဲဒီမှာ ဦးငွေရက လှမ်းအော်ပြီး အလှူငွေ ထည့်ဖို့ပြောတော့ ငါလည်း သူတို့ပေးတဲ့ပိုက်ဆံကို အလှူငွေ ထည့်လိုက်တာပေါ့ကွာ ငါ့နောက်မှာ ငွေဇင် ရှိမှန်းလည်း ငါမသိဘူး၊ အလှူငွေ ထည့်တဲ့လူနာမည်အော်ဖို့ ငါ့ကို မေးတော့ ငါက စိုးစိုးလှတို့အိမ်ဘက်ကို လက်နဲ့ နောက်ပြန်ညွှန်ပြရင်း လွင်ဦးနဲ့ သူ၏မိန်းမများလို့ အော်ခိုင်းလိုက်တာ အဲဒါ. . ."

ဆက်မပြောရသေးပါဘူး. . . အားလုံး သဘောပေါက်စွာ တက်ညီလက်ညီ ရယ်ကြပါတော့သည်။



"ဖြစ်မှ ညှစ်ရလေခြင်း လေဆာသွားတိုက်ဆေးရယ်"

"ဟားဟားဟားဟား"

www.burmeseclassic.com



# အခန်း(၃)

“ရုပ်ပါကွာ လွင်ဦး၊ ဒီပစ္စည်းက တော်ရုံတန်ရုံထဲက မဟုတ်ဘူး”

ဘေးမှာ နားပူနားဆာ လုပ်ရင်း လက်ဖက်ရည်ဆိုင်ထဲအထိ လိုက်ပါလာတဲ့ တင်ဦးသန်းစကားကြောင့် လွင်ဦး စိတ်ညစ်နေပါသည်။ ညီထွန်းက သူထိုင်ထိုင်ချင်း ကျဆိမ့်တစ်ခွက်လို့ လှမ်းအော်ပြီးသား။

“ဟာ. . . အပေါင်မခံပါဘူးဆိုကွာ၊ သွားပါတော့ တင်ဦးသန်းရာ၊ ဒီမှာ အတိုးသမားတွေ ကိုယ်ပျောက်ဆေး သောက်ပြီး ရှောင်နေလို့ စိတ်ညစ်ရတဲ့အထဲကွာ”

မောင်သက်က ကွမ်းယာနေရာမှ လှမ်းမေးသည်။

“မင်းက ဘာပစ္စည်းပေါင်မလို့လဲ တင်ဦးသန်း”





တင်ဦးသန်းက မျက်နှာငယ်နဲ့ ပြောသည်။

“ဟို. . သုံးစီးရှင်ကျော်စွာလက်ထက်က ကွမ်းတံတွေးခွက်ကွာ၊ တကယ့်အန်းတိတ်စစ်စစ်. . . အမှန်က ငါမပေါင်ချင်ပါဘူးကွာ”

“မပေါင်ချင်လည်း မပေါင်နဲ့ကွာ၊ မင်းကို ဘယ်သူက အတင်းပေါင်ခိုင်းလို့လဲ”

“ကလမက်”

“ဘာ. . ဩော်. . ကလမက်တို့ဆိုင်မှာ မင်းအရက်သောက်မလို့လား၊ ဟား. . အရက်သေစာကို ငါ အားပေးလို့ မဖြစ်ဘူး”

ကလမက်ဆိုတာ ငါးလမ်းထိပ်က အရက်ဖြူဆိုင်။ ကျွန်တော့်စကားကြောင့် တင်ဦးသန်း မျက်လုံးပြူး မျက်ဆန်ပြူးပြရင်း. . .

“မဟုတ်ရပါဘူးကွ. . . ငါအရက်မသောက်ပါဘူး၊ ငါအရက်ဖြတ်ထားတာ ကြာပြီ”

“ဘယ်လောက်ကြာပြီလဲ”

“တစ်နာရီ ရှိပြီ”

တင်ဦးသန်းစကားကြောင့် မောင်သက်က ရယ်သည်။

“ဟေ့ကောင်. . . ဒါ အရက်ဖြတ်တာလားကွ”

တင်ဦးသန်း ခေါင်းတဆတ်ဆတ် ညိတ်ပြပုံက ပုတ်သင်ညိုတစ်ကောင်အတိုင်းပါပဲ။

“ဟေ့ကောင်. . . သုံးစီးရှင်ကျော်စွာဆိုတာ ဘယ်သမိုင်းမှာမှ မကြားဖူးဘူး”

အမျိုးကို ထိတော့ တင်ဦးသန်းက မခံချိအောင် နှာပုံနဲ့ သူ့ရဲ့ ရှပ်လက်မကျော်ကျော် ရင်အုပ်ကို ချီရင်း. . .

“ဒီမှာ လွင်ဦး. . . ငါ့ကို စော်ကားချင် စော်ကားလိုက်”

“ယောက်ျားချင်းချင်းကွာ”

ကျွန်တော့်စကားကြောင့် တင်ဦးသန်း မျက်လုံးပြူးရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်. . . စကားအဖြစ် ပြောတာကွ၊ ကြာပါတယ်ကွာ ငါတို့လည်း မစော်ကားနဲ့ ငါ့မျိုးရိုးကိုလဲ မစော်ကားနဲ့၊ သမိုင်းမတင်ပေမယ့် အုတ်တုံးလောက်တော့ ရောက်ပါတယ်ကွာ၊ ငါ့ဘိုးဘေးဘီ သုံးစီးရှင်ကျော်စွာက အင်္ဂလိပ်ကို ငှက်ကြီးတောင် ထုတ်ပြီး ဘာပြောတယ် ထင်လဲ"

မောင်သက် စိတ်ဝင်တစားနဲ့ လှမ်းမေးသည်။

"ဘာပြောလဲ"

တင်ဦးသန်း တစ်ချက်ရယ်လိုက်ရင်း. . .

"ခါးသွေးဦးမလားတဲ့"

ဘေးဝိုင်းတွေက တင်ဦးသန်းစကားကြောင့် ရယ်ကြတော့ တင်ဦးသန်း မခံချင်ဟန်နဲ့. . .

"စကားမဆုံးသေးဘူးကွ. . . နားထောင်ကြဦး၊ ကျုပ်ရဲ့ဘိုးဘေးဘီ သုံးစီးရှင်ကျော်စွာက ခါးသွေးဦးမလား မေးတာ အကြောင်းမဲ့ သက်သက် မဟုတ်ဘူး"

"ခါးတုံးနေလို့လား"

လွင်ဦးစကားကြောင့် တင်ဦးသန်းမျက်နှာ ရှုံ့မဲ့သွားပြီး. . .

"ဟာကွာ. . . ဘယ်ကလာ၊ ခါးသွေးဦးမလား မေးတာ အကြောင်းရှိတယ်ကွ၊ မင်းတို့လည်ပင်းတွေကို ငါက ခါးရေးပြပြီး ခါးသွေးသလို သွေးပြီး ခုတ်ထစ်ပစ်မယ်လို့ ပြောတာကွ၊ သုံးစီးရှင်ဆိုတဲ့ အမည်နာမကို ဘာကြောင့် ရတယ်ထင်လဲ"

"ဆိုက်ကားသုံးစီး ထောင်ထားလို့နေမှာပေါ့"

လွင်ဦးစကားကြောင့် တင်ဦးသန်း မျက်နှာရှုံ့မဲ့သွားကာ. . .

"ဖွတ်လချီး. . . ဆိုက်ကားသုံးစီး ထောင်ထားရမှာလဲ၊ သုံးစီးကျော်စွာဆိုတဲ့ ပေါက်စလေးကို မမွေးခင် ဘုရင့်ရဲ့မိဖုရား မိဖုရားခေါင်ကြီး ဒေါ်တင်စိန်ဟာ. . ."





တင်ဦးသန်းစကားကြောင့် လွင်ဦး ကမန်းကတန်း ဝင်ပြောရပါသည်။

"ဟေ့ကောင် တင်ဦးသန်း၊ မိဖုရားခေါင်ကြီးနာမည်က ဒေါ်တင်စိန် ဖြစ်မလားကွ"

တင်ဦးသန်းက လွင်ဦးကို အထင်သေးဟန် ကြည့်ပြီး. . .

"ဘွဲ့တော်တော့ ရှိတာပေါ့၊ ဘာတဲ့. . . နန်းဆုရတီ မဒီဆုပန်ထွာ ဒေါ်တင်စိန်တဲ့"

တခွီခွီနဲ့ ရယ်သံတွေ ကြားရတော့ ဒီကောင်က အားလုံးကို ဘုကြည့်ကြည့်သည်။

"ကဲ. . . တော်ပါတော့ တင်ဦးသန်းရယ်၊ မင်းရဲ့ရာဇဝင်အိုးကို ပြပါဦး"

တင်ဦးသန်းမျက်နှာ ရွှင်လန်းသွားပါသည်။ ပြီးတော့ လုံချည်အဟောင်းတစ်ထည်နဲ့ ပတ်ထားတဲ့အရာကို တရိုတသေနဲ့ ဖြည်သည်၊ တွေ့ပါပြီ။

လုံချည်နဲ့ ပတ်ထားတဲ့အရာက ကွင်းကွင်းကွက်ကွက်ကို ပေါ်လာပါသည်။

"ဟင်. . . မင်းဟာက ဘာအိုးကြီးလဲ"

အိုးကတော့ ကြေးအိုးပါ။

"တော်ဝင် ကွမ်းတံတွေးခွက်လေ"

"ငါ့အမြင်တော့ ကြေးအိုးကြီးပါ"

"ဟာ. . . ဘုရင်က ကြေးအိုးသောက်ပုံမလား၊ အဲဒီခေတ်မှာ ကြေးအိုးရောင်းတဲ့ဆိုင် ဖွင့်ထားလို့လား"

ကျွန်တော့်စကားကြောင့် တင်ဦးသန်း ခေါင်းတဗျင်းဗျင်း ကုတ်ရင်း. . .

"ဟာကွာ. . . အဲဒီကြေးအိုး မဟုတ်ဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



"တင်. . . ဒါဆို ဒန်အိုးလား၊ ဟော့ကောင်. . . ဒန်ဆိုရင် ဈေးရောသူနော်"

ညိုထွန်းနဲ့မောင်သက်တို့က ကျွန်တော်တို့ရဲ့ သံတမန် ဆန်တဲ့ ရောင်းဝယ်ဖောက်ကားမှု စကားတွေကြောင့် ရယ်ကြသည်။ ကျွန်တော် တင်ဦးသန်းကို သနားမိတာကြောင့်. . .

"ကဲ. . ကဲ. . ဘယ်လောက်လဲ ပြော"

"သုံးထောင်"

"ဟာ. . . ဒီအိုးကြီးကို သုံးထောင်. . မတန်တဆတွေ၊ ကြေးဈေးနဲ့ ရောင်းရင်တောင် ရမှာမဟုတ်ဘူး"

ကျွန်တော့်စကားကြောင့် တင်ဦးသန်း မျက်နှာငယ်နဲ့. . .

"လုပ်ပါကွာ. . . ငါ ဆက်ဆက်ရွေးပါ့မယ် သူငယ်ချင်း၊ ဒီလိုနဲ့ မရရင် ငါ့မိန်းမနဲ့ကလေးတွေကို ထပ်အပေါင်တင်ထားရမလား"

တင်ဦးသန်းစကားကြောင့် လက်ဖက်ရည်သောက်သူတွေ တဟားဟား။

"တော်ပါကွာ. . . ကဲ. . . မင်း ဒီကပဲ စောင့်နေ၊ ငါ အခုချက်ချင်း ပြန်လာခဲ့မယ်"

"ငါပါ မင်းအိမ်ကို လိုက်ခဲ့မယ်လေ"

ကျွန်တော် လက်ကာ,ကာ. . .

"နေပါတော့. . . ငါအိမ်ပြန်မှာ မဟုတ်ဘူး၊ ငါ့ဦးလေးဆီက ပိုက်ဆံခဏလှည့်ပြီး မင်းကိုပေးရမှာ"

ကျွန်တော့်စကားကြောင့် တင်ဦးသန်းမျက်နှာ ဝင်းလက်သွားပြီး. . .

"ဟင်. . . ပိုက်ဆံကို ခဏလှည့်လို့ရတယ်၊ ငါလည်း လှည့်မယ်လေ၊ မှတ်နေအောင် လှည့်ပေးမယ်"

"ကဲ. . . တော်. . တော်. . . နော်"





ကျွန်တော် ထထွက်တော့. . .

"ကျေးဇူးရှင်လေး. . . မြန်မြန်လာနော်"

"အေးပါဟ. . . ဘယ်လိုဖြစ်နေတာလဲ"

ကျွန်တော် ပြောပြီး လှည့်ထွက်လာခဲ့ပါသည်။ ကျွန်တော် ဦးလေးအိမ်ရောက်တော့ ဦးလေးက မရှိ၊ ဦးလေးမိန်းမ ဒေါ်စောသန်းပဲ ရှိနေသည်။

"မောင်လွင်. . . မင်းလည်း ပျောက်ချက်သား ကောင်းနေပါလား"

"အလုပ်တွေ ရှုပ်နေလို့ မရောက်တာ ဒေါ်လေးရယ်၊ ဦးလေး ဘယ်သွားလဲ"

"မင်းဦးလေး တရားစခန်းဆိုလား၊ ဘာတဲ့. . . တစ်ဆက်ရှင် ငါးထောင်ဆိုပဲ၊ အဲဒီမှာ နားအေးပါးအေး ရင်အေးတယ်ဆိုလားပဲ"

ကျွန်တော် ဒေါ်လေးစကားကြောင့် မရယ်မိအောင် အတော်လေး အောင့်လိုက်ရသည်။

"ဒေါ်လေး. . . ငါးထောင်လောက် ခဏ၊ ညနေ ကျွန်တော် လာပေးမယ်"

"အေးပါဟယ်"

ဒေါ်လေးက ပိုက်ဆံအိတ် ဖွင့်ပြီး ထုတ်ပေးနေရင်း. . .

"ဟဲ့. . . ကြားပြီးပြီလား"

"ဘာလဲ ဒေါ်လေး"


"ဟို. . သုံးစီးတစ်ရာဆိုတဲ့ ဘုရင်ကြီးရဲ့ ပိုက်ဆံတောင်းတဲ့ခွက်ဆိုလား"

ဒေါ်လေးက အခုလို သူထင်ရာ ဆွဲတွေးတတ်ပါသည်။

"ဟား. . . ဟား. . . မဟုတ်ပါဘူး ဒေါ်လေးရယ်၊ သုံးစီးရှင်ဘျော်စွာရဲ့ကွမ်းတံတွေးခွက်ပါ"

www.burmeseclassic.com





ဒေါ်လေးက ရှက်ကိုးရှက်ကန်းနှင့် ရယ်ရင်း. . .

"အေး. . . ဟုတ်တယ်၊ အဲဒီခွက်က အတော်ဈေးကြီးတယ်ဆိုပဲ၊ ဟိုကောင်မလေး. . အဲ. . ငွေဇင်. . ငွေဇင့်ကို တရုတ်ကြီး တစ်ယောက်က ငါတို့ရပ်ကွက်ထဲမှာ အဲဒီခွက်ရှိတယ်တဲ့၊ ရရင် ကြိုက်သလောက်တောင်း ဆိုပဲ"

"ဗျာ. . . ဒုက္ခပဲ"

"ဟဲ့. . . ဘာဖြစ်လို့လဲ"

"နောက်မှတွေ့မယ် ဒေါ်လေး"

"ဩော်. . . ဒီကလေး ဘာဖြစ်သွားပါလိမ့်"

ကျွန်တော် ကမန်းကတန်း ဆိုက်ကားငှားပြီး အမြန်ပြန်လာခဲ့ရပါသည်။ ဆိုက်ကားဆရာ ကိုအေးခိုင်ကလည်း. . .

"သုံးစီးထောင် အုံနာရဲ့"

"သုံးစီးရှင်ပါဗျာ"





ကိုအေးခိုင် ရယ်ကျဲကျဲနဲ့. . .

"ဟဲဟဲ. . . အုံနာကို အစွဲအလန်း လွန်သွားလို့ပါကွာ၊ ဒီခွက်ရဲ့ ကာလတန်ဖိုးက အမေရိကန်ဒေါ်လာ. . ."

ကိုအေးခိုင်က ကမ္ဘာ့ဈေးကွက်နဲ့ တွက်ချက်ပြတော့ ကျွန်တော် ခေါင်းနားပန်းကြီးသွားရပါသည်။ ဘယ်သွားသွား ဒီခွက်ရဲ့သတင်းစကားက မလွတ်မြောက်။

"ဟိုး. . ဟိုးထား. . ရော့. . ဆိုက်ကားခ"

"နေဦးလေ လွင်ဦး၊ ဒီခွက်ကို ယူပြီးနဲ့ တွက်ရင်"

"ကဲ. . . နောက်မှ တွက်တော့၊ ထိပ်စီးငြိမ်ရင် ပြန်လာခဲ့"

"အေး. . . ဟာ. . ."

ကျွန်တော် ဆိုင်ထဲ ဝင်တော့ ကျွန်တော့်မျက်နှာ တင်းမာသွားပါသည်။ ဘာဖြစ်လို့လဲဆိုတော့ တင်ဦးသန်းနဲ့အတူ ထိုင်နေတဲ့သူက ငွေဇင်၊ ပြီးတော့ ကြေးအိုးက သူမရှေ့မှာ ကျွန်တော် ဝင်ထိုင်တော့ သူမက နှုတ်ခမ်းမဲ့သည်။

"ရော့. . . ငါးထောင်၊ ပေး. . ကြေးအိုး"

ကျွန်တော်က ငါးထောင်ကို စားပွဲပေါ် ချကာ တင်ဦးသန်းဘက်သို့ ပေးပြီး ငွေဇင်ရှေ့က အိုးကို ဆွဲယူလိုက်သည်။

"အောင်မာ. . . ဘာလို့ လုတာလဲ၊ အခုတင် ငါဈေးပိုပေးပြီးပြီ"

"ဘာ. . ."

"ဟဲ့. . . ပလုတ်တုတ်"

ငွေဇင် လန့်သွားပြီး ယောင်ပါသည်။

"ဟော့ကောင် တင်ဦးသန်း"

"ခင်. . ညာ"

တင်ဦးသန်း မျက်နှာငယ်လေးနဲ့ ထူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . သူက တစ်သောင်းပေးတော့"

"ဘာကွ"

ကျွန်တော် အိုးကို ချပြီး စားပွဲကို လက်ဝါးနဲ့ ရိုက်တော့ တင်ဦးသန်း လန့်သွားပေမယ့် ငွေဇင်က မလန့်တဲ့အပြင် အိုးကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

"ဟာ. . ဘာလို့ လုတာလဲ၊ ငါယူပြီးပြီ"

"မလုလို့ရမလား. . . အိုးက ငါ့အိုး"

သူ့အိုးငါ့အိုးနဲ့ အငြင်းအခုန်ဖြစ်ရင်း လုနေကြတော့ ညီထွန်းတို့ အလျှင်အမြန် လာဖြန်ဖြေသည်။

"ဟေ့ကောင်. . . စိတ်ထိန်းလေ၊ မိန်းမတစ်ယောက်နဲ့ ရန်ဖြစ်ရတယ်လို့ကွာ၊ တော်ကြာ ရုံးဂါတ်ရောက်ရင် မင်းပဲ နာမှာ"

"တောက်. . . လူပါးဝလို့ကွာ"

"ငါ့ဘာသာ ဝတာ ဘာဖြစ်လဲ လွင်ဦးရဲ့"

ငွေဇင်ကလည်း ပြန်ပက်သည်။ မောင်သက်ကလည်း ဖြန်ဖြေပါသည်။

"အိုးကလည်း မှန်ချင်မှ မှန်မှာပါကွာ၊ မမှန်တဲ့အိုးကို မင်းရတော့လည်း ဘာမှ လုပ်လို့မရဘူး"

မောင်သက်စကားကြောင့် ငွေဇင် မျက်နှာနီရဲသွားကာ. . .

"မောင်သက်. . . နင် မမိုက်ရိုင်းနဲ့နော်"

မောင်သက်က အရိုးခံမျက်နှာလေးနဲ့. . .

"ငါ အိုးအကြောင်းပဲ ပြောတာပါ ငွေဇင်ရယ်"

"တောက်. . . နင်. . ပြောဦးဟယ်"

"အောင်မငီးဗျ"

ငွေဇင်က ရေနွေးနဲ့ မောင်သက်မျက်နှာကို ပက်သည်။ ကျွန်တော် အိုးမရမယ့် အတူတူမို့. . .





"အေး. . . မင်းပြောတာမှန်တယ် မောင်သက်၊ အိုးက ပိန်ရှုံ့နေတာပဲ. . . မကောင်းတော့ပါဘူးကွာ"

ငွေဇင် ဒေါသတွေ မီးကုန်ယမ်းကုန် ပွင့်ထွက်လာကာ. . .

"ဟဲ့. . လွင်ရှူး. . အယုတ်တမာကောင်၊ နင်မမိုက်ရိုင်းနဲ့"

"ဟဲ့. . ငွေဇင်. . အိုးတွေ့လို့ အိုးအကြောင်း ပြောတဲ့ဟာ"

"တော်ကြပါတော့ကွာ"

"ငွေဇင်. . နင်လဲ ပြန်၊ လာပါဟယ်"

ညီထွန်းမိန်းမ သီတာအေးက ငွေဇင်ကို ဆွဲခေါ်သွားပါသည်။ အားလုံး လူရှင်းမှ ကျွန်တော့်ဒေါသတွေက တင်ဦးသန်းထံ ပြန်လှည့်လာပါသည်။

"ဟေ့ကောင်. . . မင်းပြောစမ်း၊ မင်း ငါ့ပေါင်မှာကို ဘာလို့ ငွေဇင့်ကို သွားပေါင်ရတာလဲ"

ကျွန်တော် တင်ဦးသန်း အင်္ကျီရင်ဘတ်ကို ဆွဲကိုင်ပြီး ထိုးမယ် ဟန်ပြင်တော့ တင်ဦးသန်းက. . .

"နေပါဦးကွာ. . . ငါရှင်းပါရစေဦး၊ အမှန်က ဒီလိုကွ"

"သုံးစီးရှင်ကျော်စွာရဲ့အိုးလေ. . ဘာဖြစ်လဲ. . မင်းကွာ"

"ဟုတ်ပါတယ်ကွ. . . သုံးစီးရှင်ကျော်စွာတော့ ကျော်စွာပဲ၊ ဒါပေမယ့် ဒီအိုးပိုင်ရှင် ကျော်စွာက သုံးစည်းနှစ်ရာနဲ့ ကန်စွန်းရွက်ညည်းရောင်းတဲ့ ကိုကျော်စွာရဲ့အဘိုး ပေါက်တဲ့ ရှုံ့ရှုံ့အိုး"

"ဘာကွ"

အားလုံး တခွီးခွီး။ တင်ဦးသန်း မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ပါသည်။

"မင်း. . မင်းပြောတော့. . ."

"ဟုတ်ပါတယ်ကွာ. . ငါနဲ့ကိုကျော်စွာက ကလမက်ကို အရက်ဖိုး ပေးရမှာမို့လို့ ငါ့မိန်းမ မအေးရီကို သတင်းလွှင့်ခိုင်းပြီး အခုလို



www.burmeseclassic.com

www.burmeseclassic.com



ကြံစည်မိတာပါကွာ၊ မင်းအပေါင်မခံဘူး ထင်လို့ ငွေဇင်ကို လှည့်ပေါင်လိုက်တာ၊ ဘာလဲ. . . မင်းပြန်လိုချင်လို့လား"

"ထို့. . . နေပါတော့ကွာ၊ ကောင်းတယ်. . ငွေဇင်. . . နင်ဒီတစ်ခါတော့ ကောင်းကောင်းကြီး ခံလိုက်ရပြီ၊ ရော့. . . တစ်ထောင်၊ မင်း ငွေဇင်ကို ရှုးရှုးအိုးနဲ့ မလိမ့်တပတ်နဲ့ ပေါင်လိုက်နိုင်တဲ့အတွက် ဘောက်ဆူး"

ကျွန်တော့်ရဲ့အောင်မြင်ခန့်ညားတဲ့ ရယ်သံက ဆိုင်ထဲမှာ ဝက်ဝက်ကွဲပဲ။





# အခန်း(၄)

"ဦးလေး. . လာ. . . ဘယ်က လာတာလဲ"

ဦးလေးသိန်းအောင်က ညှော်ခန်းက ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း. . .

"လမ်းလေးဘာလေး ထွက်လျှောက်ရင်းနဲ့ မင်းနဲ့လည်း စကားဘာလေး ပြောရအောင်ပေါ့ကွာ"

ကျွန်တော်က အကြွေးစာရင်းစာအုပ်ကို ပိတ်ရင်း. . .

"ဘာတွေများ ပြောစရာရှိလို့လဲ ဦးလေး. . . ထူးထူးဆန်းဆန်းပါလား"

ဦးလေးက ပြတင်းပေါက်မှာ ကွမ်းတံတွေး ထွေးရင်း. . .

"မင်းနဲ့ကိုတင်ငွေသမီး စားခွက်လုကြတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"တွင်းတဲ့တွေခွက် ပြောဝါ ဦးလေးရယ်၊ တော်ကြာ ကျွန်တော်တို့ ခွေးလုံးလုံး ဖြစ်သွားပါဦးမယ်"

ကျွန်တော့်စကားကြောင့် ဦးလေး ရယ်သည်။

"မင်းတို့သတင်းကတော့ ရပ်ကွက်ထဲမှာ ဟိုးလေးတကျော်ကျော်ပဲဟော့"

ဦးလေးစကားကြောင့် ကျွန်တော် ရယ်သည်။

"ဟိုကောင် တင်ဦးသန်းရဲ့လုပ်ဇာတ်မှာ ငွေဇင်တော့ တော်တော် ခံလိုက်ရတာလေ၊ သေချာတယ် ဦးလေး"

ဦးလေး ကွမ်းဝါးနေရင်း ခေါင်းညိတ်ကာ. . .

"ဒါနဲ့ မင်း မိန်းမယူဖို့ စိတ်မကူးသေးဘူးလား မောင်လွင်"

ကျွန်တော်. . ဦးလေးစကားကြောင့် မျက်ခုံးမြင့်တက်သွားရင်

"ကျားသားမိုးကြိုး. . . ဦးလေးစကားက ဒီနေ့ ထူးထူးဆန်းဆန်းပါလား"

"မထူးဆန်းနဲ့ မောင်လွင်၊ မင်းအသက်လည်း ငယ်တော့တာမဟုတ်ဘူး၊ ကိုယ့်မှတ်ပုံတင်လည်း ကိုယ်ပြန်ကြည့်"

"ဦးလေးကလည်း. . . မိန်းမယူတာများ မှတ်ပုံတင် ပေးသေးလို့လား"

ဦးလေးက ဆဲသည်။

"ခွေးကောင်. . . မင်းအသက်မငယ်တော့ဘူးလို့ ပြောနေတာကွ၊ ရှူးသလိုလို လုပ်မနေနဲ့"

ကျွန်တော်က စပ်ဖြဲဖြဲနဲ့. . .

"မိန်းမယူတယ်ဆိုတာ ခွေးပြန်တဲ့အလုပ်ပါ ဦးလေးရာ"

"ဟေ့ကောင်. . ဟာ. . ဒီကောင်လေး"

"ဟုတ်တယ်လေ. . . မိန်းမရဲ့ဖျစ်တောက်ဖျစ်တောက် ရတဲ့ သီချင်းတွေရဲ့အောက်မှာ နားပူပြီး ခွေးပြန်တယ် ပြောတာပါ ဦးလေး





ရာ"

ဦးလေးက ပြုံးရင်း. . .

"အဆိုးတွေ့ပြီးရင်လည်း အကောင်းဘက် တစ်လှည့်ပြန်ကြည့်ရတယ် မောင်လွင်. . . ဘာတဲ့"

"အိမ်ထောင်ပြုဘုရားတည်"

"အိမ်ထောင်ကွဲ ဒူးကွဲ ဆေးခန်းမှာ ပြန်ချုပ် ဆိုတာမျိုးလား"

ကျွန်တော့်စကားကြောင့် ဦးလေးမျက်နှာ ရှုံ့မဲ့သွားပါသည်။

"မင်း ငါတို့မရှိရင် ဘယ်လိုလုပ်မလဲ. . . အသက်ကြီးပါပြီတဲ့"

"ဦးလေးက မရှိရအောင် ဘယ်ပျောက်သွားမလို့လဲ"

"ဟေ့ကောင် နောက်ပြောင်မနေနဲ့၊ ငါတို့သေသွားရင် ပြောနေတာ. . . ဒီကောင်တော့ကွာ"

"အခုလည်း ကျွန်တော်တစ်ယောက်ထဲပဲ နေတာပဲ ဦးလေးရယ်၊ ဘာများထူးဆန်းလို့လဲ"

ဦးလေးက သက်ပြင်းချရင်း ပြောရခက်တဲ့ သူ့ရဲ့တူတော်မောင် ကျွန်တော့်ကို စိတ်ပျက်စွာ ကြည့်ပြီး. . .

"ကဲ. . နာမကျန်းဖြစ်ပါပြီတဲ့၊ ကဲ. . . မင်းဘယ်လိုလုပ်မလဲ"

"ဒါများ အလွယ်လေး၊ ဆေးခန်းသွားမှာပေါ့"

ကျွန်တော့်စကားကြောင့် ဦးလေး ကွမ်းတောင် သီးပါတယ်။

"အဟွတ်ဟွတ်. . . ဒီကောင်တော့ အပြောရကျပ်နေပါလား၊ ဘာပဲဖြစ်ဖြစ် မင်း မိန်းမယူဖို့တော့ စဉ်းစားသင့်ပြီ"

"ဦးလေးကလည်း. . . မိန်းမများ အလွယ်ယူလို့ရတယ် မှတ်နေတယ်၊ ဘာလဲ. . . ဆီစာအုပ်ထပ် တန်းစီပြီး ကုမ္ပဏီက ထုတ်ပေးမယ်လို့လား"

ဦးလေးက မျက်မှောင်ကုတ် စဉ်းစားရင်း . . .

"ငါ့အိမ်ဘေးက မတင်မာကြည်ရဲ့သမီး ချိုခိုင်လေးဆိုရင်ရော"

www.burmeseclassic.com



ကျွန်တော်က ခေါင်းခါကာ. . .

"အဲဒီကောင်မလေးက အရုပ်ပုလွန်းအားကြီးပါတယ် ဦးလေး တစ်ချိုးတိစွတွေမှာ သူနဲ့ကျွန်တော် အဆင်ပြေမှာ မဟုတ်ဘူး"

"ဟော့ကောင်. ."

"ဪ. . . ကားစီးရင်ပြောပါတယ်၊ တော်ကြာ ကျွန်တော်က ချိုင်းက မြှောက်ချီပြီး ကားက လက်ကိုင်ကွင်းကို သူခိုဖို့ နေ့တိုင်း ခိုင်းနေ ရရင် ဒုက္ခ"

"ထားပါတော့. . . ဒါဆိုရင်ကွာ. . . လမ်းထိပ်က မဥမ္မာရဲ့ သမီး ကြူထွေးဆိုရင်ရော"

"အဲဒါလည်း မလွယ်ဘူး၊ ကြူထွေးဆိုတဲ့အတိုင်း ကြွေးကထူ မဖြစ်ပါဘူး ဦးလေးရာ"







ဦးလေး ခေါင်းတခါခါ။

"ဒီတစ်ခါတော့ အဆင်ပြေမှာပါ၊ ကိုငြိမ်းအောင်ရဲ့သမီး ချော ချောဆိုရင်တော့ မင်းကြိုက်လောက်ပါတယ်၊ ရုပ်ကလည်း အပြစ်ပြော စရာမရှိ၊ ပညာရေးကလည်း ကောင်း"

"စိတ်မကောင်းစရာက သူက မျက်လုံးလေး မဆိုသလောက် စောင်းချင်နေတယ်၊ တော်ကြာ သူနဲ့ နေရင် မျက်လုံးချင်းဆုံဖို့ ခပ် စောင်းစောင်း နေမှ ဖြစ်မှာ"



"တော်ကွာ. . . မင်းကိုက ချေးများလွန်းပါတယ်၊ ကဲ. . . သွားမနေနဲ့၊ မင်း ဟိုကောင်မလေးပဲ ယူတော့"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေဇင်"

"ဘုရား. . ဘုရား. . အသံကြားရတာနဲ့တင် သွေးတက်ချင်လာပြီ၊ သူနဲ့သာ ယူရင် သေနတ်တို့ တုတ်တို့ ဓါးတို့ကို အိပ်ယာအောက်မှာ ထားမှဖြစ်မယ်"

ဦးလေးက ရယ်သည်။

"စိတ်ကူးမလွဲနဲ့ ငါ့တူ၊ မင်းနဲ့ငွေဇင်နဲ့က လုပ်ငန်းတူ အကြံတူ ဉာဏ်တူ၊ ကောင်မလေးက ထက်ထက်မြက်မြက် စီးပွားအရှာကောင်း။ သူ့အဖေ ကိုတင်ထွန်းနဲ့ မင်းအဖေ ငါ့အစ်ကို ကိုကြီးဘဦးဆိုတာကလည်း သူငယ်ချင်းအရင်းကြီး"

ကျွန်တော် ငွေဇင့်မျက်နှာ မြင်ယောင်ရင်း အဖျားတောင်တက်ချင်နေပါသည်။

"မဖြစ်ပါဘူး ဦးလေးရာ၊ ဒီကောင်မလေးနဲ့ ကျွန်တော်နဲ့ကဖြစ်မှာမဟုတ်ဘူး"

"အရုပ်မပုဘူးလေကွာ"

"ဟင့်အင်း"

"မျက်လုံးမစောင်း အကြွေးမထူပါဘူးကွ"

"ဟင့်အင်း"

ဦးလေး ဘယ်လိုပြောပြော ပြောလို့မရတော့ လက်လျှော့သွားပါသည်။





# အခန်း(၅)

"ဟယ်. . ငွေဇင်တို့ကတော့ ဘယ်အချိန်ကြည့်ကြည့် ချောချို လှပါ့. . ကျက်သရေရှိပါ့နော် ပပ"

အိမ်ပေါ်ကို အပြောလေးနဲ့ ခြေကြွလာတဲ့ မပပနဲ့မစံတို့ရဲ့ လေသံကြောင့် ဒါဟာ ပိုက်ဆံချေးဖို့အတွက် အကြွေးနိဒါန်းစကား ဆိုတာ ငွေဇင် သိလိုက်ပါသည်။

"ဒီလေသံနဲ့ဆို ပိုက်ဆံချေးဖို့တော့ ကျိန်းသေနေပါပြီ၊ ဒါပဲနော် ဟိုအကြွေး မပေးသေးလို့ကတော့ ထပ်ချေးဖို့ကတော့ လုံးဝလုံးဝပဲ"

မပပနဲ့ မစံ တွန့်သွားကြပါသည်။

"ငွေဇင်ကလဲအေ. . . နင့်ဆီ လာရင် ပိုက်ဆံချေးဖို့ပဲ ထင်နေတယ်၊ မဟုတ်ရပါဘူးဟယ်. . . ဒီအချိန် နင် ပျော်နေမှာပဲဆိုပြီး ငါတို့ နှစ်ယောက် အပျင်းပြေ အတင်းလာပြောတယ်ဆိုပါတော့"

"အတင်းဆိုလို့. . . နင်နော်. . . ရပ်ကွက်လူကြီး ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းရဲ့တူမသုံးယောက် အကြီးမ ဘယ်သူ"

"စိုးစိုးလှလေဟာ. . . နင်ကလဲ မေ့တတ်လိုက်တာ"

မပပနဲ့မစံက တွဲဖက်ညီတဲ့ လူရွှင်တော်နှစ်ဦးလို. . . အပို့အထောက်လေးတွေနဲ့ တွဲလုံးညီလွန်းလှပါသည်။

"တုတ်တယ်. . . အဲဒီစိုးစိုးလှက နင့်ဆီ ပိုက်ဆံချေးရင် လွင်ဦးမကောင်းကြောင်း ပြောပြီး နင့်ဆီက ပိုက်ဆံကို စကားရောဖောရောနဲ့ ချေးတာ. . နင် သိပ်မယုံနဲ့ ငွေဇင်၊ မိစံ. . ပြောပြလိုက်ပါဟယ်၊ အာတောင် ခြောက်တယ်၊ ဘယ်သူမှ မရှိဘူးလား ငွေဇင်"

"ဥပုသ်စောင့် သွားကြပြီလေ"

မပပက အဒေါ်ဖနဲ့အမေ အပြင်သွားကြပြီဆိုတော့ မျက်နှာဝင်းလက်သွားပါတယ်။ ပြောပြောဆိုဆို ထရပ်ပြီး နောက်ဖေးဆောင်ဘက် ဆက်လျှောက်သွားကာ. . .

"ဟဲ့. . မပ. . နင်ဘာသောက်အုံးမလဲ"

"ရာသီဥတုက မွှုပ္ပုနဲ့. . . ခရက်ရှာပဲ ယူခဲ့ပါဟယ်၊ ညည်းကတမျှောင့်၊ ဒီလိုဟဲ့ ငွေဇင်၊ နင့်လိုပဲ လွင်ဦးဆီမှာလဲ သူက နင့်မကောင်းကြောင်း ပြောပြီး ပိုက်ဆံချေးတာ"

"ဘာ. . . ဒီကောင်မက ကျွန်မ မကောင်းကြောင်း ပြောပြီး ပိုက်ဆံချေးတယ်"

မစံ လန့်သွားပါသည်။ တော်ကြာ ပြဿနာက သူတို့ဘက် လှည့်လာမှာကို။

"ဟဲ့. . . ငါတို့ ပြောတယ်လို့ မပြောနဲ့နော်၊ နောက်တစ်ခါ အဲဒီကောင်မ သတင်းပျော့ ထပ်မသိရမှာစိုးလို့ဟဲ့"

ငွေဇင် ဒေါပွနေပါသည်။ ကောင်မ. . . ပိုက်ဆံချေးရင်တော့ ငွေဇင်တို့ကလေ. . . ရုပ်ကလေးကလှ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ မျက်နှာကို လျှာနဲ့ ယက်တော့မယ့်အတိုင်း၊ အကြွေးမဆပ်တဲ့သူဆိုရင်





ငါ့ကို ပြောစမ်းပါ ငွေဇင်ရယ်၊ ဦးလေးကို ပြောပြီး ငါရအောင်ယူပေးပါ့မယ်နဲ့၊ မသိရင်တော့ ငွေဇင့်ကို ယုံကြည်ကိုးစားတဲ့ ကျွန်ယုံကြီးလေသံနဲ့။

"သူများအကြောင်း ပြောရတာတော့ မကောင်းပါဘူး၊ အဘိဇ္ဈာ မွားတယ်. . . ရော့"

မပပက အအေးပုလင်းတွေ ဆွဲလာပြီး မိစံရှေ့ တစ်လုံးချပေးပါသည်။

"နင်ဟယ်. . . မြင်ချင်စမ်းပါရဲ့ဟယ်၊ ကိုကြီးလွင်ဦးကို သနားလိုက်တာ၊ တစ်ယောက်ထဲ ချက်ပြုတ်စားသောက်ရတော့ ကသီမှာပဲနော်၊ တို့က လူမြင်မကောင်းမှာစိုးလို့ အောင့်အည်းပြီး နေရတာ၊ ကိုကြီးလွင်ဦးလို သမာဓိချိန်ခွင်. . ဟာ. . ရောကုန်ပြီ၊ သမာဓိ ရှိပြီး သဘောမနောကောင်းတဲ့လူမျိုး မတွေ့ဖူးဘူးလေးဘာလေးနဲ့"

"တောက်. . ."

ငွေဇင်ဒေါသက ကုန်ဈေးနှုန်းလို တရိပ်ရိပ်။

"ရှိပါသေးတယ် ပပရယ်၊ အမှန်က ကိုကြီးလွင်ဦးက အတိုးယူပြီး ပိုက်ဆံချေးတာ မဟုတ်ဘူးတဲ့. . . ကရုဏာကြေးသဘောပါတဲ့၊ အော့. . . ရွံစရာဟယ်၊ ငွေဇင်တို့နဲ့များ ကွာပါ့တဲ့"

"အေး. . . . သိမယ်၊ ငွေဇင်ဆိုတာ ဘာကောင်မလဲ သိမယ်"

ဝုန်းခနဲ ထရပ်ပြီး ထဘီပြင်ဝတ်တော့ မပပတို့ မျက်လုံးပြူးမျက်ဆံပြူးကာ ငွေဇင်ကို လှမ်းတားကြရပါသည်။

"ဟဲ့. . . ဒေါသကို ထိန်းလေ၊ သွားဖြစ်လို့ ဖြစ်ပါ့မလား၊ သူက ဦးအောင်စိန် တူမဟဲ့"

"ဦးအောင်စိန်တွေ ဦးအောင်လိမ်တွေ နားမလည်ဘူး. . . တွေ့မယ်"

"ဩော်. . . ပြောနေရင်း၊ ထိုင်စမ်းပါဦးဟယ် ညည်းကလဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်ဆို ဒေါ်သန္ဓေ ထစ်ခန်ဆို ဒေါ်သဖြစ်တာ နင့်အတွက် မကောင်းဘူး ငွေဇင်၊ တိုယ်က လုပ်ငန်းကြီးကြီးမားမားသမား၊ လူအများနဲ့ ဆက်ဆံရတာ"

မပပ ပါးစပ်ထဲ ရှိသမျှကို တတ်သမျှ မှတ်သမျှ ပြောရသည်။ ငွေဇင်ကဒေါ်သမပြေသေး။ ဒါပေမယ့် ပြဿနာများ ဖြစ်ချင်ရင် ဆီလို အပေါ်ကိုရှာထွက်တယ်ဆိုတာ မှန်ပါ့။ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာက စိုးစိုးလှ။

"ဩော်. . . ဘယ်သူတွေများလဲလို့၊ မပပနဲ့ မစံတို့ပါ ရောက်နေကြတာကိုး၊ ဘယ်သူ့အတင်း. . . အဲလေ. . . အပျင်းပြေ လာတာလား"

မစံ သူတို့ကို စိုးစိုးလှ နှိပ်ကွပ်မှန်း သိတာကြောင့် မျက်နှာပျက်သွားပါသည်။

ဒါပေမယ့် ငွေဇင် ရှိနေတာကြောင့်. . .

"အပျင်းပြေပေါ့အေ. . . ဒါနဲ့ ညည်းကို မနက်ဈေးထိပ်မှာ လွင်ဦးနဲ့ ရပ်စကားပြောနေတာ တွေ့လိုက်ပါတယ်"

မပပ စကားကြောင့် စိုးစိုးလှ မျက်နှာပျက်သွားရင်း ငွေဇင်ကို ဖျတ်ခနဲ ကြည့်လိုက်တော့ ငွေဇင် မဲ့ပြုံးပြုံးရင်း. . .

"ဟဲ့. . . စိုးလှ၊ ဒီနေ့ ငါ့အိမ်မှာ ငါတစ်ယောက်တည်း၊ နင် ငါ့စားဖို့ ထမင်းဟင်း သွားချက်ပါလား"

ငွေဇင်ရဲ့တင်တင်စီးစီးစကားကြောင့် စိုးစိုးလှဒေါ်သက ငုတ်ခနဲ ထထိုင်ကာ. . .

"အောင်မာ. . . ငါက နင့်ကို ဘာလို့ ချက်ပြုတ်ပေးရမှာလဲ၊ စကားကိုက အကြောကြီးနဲ့"

"ဟဲ့. . . နင်ပဲ တစ်ချို့လူတွေဆိုရင် ကိုကြီးကို သနားလိုက်တာ၊ တစ်ယောက်ထဲ ချက်ပြုတ်ရတော့ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့"





ဒီလောက်ဆို စိုးစိုးလှ သိလိုက်ပြီ၊ ဘယ်သူ့လက်ချက်လဲ ဆိုတာ။

"လက်စသတ်တော့ အသားထဲက လောက်ထွက်တာကိုး၊ ဒီမှာ မပပနဲ့မစံ. . . ရှင်တို့က ဖက်ဆစ်အလိုတော်ရိတွေကိုး"

စိုးစိုးလှက ညက ကြည့်ထားတဲ့ သီဟတင်စိုးကားထဲက လေသံနဲ့ ပြောတော့ မစံက နှာခေါင်းရှုံ့ ခေါင်းခါရင်း. . .

"နေပါဦး. . . ညည်းက. . . မဆီမဆိုင် ကျုပ်တို့ကို ဘာလို့ ဆွဲထည့်နေတာလဲ၊ အိုးမလုံ အုန်းခနဲ မပွင့်နဲ့"

ငွေဇင်ကလည်း တစ်စခန်း ထပါသည်။

"ဟဲ့. . . ငါ့ဘာသာ အတိုးလိုချင်လို့ ငွေချေးစားတာဟဲ့၊ နင့်လို လူများပိုက်ဆံကို အလကား လိုချင်ပြီး ကပ်ပါးရပ်ပါး လုပ်နေတာ မဟုတ်ဘူးဟဲ့ ကြာကူလီ အခါတစ်ရာမရဲ့"

"ဘာ. . . ညည်း ကျုပ်ကို ပြောတယ်. . . ကဲဟယ်"

စိုးစိုးလှ စိတ်မထိန်းနိုင်တော့ဘဲ ဘေးနားက ဆေးဘူးနဲ့ ကောက်ပေါက်သည်။ ငွေဇင် အတိုးသမားတို့ရဲ့သတိနဲ့ ဖျတ်ခနဲ ရှောင်ပြီး အနီးက ဖန်ခွက်ကောက်ကိုင်ကာ. . .

"ဩော်. . . နင်က ငါ့အိမ်တက်ပြီး ငါ့ကို စော်ကားတယ်ပေါ့၊ ကဲဟယ်"

"အောင်မလေးတော့. . . ကျွန်မကို ဝိုင်းပြီးအနိုင်ကျင့်တယ်၊ အဲလေ. . . ဝိုင်းပြီးပက်နေကြပါတယ်တော့. . . အီဟီ. . ဟီးဟီး"

စိုးစိုးလှရဲ့ အော်လံနဲ့ တူတဲ့ ပါးစပ်ကြောင့် အိမ်နီးချင်းတွေ ရောက်လာပြီး ဝိုင်းဆွဲသူကဆွဲ၊ ရပ်ကြည့်သူက ရပ်ကြည့်၊ ရယ်သူက ရယ်နေကြပြီး ခဏချင်း စည်ကားသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

"ဟာ. . . လွင်ကြီး မလာစဖူး အလာထူးလို့ပါလား. . . ကစ်ဝ လို့လား"

"မသောက်တော့ပါဘူး ကလမက်ရာ. . . ကိစ္စလေး ရှိလို့"

ကလမက်က ကောင်တာမှာ ယပ်တောင်တစ်ချောင်းနဲ့ အေး အေးလူလူ နှုတ်ဆက်ပါသည်။

"ဘာလဲ. . . အကြွေးကိစ္စလား"

"အေး. . . မင်းဆိုင် မောင်စန်း လာလား"

ကျွန်တော့်အမေးကြောင့် ကလမက်က မေးငေါ့ပြသည်။

"ဟိုမှာလေ. . . တင်ဦးသန်းနဲ့ မနက်ထဲက ဖောက်နေတာ ဒီကောင် ဘယ်က ပွပေါက်တိုးလာလဲ မသိဘူး"

"အေး. . . ငါသွားတွေ့လိုက်ဦးမယ်"





ကျွန်တော်. . ကလမက်ကို ပြောပြီး မောင်စန်းတို့ဝိုင်းဆီ လျှောက်လာပါသည်။ ကျွန်တော့်ကို မြင်တော့ တင်ဦးသန်းတို့ အတူ ထိုင်နေတဲ့ ကိုကျော်စွာက နှုတ်ဆက်သည်။

"လာ. . . လွင်ကြီး. . . လာသောက်ကွာ"

"တော်ပါပြီကွာ. . . အစောကြီး ရှိသေးတယ်"

ပြောလည်းပြော၊ ကျွန်တော် ဝင်ထိုင်ပါသည်။ မောင်စန်းက ကျွန်တော့်ကို မြင်တော့. . .

"ကိုကြီးလွင်ဦး ဖျောက်ချက်သား ကောင်းနေပါလား"

"ဟော့ကောင်. . . ဖျောက်ချက်သားကောင်းနေတာ မင်းကွ၊ မင်း အတိုးရော အရင်းရော ပေးရမယ့်ရက် ကျော်နေပြီ၊ ပေး အခု"

"ဟုတ်သားပဲ. . . မေ့နေလို့"

"လုပ်. . လုပ်. . ငါသွားစရာ ရှိသေးတယ်၊ ဘယ်လိုကောင် တွေမှန်း မသိဘူးကွာ"

ကျွန်တော် စိတ်တိုတိုနဲ့ ပြောတော့. . .

"ပေးပါ့မယ်ဗျ. . . တစ်ခွက်နှစ်ခွက်လောက် သောက်ပြီးရင် ကျွန်တော်ပေးမယ်ဗျာ"

"ဟာ. . . ငါမှ မသောက်ချင်တာ"

မောင်စန်းက စရစ်ပါပြီ။

"နိုးနိုး. . . ဒီလိုမလုပ်နဲ့လေ၊ ကိုကြီးလွင်ဦး တစ်ခွက် နှစ်ခွက် လောက် မသောက်ရင် အတိုးရော အရင်းရော မပေးနိုင်ဘူး"

တင်ဦးသန်းက စိတ်ရှုပ်ဟန်နှင့်. . .

"မောင်စန်းက စရစ်ပြီကွာ၊ ပိုက်ဆံမရှိလို့သာ သူ့အရက်ကို သောက်ရတာ၊ နားထဲကို ဝက်အူရစ်နဲ့ အရစ်သွင်းခံရသလိုပဲ"

ကျွန်တော် နည်းနည်းတော့ တင်းသွားပါသည်။

"မောင်စန်း. . . မင်း ငါသောက်ရင် ငါ့အကြွေးပြန်ဆပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လား"

မောင်စန်းက အချိုးမပြေတဲ့မျက်နှာနဲ့. . .

"ရက်စ်. . . ပေးမယ်"

"ပြီးရောလေ"

ကျွန်တော် ဒီကောင့်ရှေ့က အရက်ခွက်ကို ယူမော့လိုက်သည်။ ကိုကျော်စွာ မျက်လုံးပြူး မျက်ဆံပြူးနဲ့. . .

"ဟေ့ကောင် ဖြည်းဖြည်းသောက်လေ. . . ရေသောက်ပါဦး လား"

ကျွန်တော် မျက်နှာမဲ့ရှုံ့ရင်း အမြည်းတစ်ဖတ်ကို ယူစားလိုက် တော့. . .

"ဟေ့ကောင် မောင်စန်း၊ ငါ့ခွက်ထဲ မင်းအရက်ထည့်ပေး"

"ဟာ. . . ထည့်ပေးရမှာပေါ့"

မောင်စန်းက ကျေကျေနပ်နပ်နဲ့ အရက်ဖြည့်ပေးသည်။ တင် ဦးသန်းနဲ့ ကိုကျော်စွာက မျက်လုံးပြူးနေသည်။

ကျွန်တော်၏ဒုတိယမြောက်ခွက်ကို ဒုတိယအကြိမ် တစ်ရှိန်ထိုး မော့သောက်လိုက်ရင်း ဆေးလိပ်တစ်လိပ် ကောက်ယူကာ ကောင်တာ မှာ မီးသွားညှိတော့ ကလမက်က. . .

"ဟေ့ကောင် လွင်ကြီး. . . ငါကြည့်နေတယ်၊ တော်လှချည် လားကွ"

ကျွန်တော် မီးညှိပြီး ကလမက်ကို တဲ့တိုးပြောလိုက်ပါသည်။

"အသာနေ ကလမက်၊ ဒီကောင်ကို ငါပညာပြန်ပေးပြမယ်"

ကလမက်က လိုက်ရယ်သည်။ ကျွန်တော် ခပ်ထွေထွေနဲ့ ပြန် လျှောက်လာပြီး ကျွန်တော် သောက်ထားတဲ့ခွက်ကို ကြည့်ကာ. . .

"ဟာ. . . မောင်စန်း၊ မင်း ငါ့အရက်ခွက်ကို ယူသောက်လိုက် လား"





မောင်စန်း မျက်လုံးပြူးသွားရင်း. . .

"ဟာ. . . ကိုကြီးလွင်ဦးက ရစ်ပြီ၊ ခုနပဲ ကိုကြီးလွင်ဦး သောက် ပြီး မီးသွားညှိတာလေ"

"မင်း ငါ့ကို မလိမ်နဲ့၊ ငါ့အရက်ကို ခိုးသောက်တာ သေချာ တယ်"

တင်ဦးသန်းက ဝင်ဖြန်ဖြေသည်။

"မဟုတ်ပါဘူး ကိုလွင်ဦးရာ၊ ကိုလွင်ဦးပဲ သောက်သွားတာပါ"

"ဩော်. . . ဟုတ်လား၊ ဟေ့ကောင် မောင်စန်း. . . အမြည်း ထပ်မှာကွာ"

မောင်စန်းက အင်တင်တင်နဲ့. . .

"အမြည်းဖိုးက ကိုကြီးလွင်ဦး ပေးမှာလား"

"ဘာကွ"

"ဘုန်း"

ကျွန်တော် လက်ဝါးနဲ့ ခုံကို ပုတ်လိုက်တော့ ဘေးဝိုင်းက လူ တွေတောင် လန့်သွားသည်။ ကလမက်က ရုပ်တည်နဲ့ ကောင်တာမှ လှမ်းအော်သည်။

"မောင်စန်း. . . မူးနေရင် အေးအေးဆေးဆေး နေနော်. . . ရိုင်းလာမရာနဲ့၊ ကလမက်ကွ. . . နှံ့သာဖြူ မဟုတ်ဘူး"

မောင်စန်း ငိုသံကြီးနဲ့ လှမ်းပြောပါသည်။

"ကျွန်တော် ရစ်တာမဟုတ်ဘူးဗျ၊ သိလည်း မသိဘဲနဲ့"

ကျွန်တော်. . မောင်စန်းရင်ဘတ်က အင်္ကျီကို ဆုပ်ကိုင်လိုက် ပြီး. . .

"ဩော်. . . မင်းရစ်တာတော့ မင်း မသိဘူးလား"

"ကျွန်တော်က ဘာရစ်လို့လဲ ကိုကြီးလွင်ဦးရယ်"

"မင်းက အရက်တော့ တိုက်ပြီး အမြည်းမစားနဲ့ဆိုတော့ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာမဟုတ်လို့ ဘာလဲ၊ ပေးစမ်း ငါ့ပိုက်ဆံ"

"ဟိုး . . မပြည့်တော့ဘူး၊ လိုတာ မှတ်ထားနော်"

"ဘာကွ . . . ကဲကွာ"

"ဖောင်း"

"အား"

ကျွန်တော့်အားနဲ့ နားသယ်ကို ပိတ်ရိုက်လိုက်တော့ ဒီကောင်မူးတဲ့အရှိန်နဲ့ လည်ကျပြီး စားပွဲခုံနဲ့ ရိုက်သလို ဖြစ်သွားသည်။





# အခန်း(၇)

"ခင်ဗျားတို့ မရှက်ကြဘူးလား"

ရပ်ကွက်ရုံးခန်းထဲ ရောက်တော့ ရောက်ရောက်ချင်း ဆိုသလို ရပ်ကွက်လူကြီး ဦးအောင်စိန်က အခုလို ပြောသည်။

"ရှက်ရအောင် ကျုပ်က ဖင်လှန်ပြီး လျှောက်သွားနေလို့လား"

"အေးလေ"

ငွေဇင်ကလည်း ကျုပ်အဆိုကို ထောက်ခံပါတယ်။

"ဘာ . . . မင်းတို့ ငါ့ကိုစော်ကားနေတာလား"

ဦးအောင်စိန် မျက်နှာကြီး နီရဲပြီး ဒေါသတွေ မီးလို လင်းထိန်လာပါသည်။

"ဦးလေးရယ် . . . ယောကျ်ားအချင်းချင်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တခွီးခွီး ရယ်သံတွေ ကြားရသည်။ အတွင်းရေးမှူးဖြစ်တဲ့ ကိုဝင်းလွင်တောင် ဦးအောင်စိန် ဒေါသဖြစ်မှာစိုးလို့ မရယ်ရဲပေမယ့် ရယ်ချင်လွန်းအားကြီးလို့ နှာခေါင်းကြီး ရှုံ့ပွလာသည်။

"ဟော့ကောင်. . . လွင်ဦး"

"ပြောပါ ဉက္ကဋ္ဌ"

"မင်းလုပ်ရပ်တွေ ရပ်တန်းက ရပ်တော့နော်"

"ကျွန်တော် ဘာတွေများ လုပ်ခဲ့လို့လဲ ဉက္ကဋ္ဌကြီးရယ်"

ပြောသာပြောရတာ။ ဉက္ကဋ္ဌက လွင်ဦးလုပ်ရပ်ကို ဘာမှန်းမသိ။ တူမတော် အကြီးအကဲ စိုးစိုးလှ ထိလို့သာ အမျိုးထိတော့ မခိုစာင်ကဲ ဖြစ်ပေမယ့် ဘာပြောလို့ပြောရမှန်း မသိတာကြောင့်. . .

"မင်း အတိုးပေးစားတဲ့ကိစ္စကို ငါပြောနေတာ၊ အေး. . . ဥပဒေအရဆိုရင် မင်းတို့ အတိုးကိစ္စဆိုတာ ဘောင်မဝင်ဘူး၊ မင်းတို့ နှစ်ယောက်လုံး သိလား"

"ဩော်. . . ဘောင်ဝင်အောင် ဥပဒေစာအုပ်ကို မှန်ဘောင်လေးနဲ့ သိမ်းထားရမှာလား ဉက္ကဋ္ဌ"

သဘောရိုးနဲ့ လွင်ဦးပြောပေမယ့် ဉက္ကဋ္ဌခမျာ အုတ်ခဲနဲ့ ခေါင်းကို အထုခံရသလို စိမ့်သွားသည်။

"မင်းကွာ. . . ပြောလေကဲလေပါလား၊ မင်းပြစ်မှုတွေက ကြီးလာပြီနော်"

"ဘယ်လောက်ကြီးလဲဟင်"

"ဟော့ကောင်"

လွင်ဦး လက်အုပ်လေး ချီပြီး. . .

"ကန်တော့. . ကန်တော့. . ဉက္ကဋ္ဌကို မခန့်လေးစား လုပ်တာမဟုတ်ဘူး"

ဦးအောင်စိန် ရှူသိုးသိုးနဲ့. . .





"ဒါဆို မင်းက မလေးမခန့် လုပ်တာပေါ့"

ငွေဇင် ခေါင်းငုံ့ပြီး ရယ်သည်။

"မဟုတ်ရပါဘူး ဉက္ကဋ္ဌရယ်၊ အခုဖြစ်တဲ့ကိစ္စကလည်း အတိုးတောင်းတာကို ကျွန်တော် အရက်သောက်မှ ပေးမယ်လို့ ဒီကောင်ရစ်နေတာ၊ သောက်ပြန်တော့လည်း အရက်ပဲ တိုက်မယ်. . . အမြည်းမကျွေးဘူးတဲ့၊ ဉက္ကဋ္ဌပဲ စဉ်းစားကြည့်လေ"

ဉက္ကဋ္ဌကလည်း ခွက်ပုန်းသမား၊ လွင်ဦး သိသည်။ နဖူး ပလာစတာ ကပ်ထားတဲ့မောင်စန်း ဉက္ကဋ္ဌကို ကြည့်ကာ. .

"ဟို. . ဟို. . ကျွန်တော်ပြောပြမယ် ဉက္ကဋ္ဌ"

ဉက္ကဋ္ဌ မောင်စန်းကို လက်ညှိုးငေါက်ငေါက်ထိုးပြီး. . .

"ဟော့ကောင်. . . မင်းလုပ်ပုံက ကောင်းလား၊ ဒါဟာ အရက်သမားထုကြီးကို စော်ကားတာပဲ၊ ဒီကိစ္စကို အရက်သောက်သုံးသူများအသင်းက မိလို့ကတော့ တွဲဖက်စားသုံးမှုပုဒ်မကို ဖီလာဆန့်ကျင်မှုနဲ့ မင်းကို အရေးယူမှာ မင်းမသိဘူးလား"

"သိပါဘူး. . . အင်း. . . သိသလိုပါပဲ ဉက္ကဋ္ဌ"

ဉက္ကဋ္ဌ ရင်ကော့ ခေါင်းမော့ရင်း ကျေနပ်သလိုလိုနဲ့. . .

"အေး. . . ငါပြောမယ်၊ နာကျင်ထိခိုက်မှုအတွက် မောင်စန်းပေးရမယ့်အကြွေးနဲ့ အတိုးပေးရမယ့် ငွေသားငါးထောင်ကို နစ်နာကြေးအဖြစ် လွင်ဦးက လျှော်လိုက်"

"ကောင်းပါ့မလား ဉက္ကဋ္ဌရယ်"

လွင်ဦး နှမြောတသနဲ့ ပြောတော့. . .

"ဟော့ကောင်. . . လူကြီးပြောနေတာ လူကြီးစကားကွ၊ ကဲ. . ဒီကောင်မလေး"

ငွေဇင်ဘက် လှည့်ပြောတော့. . .

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦး အခွင့်အရေးရတုန်း ဉက္ကဋ္ဌကို ပြောမိပါသည်။

"ကျွန်တော်တို့ ပြန်လို့ရပြီလား ဉက္ကဋ္ဌ"

"မောင်စန်း. . . မင်းပြန်လို့ရပြီ၊ လွင်ဦး. . . မင်းအမှု မပြီးသေးဘူး. . . ထိုင်ဦး"

"ဟာဗျာ. . . သူတို့ ရန်ဖြစ်တာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ ဉက္ကဋ္ဌရယ်"

ငွေဇင်က စိုးစိုးလှကို ကြည့်သည်။ စိုးစိုးလှက မျက်စောင်းထိုးတော့ ငွေဇင်က နှာခေါင်းရှုံ့သည်။

"ဟဲ့. . . နင်တို့က အခုထိ အချီမပြေသေးဘူးလား၊ ငါထလုပ်လိုက်ရရင် မကောင်းတော့ဘူး"

ငွေဇင်နဲ့စိုးစိုးလှတို့ ခေါင်းတွေ ပုသွားကြပါသည်။

"ကဲ. . . ပြောကြစမ်း ငွေဇင်၊ ညည်းက စိုးစိုးလှကို ဖန်ခွက်နဲ့ ထုတယ်ဆို"

ငွေဇင်. . မပပနဲ့မစံကို ကြည့်ကာ မစံက အသာလက်ကုတ်သည်။ ပြောပေါ့. . . ။

"သမီးကို သူက အရင် ဆေးဘူးကြီးနဲ့ အားကုန်ပစ်ပေါက်တာ"

စိုးစိုးလှက ကမန်းကတန်းနဲ့. . .

"ဦးလေး. . . သမီးပစ်ပေါက်တာ လက်ညှိုးလောက် ရှိတဲ့ ဆေးဘူးလေးနဲ့ပါ"

ငွေဇင်ရဲ့စကားအသွားအလာက အမှုမပြောက်ပြောက်အောင် ကျုံးသွင်းနေတာကြောင့် လွင်ဦး ရယ်မိတော့ ငွေဇင်က မျက်စောင်းထိုးသည်။

"ကဲ. . . နင်တို့ ပြဿနာဖြစ်ကြတာကို ငါ့ကို အစအဆုံး ပြောကြစမ်း"

"သူက သမီးကို စွပ်စွဲ. . "



"မဟုတ်ဘူး ဉက္ကဋ္ဌကြီး. . . သမီးအတင်း. . . "

ဉက္ကဋ္ဌ အလုအယက် ပြောနေကြတဲ့ ငွေဇင်နဲ့ စိုးစိုးလှကြောင့် စားပွဲကို ရိုက်ပုတ်ပြီး. . .

"တော်ကြစမ်း"

ဘေးက အတွင်းရေးမှူး ကိုဝင်းလွင်က ကပ်ပြီး တိုးတိုးပြောသည်။

"စားပွဲခုံကို မပုတ်နဲ့၊ တော်ကြာ အမှုတွေ ထပ်လာနေဦးမယ်"

ဘေးက တခွီခွီ ရယ်ကြလို့ ဉက္ကဋ္ဌ အောင့်သက်သက် ဖြစ်သွားသည်။

ဒါပေမယ့် ဉက္ကဋ္ဌ ဆိုတော့လည်း. . .

"ငွေဇင်. . . ညည်းအရင်ပြောစမ်း"

"ဒီလို ဉက္ကဋ္ဌရေ၊ ကဲ. . မပပ၊ ရှင်ပဲ ပြောတော့"

ဉက္ကဋ္ဌ ကြောင်တောင်တောင် ဖြစ်သွားရရှာပါသည်။ စိုးစိုးလှက တစ်စခန်း ထပါသည်။

"သြော်. . . အသားထဲက လောက်ထွက်တာ ဒါပေါ့"

စိုးစိုးလှစကားကြောင့် မပပက ဉက္ကဋ္ဌ တိုင်ပါတော့သည်။

"တွေ့လား ဉက္ကဋ္ဌ၊ ကျွန်မကို လောက်နဲ့ နှိုင်းနေတယ်"

ဉက္ကဋ္ဌ ခေါင်းခြောက်ချင်သလို ဖြစ်ရရှာပါသည်။

"ဟဲ့. . . စိုးစိုးလှ နင့်ပါးစပ်ပိတ်စမ်း၊ ကဲ. . ပပ၊ နင်ဝ ပြောစရာရှိတာပြော"

"ဟုတ်ကဲ့. . ဒီလိုပါ. . ဟိုလိုက. . "

"ဟဲ့. . . ငါထဆော်လိုက်ရရင်တော့. . . "

မပပ မျက်နှာငယ်လေးနဲ့ လက်အုပ်လေး ချီ

"ကန်တော့. . ကန်တော့. . ဒီ. . အဲ. .

နေ့သွားတုန်း စိုးစိုးလှ လွင်ဦးနဲ့ စကားပြောနေ

www.burmeseclassic.com



"ဗုဒ္ဓေါ"

လွှင်ဦး . . ဘုရားရေလို့ တ,မိမတတ် ခေါင်းနားပန်းကြီးသွားရပါသည်။

"စိုးစိုးလှုဆိုတာ ဘယ်လိုမျိုးရိုးက ဆင်းသက်လာမှန်း မသိအောင်ကို စကားကိုက ဗလောင်းဗလဲ. . ."

"တိတ်စမ်း. . . မဆိုင်တာ မပြောနဲ့"

ဥက္ကဋ္ဌ ခုံစားပွဲကို ရိုက်မယ်လုပ်ပြီးမှ အတွင်းရေးမှူး ကိုဝင်းလွှင်ကို ကြည့်ကာ ခုံကို ရိုက်ရမလိုလို မရိုက်ရမလိုဖြစ်ကာ ဘာမှမဆိုင်ဘဲ အိတ်ထဲက ဆေးလိပ်ကို ထုတ်ပြီးသောက်မယ် လုပ်သည်။ ကိုဝင်းလွှင်က လက်ကုတ်ပြီး နံရံက စာတမ်းကို ပြသည်။

'ရုံးခန်းထဲ ဆေးလိပ်မသောက်ရ' တဲ့။

ဥက္ကဋ္ဌမျက်နှာက မအီမလည်။ လူတွေကတော့ ပြုံးစေ့စေ့။

"ပြီးတော့ ကိုလွှင်ဦးကို. . ဟို. . ပြောလို့မကောင်းပါဘူးရှင်"

လွှင်ဦး ဆံပင်မွှေးတွေ ထောင်ထမတတ်ပါပဲ။ ပပတော့ သူ့ကို ဂိတ်ဆံမချေးတဲ့အညှီးတွေနဲ့ ဒုက္ခပေးပြီဆိုတာ သိလိုက်ပါပြီ။ စိုးစိုးလှု

ဘာပြောလို့ပြောရမှန်း မသိအောင် အိုးတိုးအမ်းတမ်း

မျက်နှာကြီး နီရဲကာ သူ့တူမတော်

ံမှာ အရှက်ခွဲတယ်

းဖျောင်းဖျရပါတယ်။

လူကြီးပဲ ဥက္ကဋ္ဌရယ်"

ဒါသမဖြစ်လို့ ရမလား

ရုံသာမက အတင်းကို တွန်





ချနေပါသည်။

"ကိုယ်က အပျိုလေးလေ. . . စည်းစောင့်ရမှာပေါ့၊ အခုတော့ လာပါ. . လာပါ. . ခေါ်နေသလို"

"မစံ. . . ရှင် မိုက်ရိုင်းလှချည်လား"

စိုးစိုးလှု ဒေါ်တွေပွကာ မစံကို တွန်းထိုးရိုက်ပုတ်ဖို့ မတ်တတ်ရပ်တော့ ဘေးနားက စိုးစိုးလှုရဲ့ညီမတွေက ဝိုင်းထိန်းထားရသည်။ မစံကလည်း မစံ။

"ဟဲ့. . . မဟုတ်ရင် မနာနဲ့၊ ဟုတ်ရင်နာ"

"ကျွန်မက ဘာလို့ နာရမှာလဲ"

"ဟဲ့. . . လွှင်ဦးကို မေးကြည့်ပေါ့"

ဥက္ကဋ္ဌလည်း မစံ စကားကြောင့် ထင်ရာမြင်ရာတွေ တွေးကာ

"လွှင်ဦး. . . မင်း စိုးစိုးလှုကို နာအောင် ဘာသွားလုပ်လဲ"

"မသိဘူးလေ ဥက္ကဋ္ဌ၊ စိုးစိုးလှုကို မေးကြည့်ပေါ့"

ဂျာအေးကို သူ့အမေရိုက်နေတဲ့ ဒီအမှုကို ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ကိုဝင်းလွှင်က အချိန်မီ ထိန်းသိမ်းဖြန်ဖြေခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

"**အ**လှူအတန်းဆိုတာ ရာဇူတို့ ဘုရားလောင်း ကုလားကြီး ဖြစ်စဉ်ကတည်းက"

ဦးရာဇူ အိန္ဒိယ လေသံနဲ့ တရားနိဒါန်းကြောင့် ဦးငွေရက သွန်းသတိပေးရပါသည်။

"ဟေ့လူ. . . ဘုရားလောင်းက ကုလားကြီး ဘယ်လိုဖြစ်ရတာလဲ"

ဦးရာဇူက နီရဲနေတဲ့သွားတွေ ပေါ်အောင် ရယ်ပြကာ. . .

"ဘုရားက နီပေါမှာ ပွင့်တာလေ၊ ကုလားမဖြစ်လို့ ဘာဖြစ်ရမှာလဲ"

ဦးငွေရ အောင့်သက်သက်နဲ့ ငြိမ်နေလိုက်ရသည်။ ဦးရာဇူက





တော့ အိန္ဒိယလေနဲ့ လေလှိုင်းသံကတဆင့် သူ့အာဘော်ကို ဆက်သွယ်နေဆဲ။

"ဘုရားလောင်း ကုလားကြီး ဖြစ်စဉ်ကတည်းက အလှူရေစက်ဆက်နှင့်မကွာသလို လှူဒါန်းမှုနဲ့ ကျော်ကြားခဲ့တဲ့သတင်း မဆလာရနံ့လို့ ထုံသင်းအီစွပ်ခဲ့တာ ဘယာကြော်တန်းကအစ ဟရေး သိခဲ့ကြတယ်ဗျ"

"ဟေ့လူ. . . အီစွပ်က ဘယ်က ကုလားပဲဗျ"

ဦးရာဇူက အရှိန်ရတုန်း ဦးငွေရရဲ့ကြားဖြတ်မေးခွန်းကြောင့် လည်လည် ဖြစ်သွားကာ. . .

"ကိုငွေရ. . . အီစွပ်ဆိုတာ တုလားမဟုတ်ဘူး၊ ထုံသင်းမွှေးကြိုင်နေတာ ပြောတာ"

အဲဒီအချိန်မှာ ဦးအဟုတ် ဝင်လာသည်။ ပြီးတော့ ဦးငွေရ အမှာ ဝင်ထိုင်ကာ. . .

"ဘာတွေ ဖြစ်နေကြတာလဲဗျ"

ဦးငွေရ ဦးအဟုတ်ရောက်လာတော့ အားကိုးရသွားသည်။

"ဒီမှာဗျာ. . . ဘာတရားတွေ ဟောမှန်း မသိပါဘူး၊ အီစွပ်တွေရော ဘယာကြော်တွေရော ရှုပ်နေတာပဲ"

ဦးရာဇူ မကျေမနပ်နဲ့ ဦးငွေရကို အခုလို ကြည့်ပါတယ်။

"ကျုပ်တို့လူမျိုးတွေအတွက် ကျုပ်က ရဲရဲဝံ့ဝံ့ တရားဟောတာ ခင်ဗျားလူမျိုးတွေအတွက် ခင်ဗျားကြိုက်သလို ဟောပေါ့ဗျ"

ဦးအဟုတ်မျက်နှာ ဝင်းလက်သွားကာ. .

"ပေး. . ကျုပ်အလှည့်၊ ကျုပ်ဟောမယ်"

ဘိုးခနဲ ဘက်ခနဲ ဦးအဟုတ် ဦးရာဇူလက်ထဲက မိုက်ကရိုဖုန်း ထိုးခွဲလိုက်တော့ ဦးရာဇူ အငိုက်မိသွားပါတယ်။ ဒါတောင် မကျေနပ်နဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ. . . တိုအဟုတ်၊ ခင်ဗျား ဆယ့်ငါးမိနစ် ဟောနော်၊ ငြောင် ကျော်အလှည့်"

"ကြားမဖြတ်နဲ့နော်. . . အလှည့်ကျပဲ"

ဦးအဟုတ် တဟဲဟဲနဲ့ အခုလို တရားစဟောပါသည်။

"ဝတို့ဘုရား ရေခဲတောင်ကြာပွင့် စားလိုက်သလို တန်ခိုးနဲ့ အာနုဘော်ကို ပြုပြင်ဖက်မဲ့ မေးသမားလို ရလိုက်သောအခါ. . ."

တစ်နာရီအတွင်းမှာ ရပ်ကွက်တစ်ခုလုံး တရားပေါင်းစုံကို တစ်ထိုင်တည်း နာလိုက်ကြရသည်။ မဆလာနဲ့ချာပါတီ၊ နို့ဆွမ်းနဲ့ပဲဟင်းချင့်စဉ်အမှတ်(၉) အရိပ်မဲ့တရား၊ ဘုရားဆွမ်းဘုဉ်းပေးတဲ့ပေါက်စီပြီးတော့ ဦးငွေရရဲ့အားကျမခံ 'နှစ်ထိပ်စီးနဲ့ ငြိမ်နေတဲ့ ဆယ့်နှစ်နာရီ အမည်ရ တရားတော်၊ နောက်ဆုံးတော့ ရပ်ကွက်က သံဃာတော်တွေနဲ့ ရပ်တွက်လူကြီးတွေ ရောက်လာပြီး ဆုပ္ပငေါက်ငမ်းမှု တရားပွဲကြီးတပြီးဆုံးသွားခဲ့တော့သည်။





# အခန်း(၉)

"ဘာတွေ ဝယ်နေကြတာလဲဗျ"

ဈေးထဲမှာ ဈေးခြင်းတောင်းတစ်လုံးနဲ့. . . မဝယ်ဘဲ ဟိုကြည့်ဒီကြည့်နဲ့ ကြည့်နေတဲ့ လွင်ဦးကို ကုန်စိမ်းသည် ကိုနေမင်းက မုန်လာဥနဲ့ နံနံပင်တွေကို ရေဖြန်းနေရင်းက လှမ်းမေးသည်။ လွင်ဦး ကိုနေမင်းက လှမ်းစနောက်မီပါသည်။

"ဟော့လူ. . . ခင်ဗျား ကုန်စိမ်းတွေနား သွားမကပ်နဲ့၊ နေမင်းကြောင့် ကုန်စိမ်းတွေ ခြောက်သွားဦးမယ်"

ကိုနေမင်း သဘောကျပြီး တဟားဟား ရယ်သည်။

"တစ်ယောက်ထဲပဲဗျာ. . . ချိုင့်ဆွဲစား ပြီးရော"

ကိုနေမင်းစကားကြောင့် သူရယ်သည်။ ကျွန်တော့်ရယ်သံ

www.burmeseclassic.com



ကြောင့် ခပ်လှမ်းလှမ်းက ဘဲဥဆိုင်မှာ ဘဲဥဝယ်နေတဲ့ငွေဇင်က ဘယ်
ထင်သည်မသိ။ နှုတ်ခမ်းကိုက်ရင်း မျက်စောင်းထိုးကြည့်သည်။ သူ နည်
နည်း တလိချင်တာနှင့်. . .

"တစ်ယောက်ထဲဆိုပေမယ့် ကိုယ်ရထားတာတွေက ကိုယ်
ရင် တိုယ့်နောက်ပါတာ မဟုတ်ဘူး ကိုနေမင်းရေ"

ကိုနေမင်း. . ကျွန်တော် ဘယ်သူ့ကို ရည်ရွယ်မှန်း သိ
ကြောင့် ငွေဇင်ကို လှမ်းကြည့်ရင်း ကြိတ်ရယ်သည်။

"အာဟာရလဲဖြစ် အသားလည်းဖြစ်အောင်တော့ စားရမှာပဲ
ပိုက်ဆံတွေ စွတ်စက်ရှာပြီး ဘဲဥပြုတ်တစ်လုံးနဲ့တော့ မတင်းတိမ်နိုင်
ဗျို့"

ငွေဇင် သူ့ကို တမင်ရည်ရွယ်မှန်းလည်း သိပါသည်။ ဒီထ
ဆိုးတာက သူ့ရဲ့ဖောက်သည်လည်းဖြစ်တဲ့ ဘဲဥသည် ဒေါ်ပုလုံးက. .

"ဟဲ့ ငွေဇင်. . . ဒါ နင့်ကို သက်သက်စောင်းပြောတာဟဲ့. .
သိလား"

ငွေဇင်တို့က အဲဒီလို လာကျောလို့ကတော့ နည်းနည်းမှ သ
ညည်းခံတတ်တဲ့ အမျိုးအစားထဲက မဟုတ်။ သူ့ရဲ့စွာကျယ်စွာတ
လေသံနဲ့ ကီးနည်းနည်းမြှင့်ကာ. . .

"တစ်ချို့လူတွေများ အံ့သြပ့ါ ဒေါ်ပုလုံးရေ"

"ဟဲ့. . . ဘာများလဲ ငွေဇင်ရဲ့"

ဒေါ်ပုလုံးတို့ကလည်း လူတစ်ယောက် စောင်းမြောင်းထို
ခိုက်တာ ဝါသနာ။

"ဩော်. . . ပြောလိုက်ရင် လေကြီးလေကျယ်နဲ့၊ ကြက်
ဟင်း ဘာဟင်းညာဟင်းနဲ့ အိမ်မှာ ကန်စွန်းရွက်ပြုတ်နဲ့ ငပိရည် စ
အပြင်ထွက်ရင်တော့ နှုတ်ခမ်းကို ဆီစွတ်ပြီး အသားဟင်းနဲ့ စား
သလို ပုံဖမ်းတတ်တဲ့လူတွေကလည်း ရှိသား"





လွင်ဦး နင်ခနဲ ဖြစ်သွားပါသည်။

"ဟဲ့. . . ဟိုဟာမ၊ နင် ဘယ်သူ့ကို ပြောတာလဲ"

ငွေဇင်ကလည်း ချိတီတီ မျက်နှာလေးနဲ့. . .

"ဘယ်သူ့ပြောတယ် ထင်လဲ"

"နင် ငါ့ပြောတာ မဟုတ်လား"

"ဟုတ်မယ် ထင်တာပဲ"

"က. . တောက်. . . ကလိမ်ကြုံမ. . နှစ်ဆယ်တိုးမ ဖြတ်စား
ရိတ်စားမ"

ငွေဇင် ဒေါသ ထောင်းခနဲ ခါးပေါ် လက်ထောက်ရင်း. . .

"နင်ကရော ဘာထူးလဲ၊ အရင်းရှင်ချစ်တီး. . . ထဘီပါမကျန်
အပေါင်ခံတဲ့ကောင်၊ အပေါင်ခံစားကောင်"

မြွေမြွေချင်း ခြေမြင်ကုန်ကြပါပြီ။ လက်ဖက်ရည်ဆိုင်အတွက်
မီးဆိုကုန်လို့ နို့ဆီလာဝယ်တဲ့ ညိုထွန်းလည်း မနေသာတော့။

"လာပါ လွင်ဦးရာ၊ ဈေးလယ်ခေါင်မှာ မရှက်ဘူးလား"

"ဘာလို့ ရှက်ရမှာလဲ၊ ဒီဟာမ ငါကြီးပွားတာ မနာလိုနေတာ"

ညိုထွန်းနဲ့ ပါလာတဲ့ ညိုထွန်းမိန်းမ သီတာအေးကလည်း မနေ
သာ ငွေဇင်ကို ဝင်ဆွဲရပါသည်။

"တော်ပါတော့ဟယ်"

"မတော်နိုင်ပါဘူးဟာ. . . သူကြီးပွားတာပဲ မနာလို ရှိရသေး
သယ်၊ ငါ့ထက် တစ်ရက်နောက်ကျပြီး ဈေးကွက်ထဲကို ဝင်လာတဲ့
ကောင်ကများ"

"ဘာ. . . နံ့ဥက ဘဲဥလုပ်ချင်သေးတယ်"

ညိုထွန်း လှမ်းသတိပေးရပါသည်။

"ဟော့ကောင်. . . ဥချင်း မှားနေပြီ"

"မှား. . မှား. . ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့... မိန်းမတစ်ယောက်နဲ့ ဖက်ဖြစ်ရတယ်လို့"

"ငါက မဖက်ချင်ပါဘူး"

လွင်ဦးစကားက ငွေဇင်အတွက် ဒေါသကို အရှိန်ကောင်းအောင် မီးထိုးပေးနေသလို။

"ဘာ... ဖက်ရဲ ဖက်ကြည့်ပါလား"

"တွေ့လား... သူကိုယ်တိုင်က အဖက်ခံချင်နေတာပျော့၊ ငါတို့ကတော့ သဘောထားကြီးပါတယ်"

စပ်ဖြီးဖြီးနဲ့ ညှိုထွန်းခေါ်ရာ ပါသွားတဲ့ လွင်ဦးကို ငွေဇင်သိတာအေးတို့ ဆွဲထားတဲ့ကြားက မခံမရပ်နိုင်အောင် ဖြစ်နေတော့သည်။





# အခန်း(၁၀)

"ထောင့်နှစ်ရာ ရမယ် ဒေါ်ထား"

ငွေဇင် ထဘီကို အပြစ်အနာဆာ ဟိုလှန်ဒီလှန်ရှာရင်း ပြောရ၏။

"ဟယ်... ငွေဇင်ရယ်၊ ဒီထဘီက အသစ်ကြီးပါဟယ်၊ တစ်ခါပဲ ဝတ်ရသေးတယ်၊ မြန်မာပြည်ကို ကိုရီးယားမင်းသမီး လင်လျှောက်ဖန် လာတုန်းက တွေ့ဖူးချင်လို့ အဲဒီတစ်ခါပဲ ဝတ်ရသေးတာပဲဟယ်"

"လင်ရှောက်ဖန် မကလို့ အူကြောင်ကြားပဲလာလာ ဒေါ်ထားထဘီက အထက်ဆင် တပ်ပြီးပြီလေ"

ဒေါ်ထား ကြောင်တောင်တောင် ဖြစ်သွားပါသည်။

"ငွေဇင်... ထဘီပဲဟယ်၊ အထက်ဆင် တပ်မှာပေါ့"

"အို... အသစ်ဆိုရင် အထက်ဆင် မပါဘူးလေ၊ ယူမှာလား



www.burmeseclassic.com

www.burmeseclassic.com



ပျော်မှာ"

"ထူပါမယ်ဟယ် . . . နောက်တစ်ခါ လာရင် အထက်ဆင့် ပွတ်လာမှဖြစ်မယ်"

"ဘာ . . ."

ဒေါ်ထား လွှတ်ခနဲ ထွက်သွားမိတဲ့စကားကြောင့် အမြန် အဖတ်ဆယ်ရပါသည်။

"ဟို . . ထဘီအသစ်ပဲ လာပေါင်တော့မယ်လို့ ပြောတာပါ"

ငွေဇင် . . ဒေါ်ထားကို မျက်စောင်းထိုးရင်း စာရွက်အလွတ် တစ်ရွက်ကို ထုတ်ကာ အပေါင်ခံထားတဲ့ဈေးနှုန်းနဲ့ သူ့လက်မှတ်ထိုး နေကာ . . .

"သုံးလဆိုရင် အဆုံးနော်၊ တစ်ရက်ပဲ စောင့်မယ်၊ ဒါလည်း တစ်လစာပဲ"

ဒေါ်ထား ပိုက်ဆံနဲ့ဘောက်ချာကို ယူကာ . . .

"အေးပါဟယ်"

ဒေါ်ထား ကုတ်ကုတ်နဲ့ ပြန်ထွက်သွားရင်း မကျေမနပ် တိုးတိုးပြောမိပါသည်။

"ချစ်တီးရဲ့အမေ ဒေါ်တီးချစ်နဲ့ လာတိုးနေတယ်၊ ယောကျ်ားရ ရင် အရင်းရော အတိုးရော ခံရပါစေတော်"

ငွေဇင် မကြားတကြားမို့ . . .

"ဒေါ်ထား . . . တတွတ်တွတ်နဲ့ ဘာတွေပြောနေတာလဲ"

ဒေါ်ထား ကမန်းကတန်း ဖြေလိုက်ရသည်။

"ဩော် . . . နောက်နေ့ကျရင် အရင်ရောက်အောင် လာ မယ်လို့၊ တစ်ခါတစ်ခါ လူများတန်းစီပြီး တိုးနေရလို့လေ"

"ဟုတ်လို့လား . . . ငွေဇင်ကြားတာ တစ်မျိုးနော်"

"ဟုတ်ပါတယ်အေ . . . ငါလည်း သွားလိုက်ဦးမယ်၊ ထမင်း





မချက်ရသေးဘူး"

ဒေါ်ထား ထွက်သွားတော့ မီးဖိုဆောင်မှာ ထမင်းဟင်း ချက် ပြုတ် ပြီးစီးလို့ မီးဖိုဆောင်က ထွက်လာတဲ့အမေက သူမအနီးမှာ ထိုင် ရင်း . . .

"ငွေဇင် . . . ညည်းနဲ့မောင်လွင်ဦး ဈေးထဲမှာ ရန်ဖြစ်လို့ဆို"

အမေ့စကားကြောင့် သတင်းစာ ဖတ်နေတဲ့အဖေက . . .

"ဘာ . . . ငါ့သမီးနဲ့လွင်ဦး ပြန်ချစ်နေကြတယ်၊ ဘယ်တုန်းထဲ က ကြိုက်နေကြလို့လဲ မအေးမာ"

"ရှင်ကလည်း တမျှော့ . . . ရန်ဖြစ်တာ"

ဒေါ်အေးမာ နားနည်းနည်းလေးနေတဲ့ ယောကျ်ားဖြစ်သူ ကိုတင်ငွေကို စိတ်ပျက်လက်ပျက် ကြည့်ရင်း အသံကျယ်ကျယ်နဲ့ . . .

"ရှင်ကလည်း အရေးထဲ တမျှော့၊ ရှင်အသာနေ"

ဦးတင်ငွေ အိမ်ထောင်ဦးစီးဆိုတော့လည်း ပြန်ငြိမ်နေလိုက်ရ ပါသည်။

"ဟဲ့ . . . ဟုတ်လား၊ နေ့လယ်က လွင်ဦးနဲ့ တွေ့လို့ ငါသိရတာ ဟဲ့၊ ညည်းနဲ့တော့ ခက်ပါတယ်ဟယ်"

"အို . . . အမေကလည်း၊ သမီးနဲ့လွင်ဦးက နဂိုကတည်းကမှ မျက်နှာကြောမတည့်တာ၊ အဲဒီကောင်က သမီးမြင်ရင် ယောကျ်ားဖြစ်ပြီး စောင်းမြောင်းချင်နေတာ အမေမှ မသိတာကို"

ဒေါ်အေးမာ . . ငွေဇင်ခေါင်းကို ဒေါက်ခနဲ ခေါက်ရင်း . . .

"ညည်းကလည်း ညည်းပါပဲ၊ မိန်းကလေးဖြစ်ပြီး လျှာကြမ်း အာကြမ်းချင်နေတာလေ"

ငွေဇင် စူပုတ်ပုတ်နဲ့ ခေါင်းကို ပွတ်ရင်း . . .

"သမီးအလုပ်က အဲဒီလို ကြမ်းကြမ်းတမ်းတမ်း ပြောမှ ဖြစ်မှာ တိုး"




www.burmeseclassic.com

www.burmeseclassic.com



"ဪ . . ဒီလိုပြောကြေးဆို ညည်းအဖေနဲ့ငါလုပ်တာလည်း ညည်းတစ်သက်ရှိနေပြီ"



"ရှင် . . ."

ငွေဇင် မျက်လုံးပြူးသွားပုံကြောင့် . . .

"အပေါင်ခံတဲ့အလုပ်ကို ပြောတာဟဲ့၊ ဘယ်လိုကောင်မလေးမှန်း မသိဘူး၊ ပြောရရင် လွင်ဦးအဖေနဲ့အမေဆိုတာလည်း နယ်မှာတတည်းက သူငယ်ချင်းဆိုပေမယ့် ညီအစ်ကိုမောင်နှမလို နေလာတာ သူတို့ မြို့ကို တက်သွားတော့ ဒီအလုပ်နဲ့ အဆင်ပြေတော့ ညည်းအဖေနဲ့ကျုပ်ကို မြို့မှာ စီးပွားရှာဖို့ သူတို့ပဲ လှမ်းခေါ်ပြီး အကူအညီပေးတာ"

ငွေဇင် စူပုတ်ပုတ်နဲ့ သူ့အမေစကားကို နားထောင်နေတော့ ဒေါ်အေးမာ ငွေဇင်ကို စိတ်တိုတိုနဲ့ ကြည့်ကာ . . .

"ညည်းမျက်နှာကို ပြင်စမ်း၊ တိုဘဦး မအေးလွင်တို့လည်း ဆုံးရာပြီ၊ ငါတို့က စောင့်ရှောက်ရအုံးမှာ၊ မောင်လွင်ဦးဆိုတာလည်း ငါတို့ဆိုရင် တလေးတစား ဆက်ဆံတာ၊ ညည်းအဖေ နားကိစ္စ ဖြစ်တော့လည်း သူပဲ ဆေးရုံကိစ္စတွေ အစအဆုံး ကူညီတာ၊ ငွေဇင်နော် . . . နောက် ဒါမျိုးကြားလို့ကတော့ မောင်လွင့်ဦးနဲ့ တစ်ခါတည်း ပေးစားလိုက်မှာ"



"အမေနော် . . . အဲဒီကောင်ကိုတော့ မယူနိုင်ဘူး"

"ညည်းက အဲဒီကောင်ကို မယူရအောင် ညည်းမှာ ရည်းစားရှိလို့လား"

"ရှိတာပေါ့"

ငွေဇင်စကားကြောင့် ဒေါ်အေးမာ မျက်လုံးပြူးသွားရပါသည်။

"ဟဲ့ . . . ဘယ်သူလဲ"

ငွေဇင် မတ်တတ်ထရပ်ရင်း ပြုံးစေ့စေ့နဲ့ . . .

"အမေပဲ နတ်ကတော် ဒေါ်မဲလုံးကို စီးပွားရေးကောင်းအောင် တိုးမြို့ရှင်နဲ့ လက်ထပ်ပေးပြီးတော့"

"ဒီကောင်မလေး . . . အမေကို . . ."

ငွေဇင် ရယ်ရင်း နောက်ဖေးဆောင်ဘက် ထွက်ပြေးသွားပါသည်။

www.burmeseclassic.com



# အခန်း(၁၁)

"ဪ. . . ထမင်းပြန်စားဦးမယ်ကွာ၊ မောင်သက် ပြန်လာရင် ငါပြန်လာမယ်လို့"

ကျွန်တော် လက်ဖက်ရည်ဖိုး စားပွဲပေါ် တင်ခဲ့ပြီး ညိုထွန်းတို ပြောကာ ထွက်လာခဲ့ပါသည်။ ညိုထွန်းတို့ဆိုင်က ထွက်လာတော့ တာဂိတ်မှာ အထုပ်အပိုးတွေနဲ့ ဆိုက်ကားစောင့်နေဟန်တူသော ဒေါ် အေးမာနဲ့ငွေဇင်။

"ဒေါ်လေး. . . ဘယ်က ပြန်လာတာလဲ"

ငွေဇင် ကျွန်တော့်ကို တွေ့တော့ မျက်နှာထားက အတိုးသမား လို ချိသွားပါပြီ။ ကိစ္စမရှိ။ ကျွန်တော်နဲ့သူနဲ့က အခုအချိန်က မြောက် တိုရီးယားနဲ့ တောင်ကိုရီးယားလို စစ်အေးအခြေအနေလေ။

"သိမ်ကြီးဈေးက ပြန်လာတာ မောင်လွင်ဦးရေ့"





ကျွန်တော် ဆိုက်ကားကို ဟိုကြည့်ဒီကြည့် နေရင်း. .

"ထမင်းစားချိန်ဆိုတော့ ဒီအချိန် ဆိုက်ကားရှားတယ် ဒေါ် လေး၊ ကျွန်တော်သယ်ပေးမယ်"

"အားနာစရာ သားရယ်"

"ဟာ. . . ဒီလူနဲ့ဒီလူ. . . အားနာစရာမှ မဟုတ်ပါဘူး၊ ဦးလေးနဲ့ ဒေါ်လေးတို့နှစ်ယောက်လုံးကလွဲရင်ပေါ့"

ကျွန်တော် အထုပ်အပိုးတွေ ဆွဲသင့်တာဆွဲ၊ ပခုံးပေါ် အထုပ် တစ်ထုပ် တင်ရင်း ပြောတော့ ငွေဇင်က. . .

"နင် ဘာစကားပြောတာလဲ"

"ဟဲ့. . . ငွေဇင်နော်. . . ငွေဇင်'

အမေ့ရဲ့သွားကြားထဲက လေသံကြောင့် ငွေဇင် အောင့်သက် သက်နဲ့ နေလိုက်ရပါသည်။ လွင်ဦးပြောပုံက သူမ မပါဘူးပေါ့။ မပါမှန်း တော့ သိပေမယ့် အခုလို တည့်တည့်ကြီး ပြောတော့ ငွေဇင် မခံနိုင်။

"လာမယ့်လပြည့်နေ့ ရွာကကျောင်းမှာ အလှူလုပ်ကြမယ်လေ၊ ဆရာတော်က လှမ်းမှာလို့ ဒေါ်လေးအလှူအတွက် ချက်ပြုတ်ရမှာတွေ သွားမှာပြီး မနက်ဖြန် လူကြုံလာရင် ထည့်ပေးလိုက်မယ်လေ၊ ဒါနဲ့ အဲဒီအလှူကို မောင်လွင်ဦး ဦးလေး ဦးသိန်းအောင်တို့ သွားကြမယ်ဆို"

"ဟုတ်တယ် ဒေါ်လေး၊ ကျွန်တော်ကတော့ ရွာဦးကျောင်း ဆွမ်းစားဆောင်အသစ်အတွက် အလှူငွေပဲ ပေးလိုက်တော့မယ်"

"သာဓု. . . သာဓု. . . သာဓုပါတော်"

ဒေါ်လေးရဲ့သာဓုခေါ်သံကြောင့် ကျွန်တော်. . .

"ဟုတ်တယ် ဒေါ်လေး၊ ကျွန်တော်တို့အလုပ်က ဘာပဲပြော ပြော သမ္မာအာဇီဝဆိုပေမယ့် ငိုစားရယ်စားလေးတော့ ပါသား၊ ရသမျှ အမြတ်ကို ကိုယ်လည်းစား၊ သူတို့ ကုသိုလ်ရအောင်လည်း လှူပေးရ သေးတယ်၊ တစ်ချို့ဆို အလှူအတန်းကို တွန့်တိုပြီး ဘာမဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှတုန်ပစ္စည်းတွေ ဈေးကြီးပေးဝယ်တာတို့ သုံးဖြုန်းနေတာကတော့ စိတ်ပျက်ဖို့ ဘယ်လောက်ကောင်းလဲ"

"ဒါပေါ့ မောင်လွင်ဦးရယ်"

ဒေါ်အေးမာကတော့ မသိဘဲ ထောက်ခံနေပါသည်။ ငွေဇင် သိလိုက်ပါသည်။ တစ်နေ့က City Mart မှာ သူမနဲ့သီတာအေး စိတ်ကပ်ကုန်နေလို့ မိတ်ကပ်ဝယ်နေတာကို ဆိုင်ရှေ့က ဖြတ်လျှောက်သွားတဲ့ ဒီငနာ တွေ့သွားပုံရသည်။ အင်းပေါ့လေ. . . ဒင်း. . အမေရှေ့တုန်းတော့ ပြောထားပေါ့လေ။ သိမယ်. . . ငွေဇင် တံစဉ်လို ဒင်းကို အမြစ်ကနေ ရိပ်ပစ်ပြမယ်၊ တွေ့ကြသေးတာပေါ့။ (မုတ်ဆိတ်)

အိမ်ရောက်တော့ ပစ္စည်းတွေ ချပေးပြီး. . .

"ကဲ. . . ကျွန်တော် ပြန်ဦးမယ် ဒေါ်လေး"

"ဟဲ့. . . ရေလေးဘာလေး သောက်သွားဦးလေ၊ ဟဲ့. . . ငွေဇင် ဘာရပ်လုပ်နေတာလဲ၊ ညည်းအစ်ကိုဖို့ ရေသွားခပ်ဦးလေ"

လွင်ဦး ပြုံးစေ့စေ့၊ ငွေဇင် စူပုတ်ပုတ် ဆောင့်ဆောင့်အောင့်အောင့်နဲ့ ရေခဲသေတ္တာထဲက ရေဘူးကို ထုတ်၊ ရေခွက်ထဲ ဖြည့်ပြီးယူလာကာ. . .

"ရော့. . ."

ဆောင့်ဆောင့်အောင့်အောင့်အသံကြောင့် ဒေါ်အေးမာ သမီးတို့ မျက်လုံးပြူးပြပါသည်။ လွင်ဦးကလည်း တမင်ပင် အကုန်မော့သောက်ပြီး. . .

"စေတနာ မပါလို့လား မသိဘူး၊ သောက်လို့ကောင်းလိုက်တာ နောက်တစ်ခွက်လောက်"

သူမ အံကြိတ်ရင်း လှည့်ထွက်လိုက်တော့သည်။





# အခန်း(၁၂)

"ဟဲ့. . . သူများပိုက်ဆံကို ချေးပြီးရင် ပြန်ဆပ်ရမယ်ဆိုတာ လူလို သိမှပေါ့"

မစ်က ငွေဇင် ထဘီပြင်ဝတ်ပြီဆိုတာနဲ့ ငွေဇင် ပွဲကြမ်းတော့မယ်ဆိုတာ သိလိုက်ပါသည်။ ငွေဇင်ရဲ့စကားကြောင့် ကုန်စိမ်းရောင်းတဲ့ မဝင်းညိုက ဂေါ်ဖီထုပ်ကို တောင်းထဲ ဖုတ်ခနဲ ပစ်ချလိုက်ရင်း. . .

"ဟဲ့. . . မရှိလို့ မပေးတာပေါ့. . . ဘာဖြစ်လဲ၊ တိုင်ချင်ရင် ကြိုက်တဲ့နေရာ သွားတိုင်. . . ဂရုမစိုက်ဘူး"

မဝင်းညိုစကားကြောင့် ငွေဇင်ဒေါသက ထောင်းခနဲ ပေါက်ကွဲသွားပါသည်။

"ဘာ. . . လူပါးဝတဲ့မိန်းမ၊ နင် ငါ့ဆီက ပိုက်ဆံချေးတုန်းက သတိမှတ်နှာလား၊ ပိုက်ဆံချေးတုန်းကတော့ လျှာက တစ်တောင်လောက်

www.burmeseclassic.com



[ပ]တ်ပြီး ငါ့ပါးကို ထက်လျှက်တော့မယ့်ရုပ်နဲ့"

ရပ်ကွက်ထဲက လူတွေက သိတဲ့အတိုင်း ဝိုင်းအုံလာသည်။ [မ]င်းညို သူ့ကို ခွေးနဲ့ အနှိုင်းခံရမှန်း သိတော့ ဆွေ့ဆွေ့ခုန်ပါတော့သည်။

"ဘာ. . . ညည်းက ကျုပ်ကို ခွေးနဲ့ နှိုင်းတယ်ပေါ့"

"ခွေးနဲ့ နှိုင်းတာ မဟုတ်ဘူး၊ ဒီအိုကျီ ဒေါ်လို့ ပြောတာ"

စာတစ်လုံးမှ မတတ်တဲ့ မဝင်းညို အူလည်လည်ဖြစ်သွားတော့ မဝင်းညိုရဲ့သား အောင်ဘုက သူ့အမေကို. . .

"အမေ. . . အမေ့ကို ခွေးကြီးလို့ ပြောတာ"

"ဘာ. . . ငါ့ကို ခွေးလို့ ပြောတာ၊ ကောင်မ. . မလောက်လေး မလောက်စားလောက် ရှိတဲ့ဟာမကများ၊ ဝင်းညို ဘာကောင်မလဲ တစ်ဈေးလုံး သိတယ်"

မဝင်းညိုစကားကြောင့် ငွေဖင်က. . .

"ဝင်းညို. . . ဘာကောင်မလဲ ကျွန်မ မသိဘူး"

"နင် မိုက်ရိုင်းပြန်ပြီ"

တကယ်တော့ မဝင်းညို အာက ကျယ်သည်။ တကယ်မလုပ်ရဲ၊ ငွေဖင် ရှေ့တိုးလာတော့ မစံက ဆွဲရင်း. . .

"ရန်မဖြစ်ကြပါနဲ့တော့ ငွေဖင်ရယ်. . . ငါရှိုကြီးခိုးပါရဲ့"

"အသာနေစမ်းပါ မစံရယ်၊ ဒီဟာမကြီးကို နှစ်ပိုင်းချိုးပြီး အာရှဲ တစ်မယ်"

မဝင်းညို ပြူးသွားသည်။

"မိစံ. . . နင့်လူကို နင်ဆွဲထားနော်၊ ရှေ့. . ရှေ့ထပ်တိုးလာရင်. . ငါ. . လုပ်. . လုပ်မိမှာနော်"

ရပ်ကွက်ထဲက လူတွေက မဝင်းညိုအကြောင်း သိနေတာမို့ တဟားဟားနဲ့ ပွဲကျနေကြပါသည်။





"ဘာဖြစ်နေကြတာလဲ. . . ဆူညံဆူညံနဲ့"

"ဟင်. . . ကိုအေးကို"

ဆိုက်ကားကို ဘဲလ်တီးရင်း ဆိုက်ကားထိုးရပ်ပြီး ဆင်းလာတဲ့ ကိုအေးကိုကြောင့် မဝင်းညို အားတက်သွားကာ. . .

"ဒီမှာလေ. . . သူ့အတိုးမပေးနိုင်လို့ မရှိဘူး ပြောတာ အော်ကျယ်ဟစ်ကျယ်နဲ့ ရန်လာရှာနေတယ်"

"ဟဲ့. . . မပေးနိုင်သေးရင် မပေးနိုင်သေးဘူးလို့ လူလို ပြောပါလား"

ကိုအေးကို မိန်းမထိတော့ မချိအောင် နာပြီ။

"မပေးနိုင်သေးတာပဲ. . . မပေးနိုင်ဘူး ပြောလိုက်ပေါ့ဟာ၊ အိမ်ရှေ့မှာ ဆူညံဆူညံနဲ့ ကျက်သရေ ယုတ်တယ်၊ ငါတို့က ဂုဏ်နဲ့ဒြပ်နဲ့ နေတာ. . . သိက္ခာကျတယ်"

မစံက လေကြီးလေကျယ် စကားကြောင့် တခွီးခွီး ရယ်သည်။

"အောင်မာ. . . ဂုဏ်နဲ့ဒြပ်နဲ့ ဟုတ်လား၊ တစ်ပတ်မှာ ရှစ်ရက် လောက် မူးပြီး လင်မယား ရန်ဖြစ်နေတာ ကျက်သရေ ရှိတယ်ပေါ့"

ငွေဖင် ပက်ခနဲ ပြောလိုက်တော့ လူပုံအလယ်မှာ အေးကို ရှက်ရမ်းရမ်းပါတော့သည်။ အဲဒီအချိန်မှာ လွင်ဦးကလည်း ရုတ်စုရုတ်စု ကြောင့် လူအုပ်ထဲမှာ တိုးဝင်ကြည့်မိသည်။

"အောင်မာ. . . ငါလုပ်လိုက်ရင်တော့ အသေဆိုးနဲ့ သေသွား ယ်၊ အေးကိုဆိုတာ ဘာကောင်လဲ ရပ်ကွက်ထဲက သိတယ်နော်"

"ငမူး. . လေ"

'ငမူး' ဆိုတဲ့အသံ ဘယ်သူ့ဆီကမှန်းမသိ ထွက်လာတော့ အေးကို ဇဝေဇဝါဖြစ်ရင်း လိုက်ကြည့်ကာ. . .

"ငွေဖင်. . . ကျားကို နှုတ်ခမ်းမွေး လာမဆွဲနဲ့နော်၊ ငါ ဘာ ကောင်လဲ သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တ မေးပဲ၊ ရှင့်ကို နှုတ်ခမ်းမွေး ဆွဲရအောင် ရှင့်နှုတ်ခမ်းမွေးက အဘိုးရော စိုလို့လား"

"အမ်. . . ."

အေးကို တစ်ဖက်သုံးချောင်းသာ ရှိတဲ့ သူ့နှုတ်ခမ်းမွေးကို ယောင်ပြီးစမ်းမိတော့. . .

"ကိုအေးကို. . . ရှင့်ကို ပြောနေပြီလေ"

သူ့မိန်းမစကားကြောင့် အေးကို ရှက်သွားသည်။ အနီးနားက တုတ်တို လှမ်းယူကာ. . .

"ငွေဇင်. . . ငါ ဒေါသထွက်လာပြီနော်၊ နင့်လို အတိုးပေးစားတဲ့ဟာတွေနဲ့ ရန်ဖြစ်တာ ငါသိက္ခာကျတယ်"

ငွေဇင်လည်း အေးကိုလက်ထဲက တုတ်မြင်တော့ နည်းနည်းတော့ တွန့်သွားသည်။

"ဟော့ကောင် အေးကို၊ မင်းက မိန်းကလေးတွေနဲ့ ရန်ဖြစ်တာ တုတ်ဆွဲရလား၊ မင်းသတ္တိရှိရင် ငါနဲ့ ချမလား. . .လာစမ်းပါ"

ပြောလည်းပြော. . လုံချည်ခါးတောင်းကျိုက်ပြီး ဝင်လာသူက လွင်ဦး။ လွင်ဦး မပြောမဆို ဝင်လာတော့ အေးကို နည်းနည်းတွန့်သွားသည်။ လွင်ဦးဆိုတဲ့ကောင်က တဖောက်ကန်းသမားဆိုတာ အေးကို သိသည်။ ပြီးတော့. . .

"ကိုလွင်ဦး. . . ခင်ဗျားနဲ့ မဆိုင်တာ ဝင်မပါနဲ့နော်"

"ဟော့ကောင်. . . ပါရမယ်ကွ၊ မင်းတို့အချင်းချင်း ရန်ဖြစ်တာ ရန်ဖြစ်ပါလား၊ အတိုးပေးစားသလေး ဘာလေးနဲ့ ဘာလို့ ဆွဲထည့်လဲ"

"ကျွန်တော် ပြောမိလို့လား"

ဝိုင်းအုံကြည့်တဲ့သူတွေ တခွီးခွီး။ ငွေဇင်တောင် ရယ်ချင်သွားသည်။

"လာစမ်းပါ. . . ငါလည်း ရန်မဖြစ်ရတာ ကြာနေပြီ"





"မဟုတ်ဘူးလေ. . . ဒီလိုရှိတယ်"

အေးကို မျက်လုံးပြူးပြီ။ မဝင်းညိုက အေးကိုပုံ●ကြောင့်. . .

"ရှင်ဘာလုပ်နေတာလဲ. . . သွားချပါလား"

အေးကို အလိုက်မသိတဲ့ သူ့မိန်းမကြောင့်. . .

"နင်ဘာဖြစ်နေတာလဲ. . . ငါထုလိုက်ရ. . ."

"ဟော့ကောင် အေးကို"

"ဗျာ. . . ကိုလွင်ဦး"

"မင်း. . မင်းမိန်းမ ချေးထားတဲ့ပိုက်ဆံ ပြန်ပေးမလား မပေးဘူးလားပြော"

"ပေး. . ပေးပါ့မယ်ဗျာ"

လွင်ဦး ခပ်တည်တည်နဲ့. . .

"ဟဲ့ ငွေဇင်. . . ဘယ်လောက်လဲ"

"အတိုးမယူတော့ဘူး. . . သုံးထောင်"

"ဟော့ကောင်. . . ပေးလိုက်"

"ဟုတ်. . . ဟုတ်ကဲ့"

အေးကို ဆိုက်ကားကူရှင်ထိုင်ခုံအောက်က ပိုက်ဆံ သုံးထောင်ထုတ် ယူပြီးပေးလိုက်တော့ ငွေဇင် ဆတ်ခနဲ ဆွဲယူလိုက်သည်။

"နောက်တစ်ခါ လူများပိုက်ဆံ ယူပြီးရင် ပြန်ပေးရမယ်ဆိုတာ မင်းသိတယ်နော်"

"ဟုတ်. . ဟုတ်ကဲ့ပါ ကိုလွင်ဦး"

လွင်ဦး ဆရာကြီးစတိုင်နဲ့ လုံချည်ပြန်ဖြေပြီး ထွက်လာတော့ အင်သက်က ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ၊ လွင်ဦးကို မင်းမေးပါသည်။

"လွင်ဦး. . . အေးကိုက မင်းမြင်တော့ အစွယ်ကျိုးသွားပါလား ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လွင်ဦး ရယ်တဲ့တဲ့နဲ့ ဘေးဘီကို ကြည့်ကာ မောင်သက် ကြားရုံ ပြောပြပါသည်။

"ဟီဟီ. . . ဒီကောင် အရက်ဖိုး လိုရင် ငါက ပေးနေကျကွ။ ဦးတော့ တိုကလမက်ဆိုင်က မူးပြီးအပြန်မှာ အပျိုကြီးမတင်မိကို သူ့ မိန်းမနဲ့ မှားပြီး လက်ဆွဲလို့ ငါက ကြားဝင်ဖြန်ဖြေပေးထားတာ၊ ဒါကြောင့် ရုံးခန်းမရောက်တာ၊ အဲဒီကိစ္စ သူ့မိန်းမ သိမှာ သေအောင် ကြောက်တဲ့ကောင်ကွ"

လွင်ဦးစကားကြောင့် မောင်သက် တဟားဟားနဲ့ အော်ရယ်ပါ တော့သည်။

ငွေဇင်နဲ့မစံ အိမ်ဘက် ပြန်လျှောက်လာရင်း. . .

"ငွေဇင်. . . လွင်ဦးက အရေးကြုံတော့ အားကိုးရသားပဲနော်"

"အေးနော်"

"နင် ကျေးဇူးတင်သင့်တယ်"

"တင်ပါတယ်ဟဲ့"

"ဘာလဲ. . . ပုဆိုးတန်းတင်လား"

"မစံနော်. . ."

ငွေဇင် ရှက်ရှက်နဲ့ မစံခါးကို လိမ်ဆွဲတော့ မစံက ရယ်သည်။ တကယ်တော့ လွင်ဦးက အရေးဆို အားကိုးရပါသည်။

အိမ်ရောက်တော့ သတင်းက ကြိုရောက်နေပါသည်။

"ငွေဇင်. . . ညည်းကိုယ်ညည်း ဘာထင်နေလဲ၊ ကိုယ်က အပျို လေးဟဲ့"

အမေ့ရဲ့ပွစိပွစိစကားကြောင့် ငွေဇင် စိတ်ညစ်ညစ်နဲ့. . .

"အမေကလည်း. . . သူတို့က စိုက်ဆံချေးပြီး ပြန်မှ မပေးချင် တာ"

ဒေါ်အေးမာက ထုံးစံအတိုင်း လက်က ငွေဇင့်ခေါင်းကို ဒေါက်





ခနဲ။

"ဟဲ့. . . အေးအေးသက်သာ ပြောပါလား၊ လွင်ဦး ရောက် လာလို့ပေါ့၊ ထစ်ခနဲဆို ရုံးခန်းမှာ လက်မှတ်ထိုးရပြီ"

"အမေရယ်. . . ဥက္ကဋ္ဌက သမီးလက်မှတ် အမှတ်တရ သိမ်း ထားချင်လို့ နေမှာပေါ့"

စကားလည်း ဆုံး၊ လက်ဆစ်က ငွေဇင် ခေါင်းပေါ် ဒေါက်ကနဲ။ ငွေဇင် ထုပုသွားတဲ့ခေါင်းကို ပွတ်ရင်း. . .

"နင် ဆုံးမလို့ကို မရတော့တဲ့အဆင့် ဖြစ်နေပါလား ငွေဇင်၊ အေး. . . အဲဒီလောက် လက်မှတ်ထိုးချင်နေရင် နင်လက်မှတ်ထိုးရမယ် လွင်ဦးနဲ့. . ."

ငွေဇင် မျက်လုံးပြူးသွားရပါပြီ။

"အမေနော်. . . ငါအမေဆိုပြီး အနိုင်မကျင့်နဲ့၊ သမီး ဒီ ကောင့်ကို လုံးဝ မယူနိုင်ဘူးနော်"

"မယူချင်ရင် အဖေ့ပေးလေ"

အရေးထဲ ငွေဇင့်အဖေ ဦးတင်ငွေက ဘာကြားသည်မသိ။

"နားလေးပါးလေးနဲ့ ရှင်က ဘာယူချင်နေရတာလဲ"

ငွေဇင် သူမဘက် အာရုံမရောက်ခင် အသာလစ်ထွက်သွား သည်။

"သမီးက အလုံးလှတာ မယူနိုင်ဘူးဆို၊ အလုံးလှတယ်ဆိုတာ သရက်သီး မဟုတ်လား"

ဒေါ်အေးမာ သက်ပြင်းကို ဆယ်ကြိမ်လောက် မှုတ်ထုတ်ချင် နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

“**ဟော**. . . ဘယ်တုန်းက ပြန်ရောက်လဲ ကိုသိန်းအောင်”

ဦးသိန်းအောင်နဲ့ဒေါ်စောသန်း အထုပ်တစ်ထုပ်နဲ့ အိမ်ပေါ် ရောက်လာတော့ ဒေါ်အေးမာ ဧည့်ခံစကား ဆိုမိသည်။

“မနေ့ညနေက ပြန်ရောက်တယ် မအေးမာရေ”

“အလှူရော စည်ရဲ့လား”

ဒေါ်အေးမာစကားကြောင့် ဒေါ်စောသန်းက. . .

“စည်တာမှ အရမ်းစည် မအေးမာရေ ရော့. . ရော့. . ရှင့် ညီမ မခင်အုန်းတို့ သူ့အစ်မကို ပေးလိုက်ပါတဲ့”

ဒေါ်အေးမာ လှမ်းယူရင်း. . .

“ဘာတွေလဲ မမစော”





“ငါးရံ့ခြောက်တွေလေ. . . ဆရာတော်ကလည်း ကျေးဇူးတင် စကား ရှင်တို့လင်မယားကို ပြောလိုက်ပါတဲ့၊ ဒါနဲ့ ငွေဇင်လည်း မတွေ့ပါ လား”

ဒေါ်စောသန်း စကားကြောင့် ဦးတင်ငွေက နားကို လက်နဲ့ ကာရင်း. . .

“ဘာ. . . မြေမြင်တယ်. . . ဘယ်မှာလဲ”

ဦးတင်ငွေစကားကြောင့် ဦးသိန်းအောင်တို့ တဟားဟား။ ဒေါ် အေးမာ သူ့ယောက်ျားကို ပြောနေရသည်။

“ကိုတင်ငွေ. . . ရှင်ကြားချင်ရာတွေ ကြားမနေနဲ့၊ အဲဒါသာ ကြည့်တော့ မမစောတို့ရေ၊ တစ်နေ့တစ်နေ့ သူ့ကို ဘာသာပြန်နေရတာ ကိုက အတော့်ကို မောတာ”

“မောမယ့်မော. . . ငါမောရမှာပါ မိန်းမရယ်”

ဦးတင်ငွေကလည်း ပြောချင်ရာ ပြောနေပါသည်။

“ရှင်တို့နဲ့ ဆုံတုန်း တိုင်ပင်စရာလေးတွေ ရှိတယ် ကိုသိန်း အောင်”

“ဘာများလဲ မအေးမာ၊ အချင်းချင်းတွေပဲဗျာ. . . ကျုပ်တို့မှ မတိုင်ပင်လို့ ဘယ်သူ့တိုင်ပင်ရဦးမှာလဲ”

ဒေါ်အေးမာ ခေါင်းတညိတ်ညိတ်။

“ကိုဘဦးတို့ မမလွင်တို့ မရှိတော့ ရှင်တို့ပဲ တိုင်ပင်ရတော့မှာ ပေါ့၊ ကျွန်မသဘောကတော့ သမီးကို မောင်လွင်ဦးနဲ့ နေရာချထားပေး ချင်တယ်ရှင်၊ သမီးရှင်ဘက်က ပြောနေရတော့ တစ်မျိုးများ ဖြစ်နေ မလားလို့”

ဦးသိန်းအောင်က ဒေါ်အေးမာစကားကြောင့် ရယ်သည်။

“ပြောရမယ့်လူတွေမှ မဟုတ်တာဗျာ၊ ကျုပ်တောင် အဲဒီစကား ကို ပြောဖို့ စဉ်းစားနေသေးတယ်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးမာ ကျေနပ်သွားပါသည်။

"ဒီလူနဲ့ဒီလူက အကြောင်းသိတွေပဲ၊ ကျုပ်အစ်ကိုနဲ့အစ်မ ရှိရင်လည်း ဒီစကားပြောမှာ သေချာတယ် မအေးမာ"

ဒေါ်စောသန်းက တစ်ခုခုကို စဉ်းစားဟန်နဲ့. . .

"ကလေးတွေအခြေအနေကရော"

ဒေါ်အေးမာ သက်ပြင်းချရင်း. . .

"ကလေးတွေ့အချင်းချင်းတော့ တစောင်းစေးနဲ့မျက်ချေးပဲလေ၊ တော်တော်တော့ ပြောယူရမယ့်ပုံပဲ"

ဦးသိန်းအောင်လည်း သိပါသည်။

"အချိန်တော့ အတော်ယူရမယ် မအေးမာ"

"နားဝင်အောင် ရှင်ပြောရင် လက်ခံကြမှာပါ. . . ဒီလိုလုပ်"

ဒေါ်စောသန်းစကားကြောင့် ဒေါ်အေးမာနဲ့ဦးသိန်းအောင် စိတ်ဝင်စားသွားကြပါသည်။

"ဘယ်လိုလဲ. . . ငါ့မိန်းမရဲ့အကြံဉာဏ်"

"အတင်းပေးစားရင်ရော"

ဒေါ်စောသန်းစကားကြောင့် ဒေါ်အေးမာ ရယ်သလို ဦးသိန်းအောင် ဒေါ်စောသန်းကို မျက်စောင်းထိုးရင်း. . .

"ဘာများလဲလို့. . . ဘာမှ မထူးဘူး"

ဦးတင်ငွေ စာစောင်ကို ချလိုက်ရင်း. . .

"လွယ်ပါတယ်. . . လွင်ဦးရဲ့သူငယ်ချင်းတွေကို စည်းရုံးခိုင်းလိုက်၊ သမီးကိုတော့ ပပတို့ မိစံတို့ သီတာအေးတို့ကို စည်းရုံးခိုင်းပေါ့"

မထင်မှတ်ဘဲ ပြောချလိုက်တဲ့ ဦးတင်ငွေစကားကြောင့် အားလုံးက ပါးစပ်အဟောင်းသား။

"ရှင်. . ဒါတော့ ကြားတယ်"

"ငါ့နားက ကြားချင်ရင် အဝေးကြီးက ပြောရင်တောင် ကြားရ





တယ်"

ဦးတင်ငွေစကားကြောင့် အားလုံး ရယ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

"မောင်ရင်ကသာ စိတ်မဝင်စားဘူး ဖြစ်နေ၊ ငွေဇင်ကို ပိုးတဲ့သူက အများကြီး ဖြစ်နေပြီနော်"

လက်ဖက်ရည်ဆိုင် ထိုင်နေရင်း ညိုထွန်းက မဆီမဆိုင် ပြောတော့. . .

"ဘာဖြစ်ရပြန်တာလဲ"

ညိုထွန်း. . မောင်သက်ကို မေးငေါ့ပြသည်။ မောင်သက်က ပြုံးသည်။

"ဪ. . . လွတ်တဲ့ငါး ကြီးမှာစိုးလို့ သတိပေးနေတာ သူငယ်ချင်း၊ အခုဆို လေးလမ်းထဲက အောင်ကြီးသိလား"

လွင်ဦး ခေါင်းညိတ်ပြရင်း. . .





"သိတာပေါ့. . . သဘော်သား အူကြောင်ကြောင်ကောင်မို့လား၊ ငါးသိန်းတန်ဖုန်းလောက် ခါးမှာ ချိတ်ပြီး ကြွားရတာလေ၊ လူလယ်ခေါင်ကျရင် ခါးကြောမျက်နေတယ်. . . မျက်နေတယ်. . . ပြောတဲ့ကောင်မှလား"

လွင်ဦးစကားကြောင့် ညိုထွန်း ရယ်ပြီး. . .

"အေး. . . ဟုတ်တယ်၊ လည်ပင်းက ဆွဲကြိုးပေါ်အောင် ခေါင်းမော့ပြီး လမ်းလျှောက်တတ်တဲ့ကောင်"

"အဲဒါ ဘာဖြစ်လဲ"

"အေး. . . အဲဒီကောင် ရှေ့စွန်းညို လုပ်နေတယ်"

"ဟာကွာ. . . ဒီအရွယ်ကြီးကျမှ ကြောင်တောင်တောင်နဲ့ဆော့နေရတယ်လို့"

ညိုထွန်းနဲ့မောင်သက်. . လွင်ဦးစကားကြောင့် စိတ်ပျက်သွားကြပါသည်။

"ဟော့ကောင်. . . ငွေဇင့်ကို အဲဒီကောင် လာပိုးနေတယ် ပြောတာ ငကြောင်ရဲ့"

လွင်ဦး စပ်ဖြီးဖြီးနဲ့ ရယ်ရင်း. . .

"သိဘူးလေကွာ. . . ဘာဖြစ်လဲ. . ပိုးပေါ့၊ ငွေဇင် အပျိုပဲ"

မောင်သက် ပါးစပ်အဟောင်းသားနဲ့. . .

"မင်း. . ငွေဇင်ကို စိတ်မဝင်စားဘူးလား"

လွင်ဦး ခေါင်းညိတ်ပြတော့. . .

"ဒါနဲ့များကွာ"

"ငါစိတ်ဝင်စားတာ သူ့လက်ကောက်ဝတ်က ဟမ်းချိန်းကွင်းမှုးသားလောက် ရှိမယ်"

"ဟာကွာ"

လွင်ဦးက အတည်နဲ့ နောက်နေတော့ ဒီကောင်တွေစိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ နဂိုကတည်းကလည်း လွင်ဦးရော ငွေဇင်ပါ ကျောင်းနေဖက် သူငယ်ချင်းတွေဆိုတော့ သူတို့အားလုံးက သဘောတူနေသလို မနေ့တာ ဦးလေး ဦးသိန်းအောင်က မင်းတို့သူငယ်ချင်းကို ငွေဇင်နဲ့ အမြန်ဆုံး နီးစပ်အောင် စည်းရုံးကြဖို့ အမိန့်ပေးထားတာကြောင့် သူတို့ အုပ်စု အပူတပြင်း စည်းရုံးရေး ဆင်းနေကြခြင်း ဖြစ်ပါသည်။ မောင်သက်က စိတ်မလျှော့သေးဘဲ. . .

"ပြောသာပြောရတာ. . . ဒီရပ်ကွက်မှာ ငွေဇင်လောက် လှတဲ့ မိန်းကလေးမျိုး ငါမတွေ့ဖူးသေးဘူး"

ဒါတော့ လွင်ဦး လက်ခံပါသည်။ တစ်နေ့ထက်တစ်နေ့ တစ်နှစ်ထက် တစ်နှစ် အထွက်တိုးစပါးလို ရေဆီမြေဆီအားကောင်းတဲ့ အုပ်ဆိုင်းဆိုင်း လှပဖြစ်ထွန်းလာတဲ့ ငွေဇင်ရဲ့အလှကို သူ့နှလုံးသားက လက်မခံပေမယ့် သူ့ဦးနှောက်က လက်ခံပါသည်။

တွေဝေစဉ်းစားသွားတဲ့ လွင်ဦးပုံစံကြောင့် မောင်သက် အားတက်သွားကာ ညိုထွန်းကို မျက်ရိပ်ပြသည်။

"မင်း လက်ခံသွားပြီ မဟုတ်လား"

"သွားစမ်းပါကွာ. . . အာပြဲလျှာပြဲ ဘီလူးမရုပ်နဲ့ ဒီဟာမတို့များ၊ တော်. . တော်. . အရေမရ အဖတ်မရတွေ ပြောမနေနဲ့၊ ညိုထွန်း လက်ဖက်ရည်ဖိုး မှတ်ထားလိုက်တော့. . . လစ်ပြီ"

"ဟေ့ကောင်. . . နေပါဦးဟ"

မပြောမဆိုနဲ့ ထလစ်သွားတဲ့ လွင်ဦးကြောင့် မောင်သက်က. . .

"မင်းကလည်း ရအောင်စည်းရုံးပါဆိုမှ တစ်လုံးမှ မပြောဘူး"

ညိုထွန်းက ရယ်သည်။

"ဟ. . . အခုရေတွင်းတူး အခုရေကြည်သောက်လို့ဖြစ်မလား အချိန်နည်းနည်းယူရအုံးမှာပေါ့ဟ၊ အသာနေစမ်းပါကွာ. . . ငါမိန်း သိတာအေးတုန်းကလည်း ကျောင်းတုန်းကတည်းက ငါ့ကို ကြည့်လို့ မရတာ၊ အကွက်ကောင်းကို ဝှက်ခနဲ နှိုက်လိုက်ကာမှ"

ညိုထွန်းစကားကြောင့် မောင်သက် မျက်လုံးပြူးသွားသည်။

"ဟေ့ကောင်. . . ပေါက်တတ်ကရတွေ မတွေးနဲ့နော်"

မောင်သက် ညိုထွန်းစကားကြောင့် တခွီးခွီး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၅)

"နှင် သတိမထားမိလို့ပါ ငွေဇင်ရယ်၊ ငါတို့လွင်ဦးက ချော
တယ်ဟဲ့"

သီတာအေး လက်ဖက်သုပ်တစ်ဇွန်း ခပ်စားရင်း ပြောတော့
ပပနဲ့မစံ သိလိုက်ပြီ။ မနေ့က ဒေါ်အေးမာ ပြောထားတဲ့ စည်းရုံးရေ
ဆင်းဖို့ကိစ္စကို သတိပေးလိုက်သလိုပါပဲ။

"ဟုတ်တယ်နော်. . ဟို. . ကိုရီးယားဇာတ်လမ်းတွဲထဲက
ဆူယောင်းနဲ့ တူတယ်"

"မပက လုပ်ပြီ၊ ဂျန်ဆူယောင်းက ကိုရီးယားမင်းသမီးဟ"

ငွေဇင်စကားကြောင့် မစံက ပပကို ငွေဇင် မသိအောင်
ဆိတ်သည်။ ပပ စကားပြန်ပြင်ရပါတယ်။

"ဟိုလေ. . . ဂျန်ဆူယောင်းနဲ့ တွဲတဲ့မင်းသား၊ အဲဒါပြောတာ





"ဒီကောင်များ ချီးမွမ်းနေရတယ် မပပရယ်၊ စပ်ဖြဲဖြဲရုပ်နဲ့ မျက်နှာပိုးမသေတဲ့ကောင်ကိုများ၊ ကြည့်လို့ကို မရတာ"

သီတာအေး အလှည့်. . .

"ဩော်. . . နင်က ချစ်တဲ့မျက်စေ့နဲ့ မကြည့်လို့"

ငွေဇင် သီတာအေးကို မျက်စောင်းထိုးသည်။

"နင်နော်. . . ငါကများ သူ့ကို ချစ်တဲ့မျက်စေ့နဲ့များ ကြည့်ရဦးမယ်လို့. . . ဝေးသေး"

"ဟဲ့. . . အကောင်းပြောနေတာ၊ မျက်ခုံးထူထူ အရပ်မြင့်မြင့် အသားလတ်လတ် ဒီကောင်က ရုပ်ရှင်မင်းသားတွေလို ဘောင်းဘီတွေ ဘာတွေ ဝတ်ကြည့်လိုက်. . . လန်းသွားမှာဟ"

သီတာအေး ပြောတာလည်း ဟုတ်ပါသည်။ ကျောင်းမှာ တတည်းက ကောင်မလေးတွေ အရေးပေးတာ ငွေဇင် သိသည်။

"နင်တို့ ကြားပြီးပြီလား"

မစံ စကားကြောင့် ပပက လက်ဖက်လေး မြုံ့ရင်း. . .

"သိပြီးပါပြီဟ. . . မုဆိုးဖို ဦးမျိုးသန်း နောက်မိန်းမ ယူတာမို့လား"

မစံက မပပ လက်မောင်းကို လှမ်းတိုက်ရင်း. . .

"ဟဲ့. . . အဲဒါမဟုတ်ဘူးဟဲ့၊ ပြောင်းလာတာ မကြာသေးဘူးလေ၊ မော်ဒယ်ဂဲလ်ဆိုလား မော်ဒယ်ပြလားတော့ မသိဘူး. . . ကောင်မလေးလေဟာ"

သီတာအေး သိသည်။ သူမတို့ဆိုင်က လက်ဖက်ရည် သောက်တဲ့ကောင်လေးတွေ ဖြတ်သွားဖြတ်လာ ငမ်းရင်းသရေကျနေတဲ့ ကောင်လေး။

"သိတယ်. . . အဲဒီကောင်မလေးနာမည်က ရွှေစင်မိုးပိုး. . . မော်ဒယ်ဂဲလ်၊ အဲဒါ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



သီတာအေး စကားကြောင့် မစံ ပြုံးရင်း. . .

"အဲဒီကောင်မလေးနဲ့ လွင်ဦးနဲ့က သိတယ်ဟေ့၊ သူ့အစ်ကိုက နိုင်ငံခြားမှာ၊ လွင်ဦးနဲ့ ကျောင်းနေဖက် သူငယ်ချင်းဆိုလား၊ သူ့အစ်ကို က နိုင်ငံခြားမှာဆိုတော့ သူ့ညီမနဲ့သူ့အမေကို စောင့်ရှောက်ဖို့တဲ့၊ လွင်ဦး နေတဲ့ရပ်ကွက်မှာ အိမ်ဝယ်ခိုင်းတာတဲ့"

မပပလည်း သူသိသမျှကို ခေတ်နောက်မကျအောင် ဝင်ပြော ရပါတော့သည်။

"ကောင်မလေးက အချောလေး၊ သွက်သွက်လက်လက်လည်း ရှိဝါ၊ လွင်ဦးကိုများ သူ့ရည်းစားကျနေတာပဲ"

မပပ့စကားကြောင့် မဲ့ရွဲ့ရင်း. . .

"ဟွန်း. . . အဲဒီကောင် အဲဒီလိုမျိုးဆိုရင် သွားကြီးကို ဖြီးနေမှာ နော်ဘူး"

ငွေဇင် ပြောပုံဆိုပုံကြောင့် တစ်ယောက်နဲ့တစ်ယောက် ကြည့်ကာ ပြုံးကြပါသည်။

"ဘာလဲ. . . နင်က မနာလိုလို့လား"

ငွေဇင်. . သီတာအေးကို မျက်စောင်းထိုးမိကာ. . .

"သေလိုက်ပါလား. . . ဒီလိုကောင်ကိုများ"

"ဟဲ့. . . ချောပါတယ်ဟဲ့၊ ဒီရပ်ကွက်ထဲမှာ နင်နဲ့ အလိုက်ဆုံး က လွင်ဦးပဲ"

"အေး. . . ဟုတ်တယ်"

အားလုံး တစ်ယောက်တစ်ပေါက် ထောက်ခံတော့ ငွေဇင် ရှက်ကိုးရှက်ကန်းနဲ့ ရေနွေးနဲ့ လှမ်းပက်ပါသည်။





# အခန်း(၁၆)

"အမေ့. . ."

ထဘီရင်ရှားနဲ့ ရေချိုးခန်းကိုအဝင် ဖွားခနဲ ရေချိုးခန်းထဲမှာ တွေ့လိုက်ရတဲ့ လွင်ဦးကြောင့် ငွေဇင် ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ ဖိရင်း. . .

"ဟင်. . နင်. . နင်. . ယုတ်မာမယ် မကြံနဲ့နော်"

လွင်ဦးလည်း အခုလို အနီးကပ် မြင်လိုက်ရတာကြောင့် တဲတွေးမျိုချမိကာ. . .

"ငါ. . ငါ. . ဘာယုတ်မာလို့လဲ"

"နင်. . နင်နော်. . ငါအော်လိုက်မှာ. . . ဘာလုပ်တာလဲ"

လွင်ဦးကလည်း ရေချိုးခန်းထဲက မထွက်။

www.burmeseclassic.com



"ငါဘာလုပ်လို့လဲ"

ငွေဇင် မျက်နှာအရဲသားနဲ့ ရှက်ရှက်နဲ့ ကြုံးအော်သည်။

"အောင်မာ. . . လုပ်ရဲလုပ်ကြည့်ပါလား၊ ဒီမှာဗျို့. . . ကျွန်မတို့ စော်ကားဖို့ ကြံနေပါတယ်"

"ဟဲ့. . . မအော်နဲ့လေ"

လွင်ဦး အလန့်တကြားနဲ့ သူမကို ဖက်ပြီး ပါးစပ်ကို ပိတ်မိပါသည်။

"ဟဲ့. . . ဘာတွေဖြစ်နေကြတာလဲ. . . ဟင်"

ဒေါ်အေးမာ ဆူညံဆူညံအသံတွေကြောင့် ရေချိုးခန်းတံခါးကို ဖွင့်ပြီးအဝင် တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် ဘာလုပ်လို့ လုပ်ရမှန်း မသိဘဲ. . .

"မောင်လွင်ဦးရယ်. . . ထိန်းထိန်းသိမ်းသိမ်း နေကြပေါ့ကွယ် လက်မထပ်သေးခင်. . ."

လွင်ဦးသတိရကာ ဖက်ထားရာမှ ပြန်လွှတ်လိုက်ရသည်။ ငွေဇင် သူ့အမေစကားကြောင့်. . . .

"အမေ ဘာတွေပြောနေကြတာလဲ၊ သမီးတို့ ဟိုဂွမဟုတ်ဘူး"

ဒေါ်အေးမာ သမီးကို မျက်စောင်းထိုးရင်း. . .

"နင်တို့ဟာက ဟိုဂွါသာ မဖြစ်တာ၊ ဟိုဒင်းပြုနေတယ်လေ ခေတ်ကာလ သားသမီးတွေများ ကြံဖန်ပြီး ရေချိုးခန်းထဲ ချိန်းတွေ့နေရတယ်လို့. . . ခက်ပါလား"

လွင်ဦး ဘာပြောလို့ပြောရမှန်း မသိတော့။ ငွေဇင်က ရှက်တလည်း ရှက်နဲ့. . .

"မဟုတ်ဘူး အမေရဲ့၊ ဒီကောင့်ကို ရေချိုးခန်းထဲမှာ တွေ့လိုက်လို့ သမီးအော်တော့ သူက သမီးကို မအော်အောင် ပါးစပ်ပိတ်တာ"

ဒေါ်အေးမာ မျက်လုံးပြူးသွားရင်း. . .





"ဟုတ်လား. . . နေပါဦး. . . မင်းက သမီးကို ရေချိုးခန်းထဲ ဝင်ပြီး. ."

လွင်ဦး ရှိသမျှဆံပင်တွေ အားကုန် ကုတ်မိရင်း. . .

"ဟာ. . . ဒေါ်လေးရယ်၊ ဒေါ်လေးပဲ ရေပိုက်မဆင်းလို့ လာလုပ်ပေးပါအုံးဆိုလို့ ကျွန်တော်လာလုပ်ပေးတာလေ"

ဒေါ်အေးမာ အခုမှ သတိရသွားကာ. . .

"အေး. . . ဟုတ်သားပဲ"

ငွေဇင်. . မအေကိုရော လွင်ဦးကိုပါ ပေါင်းပြီး မျက်စောင်းထိုးရင်း. . .

"စောစောကတည်းက အဲဒီလို ပြောပါလား"

BURMESE CLASSIC .com

"နင်ကရော ဘာလို့ နင်းကန်အော်လဲ"

ဒေါ်အေးမာ သူ့အပြစ်ကြောင့် ဘာပြောရမှန်း မသိအောင် အိုးတိုးအမ်းတမ်း ဖြစ်သွားရပါသည်။

"ဟဲ့. . . ဘာလုပ်နေတာလဲ. . . သွားလေ"

ငွေဇင် ပေတောပြီး ရပ်နေတဲ့ လွင်ဦးကို ဒေါသနဲ့ပြောတော့. .

"မသိဘူးလေဟာ. . . ရေပိုက် ဆက်ပြင်ရမယ် ထင်လို့ပေါ့"

"တောက်. . . နင်နော်၊ ငါရေချိုးပြီးမှပြင်"

လွင်ဦး စပ်ဖြဲဖြဲနဲ့ အပြင်မထွက်ခင်. . .

"ရေချိုးခန်းထဲ ဝင်ရင် လုံလုံခြုံခြုံ ဝတ်ခဲ့နော်"

"ဘာ. . ."

လွင်ဦး အလျှင်အမြန် ပြန်ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

“မင်း ရင်တွေဘာတွေ မခုန်ဘူးလား”

ကျွန်တော် မနက်ပိုင်းလောက်က ဖြစ်တဲ့ကိစ္စကို ညိုထွန်းနဲ့ မောင်သက်ကို ပြောတော့ ညိုထွန်းက အခုလို ပြောပါတယ်။

“အောင်မာ. . . ငါ ဘာလို့ ရင်ခုန်ရမှာလဲ”

ပြောသာပြောရတာ။ ဝင်းမွတ်နေတဲ့ မနက်က ထဘီရင်ရှားနဲ့ ငွေဇင်ပုံရိပ်ကို ပြန်မြင်ယောင်ရင်း အာခြောက်လာကာ တံတွေးမျိုမိပါသည်။ ရင်ထဲ ခုန်နေသလိုလို။ မောင်သက်က စပ်ဖြီးဖြီးနဲ့. . .

“တံတွေးမျိုတာ ခပ်တိုးတိုး မျိုပါကွာ”

“ဟာကွာ”

လွင်ဦး ရှက်ရှက်နဲ့ ညိုထွန်းလက်မောင်းကို လှမ်းထိုးတော့. .

“တကယ်လို့ အဲဒီအချိန်မှာ ဒေါ်လေးအေးမာ,သာ ရောက်မလာရင် မင်းဘာဆက်လုပ်မလဲ လွင်ဦး”

☺ အောင်မြင်မေလ ☺



မောင်သက်ရဲ့ချောင်ပိတ်မေးခွန်းကြောင့်. . .

“ဟာ. . . ငါက ဘာလုပ်ရမှာလဲ”

“ရှလွတ်ဆို မင်းဆွဲနမ်းချင်နမ်းမှာပါကွာ. . . လာလိမ်မနေနဲ့”

အခုထိ သူမရဲ့ကိုယ်သင်းရနံ့က ရနေတုန်းလို့ လွင်ဦး ထင်ပါသည်။ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်ချင်နေရှာတဲ့ သူ့ရင်ခုန်သံက တဏှာကြောင့် ထင်ပါရဲ့။ အဲဒီအဖြစ်အပျက်က လွင်ဦးတစ်ယောက်တည်း မဟုတ်ပါ။ ငွေဇင်လည်း တော်တော်လေး လိမ့်နေအောင် ခံစားလိုက်ရပါတယ်။ မိန်းကလေးဆိုတော့ ဘယ်သူ့မှလည်း ပြောပြလို့မဖြစ်နိုင်။ အိပ်ရာထဲမှာသာ လူးလိမ့်နေမိသည်။

ယောင်ယမ်းပြီး သူမရင်ခုန်သံကို ပြန်စမ်းမိကာ ရှက်သွေးဖြာနေသလို ဝင်သက်ထွက်သက်ကို ရရှိနေတဲ့အထိ နီးကပ်နေတဲ့ အနေအထားကို သူမ အိပ်စက်လို့မရအောင် လှိမ့်ခံနေရပါပြီ။

ရုတ်တရက် ပွေ့ဖက်ခြင်း ခံလိုက်ရချိန်မှာ သူမတစ်ကိုယ်လုံး သွေးစစ်စစ်တွေ စီးဆင်းသွားသလိုလို ဘာလိုလိုကြီး။

အခုအချိန်ထိ ယောကျ်ားပျိုတစ်ယောက်ရဲ့ ရက်ရက်စက်စက် ပွေ့ဖက်ခြင်းကို မခံဖူးတော့ နေထိုင်မကောင်းချင်သလိုလို ဘာလိုလို ဖြစ်မိတာတော့ အမှန်ပါပဲ။

ငွေဇင် ဟန်အမူအရာ ပျက်နေတာ ဒေါ်အေးမာ သိပါသည်။ အမှန်က ဒီယုန်မြင်လို့ ဒီခြုံထွင်လိုက်တာ ဒေါ်အေးမာပါ။

“ဟင်း. . ဟင်း. . . ငါထင်ထားတဲ့ ထောင်ချောက်ထဲကို နှစ်ယောက်လုံးတော့ ကွက်တိဝင်သွားပြီ၊ အေးမာပါ. . . အေးမာ ကြံရင် အချောက်ကြီးတောင် အစိုကြီးဖြစ်သွားစေရမယ်. . မို့လား”

ဒေါ်အေးမာကတော့ အကျေနပ်ကြီး ကျေနပ်နေပါသည်။

☺ အောင်မြင်မေလ ☺
www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

"ငွေဇင် ဈေးက ပြန်လာပြီလား"

"ဩော်... ကိုအောင်အီး"

ရုတ်တရက်မို့ ငွေဇင်ပြောမိတော့ အောင်ကြီး အောင့်အီးသွားကာ...

"ငွေဇင်လေးရယ်... ကိုယ့်နာမည် ကိုအောင်အီး မဟုတ်ပါဘူး၊ အောင်ကြီးလေ ငွေဇင်"

ငွေဇင် ပြုံးမိရင်း...

"ဆောရီး ကိုအောင်ကြီး၊ ရုတ်တရက်ဆိုတော့ ငွေဇင် လွှတ်ခနဲပြောမိတာပေါ့၊ ဟုတ်တယ်... အမေ ဒီနေ့ မအားလို့ ကိုယ်တိုင်ဈေးဝယ်ထွက်နေရတာလေ"

အောင်ကြီးပုံစံက အမိုက်စားစတိုင်နဲ့ပါ။ မောင်သက်နဲ့ညီထွန်း





ပြောတဲ့အတိုင်း လည်တမော့မော့နဲ့ပေါ့။ ငွေဇင်က ဒါကို မသိတာကြောင့်...

"ကိုအောင်ကြီးလည်ပင်းက ဘာဖြစ်နေတာလဲ... အုန်းလွဲနေလို့လား"

အောင်ကြီး ရှက်တက်တက်နဲ့...

"ဟို.. ဟုတ်တယ်၊ အုန်းသီးစား များသွားလို့"

"ဩော်... ဒါဆို အုန်းရည်သောက်လိုက်လေ"

"ပျောက်သွားရောလား"

"ဘာလဲဟင်... အသက်လား"

ငွေဇင့်စကားကြောင့် ဒုတိယတစ်ကြိမ် မျက်နှာရှုံ့မဲ့သွားတော့ငွေဇင် ရယ်သည်။

"မနောက်ပါနဲ့ကွယ်... ကိုယ် ငွေဇင့်နား ဘာလို့ လာကပ်လဲငွေဇင် သိမှာပါ"

"သိပါတယ်... ပိုက်ဆံချေးမလို့ နေမှာပေါ့၊ ဒါပဲနော်...အတိုးတော့ ပေးရမှာ"

"အင်း... ငါးထောင်လောက်၊ ဟာ... မဟုတ်ပါဘူး ငွေဇင်ရယ်၊ ကိုယ် နောက်ဆံမတင်းချင်တော့ဘူး၊ ကိုယ် ထွက်တော့မှာ"

"စိတ်ချလက်ချ ထွက်ပါ ကိုအောင်ကြီးရယ်၊ ဘာမှ နောက်ဆံတင်းမနေနဲ့၊ ဒီအချိန်က အယူမှားရင် ဘဝကူးကောင်းမှာ မဟုတ်ဘူး"

"ဟင်... ငွေဇင်က ဘာပြောတာလဲ"

ငွေဇင်က ကြောင်တောင်တောင်နဲ့...

"အသက်ထွက်တာ မဟုတ်ဘူးလား"

"ဟာကွာ... သွားပါပြီ၊ ကိုယ့်ဖိလင်လေးတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ တကယ်ပြောတာပါ ငွေဇင်ရယ်၊ ကိုယ်မေတ္တာရှိနေတာ ငွေဇင်သိပါတယ်၊ ကနေဒါ ရောက်တော့လည်း ဝေဒနာတွေ



www.burmeseclassic.com

www.burmeseclassic.com



တ ကျချော်သွားမယ် ထင်တာ. . . ဆိုးလိုက်တာကွာ၊ ဒီလိုနဲ့ ရေစ
ကို ရောက်တော့ ဒေါသဖြစ်လောက်အောင် သတိတွေ ရနေတာ၊ ပြန်
လာဖို့ နီးလာလို့ ဘန်ကောက်ကို ဝင်တော့ အသံပျောက်မတက် ကြိုး
အော်မိတယ်၊ ပင်လယ်ကြီးကို ကြည့်ပြီး ငွေဇင်ကို ချစ်တယ်လို့"

တွံတေးဇော်ဝင်းလိုလို တွံတေးသိန်းတန်လိုလို အောင်ကြီးရဲ့
အမူအရာကို ကြည့်မိပြီး သူမ ရယ်ချင်မိသည်။

"ရန်ကုန်မြေကို နင်းတော့. . ."

သူမ ကိုအောင်ကြီးကို စနောက်ချင်တာကြောင့်. . .

"ရန်ကုန်မြေကို နင်းတော့ ဒါကုန်ရင် အရင်းပဲဆိုပြီး ကျွန်မတို့
ချစ်ရေးဆိုတာပေါ့"

"ဟာကွာ. . . ဟုတ်ပါဘူး၊ ဟုတ်ပါဘူး ငွေဇင်ရယ်"

သူတို့နှစ်ယောက် အတူလျှောက်လာတာကို လက်ဖက်ရည်
ဆိုင်မှာ ထိုင်နေတဲ့ ညိုထွန်းနဲ့လွင်ဦးတို့ အကုန်တွေ့သည်။

မောင်သက်က ကွမ်းယာနေရာမှ ခြေနှစ်ချောင်းကို ဘယ်
တစ်ခါ ညာတစ်ခါ ခြေဆောင့်ရင်း အောင်ကြီးရဲ့လုပ်ပုံကြောင့်. . .

"ဒီကောင် ဘာဖြစ်တာလဲ"

"ဝက်ရူးပြန်တာ နေမှာပေါ့"

လွင်ဦး သူတို့နှစ်ယောက်ကို စိုက်ကြည့်နေမိတော့ မောင်သက်
က. . .

"ညိုထွန်း. . . မင်း ဝင်ယာလိုက်စမ်းကွာ"

"မင်းက ဘယ်လဲဟ"

မောင်သက်က အောင်ကြီးတို့ဘက်ကို မျက်စပစ်ပြရင်း. . .

"ငါဝင်ရှုပ်လိုက်ဦးမယ်"

မောင်သက်စကားကြောင့် လွင်ဦးက အားနာဟန်နဲ့. . .

"နေပါကွာ. . . သူတို့ အဆင်ပြေနေတာ"





မောင်သက်က လက်ကာ,ကာ ကွမ်းရောင်းနေတဲ့ စားပွဲ
အောက်က အထုပ်တစ်ထုပ် ယူသွားသည်။

"ဟဲ့. . . ငွေဇင်"

"ဟယ်. . . မောင်သက်"

မောင်သက်က အရေးကြီးဟန်နဲ့. . .

"နင်ကလည်းဟာ. . . ဈေးတစ်ခါသွားလိုက်တာ မပြီးတော့
ဘူး"

အောင်ကြီး စိတ်ပျက်သွားသည်။ အရေးထဲမှ လာနှောင့်ယှက်
နေတဲ့ ပုဆိုးမှာ ထုံးတွေပေကျံနေတဲ့ သကောင့်သားကို စောင်ပေပေနဲ့
ကြည့်တော့ မောင်သက်ကလည်း. . .

"အဟီး. . . အစ်ကိုကြီးက သဘော်သားလား"

အောင်ကြီးကလည်း ကြွားချင်နေတာကြောင့်. . .

"ဟုတ်တယ်. . . ကိုယ်က ဥရောပတိုက်ပဲ လိုက်တာ"

"သဘော်သားဆို အဖိုသီး သီးတာလား. . အမသီး သီးတာ
လား"

"ဟမ်. . . ဘာပြောတာလဲ"

ငွေဇင် မောင်သက် တမင် ဝင်နှောင့်ယှက်မှန်း သိပါသည်၊
မောင်သက်က ကျောင်းမှာကတည်းက တကယ့်ဗရုတ်။

"ကဲပါ မောင်သက်ရယ်. . . နင့်ကိစ္စပြော"

"ငါ. . တစ်ခုပေါင်ချင်လို့ဟ"

"ဘာပစ္စည်းလဲ"

"ဒီမှာလေ"

မောင်သက်က အထုပ်ကို ပေးတော့ ငွေဇင် အထုပ်ကို ဖြေ
သည်။ အဝတ်နဲ့ အုပ်ထားတဲ့အထုပ်ထဲက စက္ကူဘူးကို တွေ့တော့. . .

"ဟဲ့. . . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ကြည့်လေ"

ငွေဇင် ဘူးကို ဖွင့်ကြည့်တော့. . .

"တဲ့. . . ပလုတ်တုတ်"

"အမလေး. . . ဖားကြီး"

အောင်ကြီးက ဖားကြောက်သူဆိုတာ မောင်သက် သိတယ်လေ။ ရုတ်တရက်မို့ ငွေဇင် လန့်သွားပေမယ့် အောင်ကြီးလောက်တော့ မလန့်။ အောင်ကြီး တချိုးတည်း ပြေးပါသည်။

"နင်ဟယ်. . . ကြဲကြဲဖန်ဖန် နောက်ရတယ်လို့"

မောင်သက်ကျောကို ထုပြီး ငွေဇင်ပြောတော့ မောင်သက် တဟားဟား ရယ်ရင်း. . .

"မနက်က ဆေးကျောင်းက ချာတိတ်က ကျောင်းမှာ ဒီနေ့ ဖားခွဲရမယ်ဆိုလို့ ငါ့ကို ရှာခိုင်းထားလို့ဟ"

အဝေးက ကြည့်နေတဲ့ ညိုထွန်းတို့က အောင်ကြီးပုံစံကြောင့် တဟားဟား။ ငွေဇင်က လွင်ဦးရှိရာကို မသိမသာ ကြည့်ရင်း. . .

"ဟွန်း. . . ဒါ ဟိုသေနာ လွင်ဦးလက်ချက် မဟုတ်လား"

မောင်သက်ကလည်း အရောက်ပို့သည်. . 'အေး'. . တဲ့။

ငွေဇင့်မျက်နှာက ကျေနပ်မလို မကျေနပ်မလိုလို ပုံစံလေး မောင်သက် သိတာပေါ့ ငွေဇင်. . . ဟဲဟဲ။





# အခန်း(၃၂)

"အစ်မ်. . ကားခ"

"ရော့. ."

မြို့ထဲက ပြန်လာရင်း ကားပေါ် တက်တော့ စပယ်ယာကို ငွေဇင် နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

"ဟာဗျာ. . . တစ်ရာလမ်းကို နှစ်ရာတန် ပေးတော့ ကျွန်တော်က အကြွေဘယ်လိုအမ်းမလဲ"

"အဲဒါတော့ နင်တို့ကိစ္စလေ"

ငွေဇင်ကလည်း စိတ်ရှုပ်ရှုပ်နဲ့ ပြောမိတော့ စပယ်ယာ ကောင်လေးက မကြည်ချင်။

"ကောင်လေး. . . ငါလည်း နှစ်ရာပေးထားတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီအသံကြောင့် ငွေဇင် ဆတ်ခနဲ လှည့်ကြည့်တော့ လွင်ဦး။ သူမ အသားလွတ် မျက်စောင်းထိုးမိတော့ လွင်ဦးက နှာခေါင်းရှုံ့သည်။ ဆင်းရမည့်မှတ်တိုင်နဲ့ နီးလာပြီဆိုတော့. . .

"စပယ်ယာ. . . တစ်ရာပြန်မအမ်းရသေးဘူးနော်"

"ဟော့ကောင်. . ငါ့လည်း မအမ်းရသေးဘူးကွ၊ ငါလည်း ဆင်းမှာ"

စပယ်ယာ ခေါင်းကုတ်ရင်း သူ့လက်ထဲက နှစ်ရာတန်တစ်ရွက်ကို ထုတ်ကာ. . .

"ကဲ. . . အောက်ကျမှ ခွဲယူကြဗျာ. . . အကြွေမရှိဘူး"

ငွေဇင် သူ့လက်ထဲက နှစ်ရာတန်ကို အောင့်သက်သက်နဲ့ ယူထားလိုက်ရပါတယ်။

ကားပေါ်က ဆင်းတော့. . .

"ဟေ့. . . မလိမ့်တပတ်နဲ့ လစ်မယ် မကြံနဲ့နော်၊ ငါ့ကို တစ်ရာပေးဦး"

လွင်ဦးပြောပုံကြောင့် သူမ ချိုထောင်ကာ. . .

"အောင်မာ. . . လူကို တစ်ရာလောက်နဲ့ လစ်ပြေးမယ်များ ထင်လား"

"မသိဘူးလေ. . . ပြောမရဘူး၊ ဝတ်တာစားတာ ကြည့်ပြီး ခန့်မှန်းလို့ရတာမှ မဟုတ်တာ"

ငွေဇင် ဒေါသထွက်မိကာ. . .

"တောက်. . . နင် လူပါးမဝနဲ့နော်၊ တစ်ရာလောက်တော့ စိတ်မဝင်စားဘူး"

လွင်ဦးက အဲဒီစကားကို သဘောကျတယ်လေ။

"ဒါဆိုလည်း ငါစိတ်ဝင်စားတယ်၊ ငါ့ကို နှစ်ရာလုံး ပေးလိုက်"

"မပေးနိုင်ဘူး"





"နင်ပဲ စိတ်မဝင်စားဘူးဆို"

ငွေဇင် စကားကပ်သပ်ပြောနေတဲ့ လွင်ဦးကို ကုပ်ဖဲ့ရိုက်ချင်မိပါသည်။

"အမှန်ဆို စိတ်မဝင်စားဘူး၊ နင့်ကို အမြင်ကတ်လို့ အမ်းကို ယူဦးမှာ"

"ဒါဆိုလည်း နင် ဆေးလိပ်ဝယ်သောက်လိုက်"

"ဘာ. . . ငါက ဘာလို့ ဆေးလိပ်ဝယ်သောက်ရမှာလဲ၊ လွင်ဦး နော်. . ."

ကားမှတ်တိုင်မှာ ငွေတစ်ရာ စီရင်ခန်းကို ဖြေရှင်းလို့ မရဘဲ ဖြစ်နေချိန်မှာ. . .

"ဟိတ်. . ကိုကြီး ဘာဖြစ်နေတာလဲ"

အသံနွဲ့နွဲ့လေးနဲ့အတူ လွင်ဦးလက်မောင်းကို လှမ်းဖက်လိုက်သူကြောင့် ဝတ်စားဆင်ယင်မှုကို ကြည့်ကာ ငွေဇင် သိလိုက်ပါပြီ။ သီတာအေးတို့ ပြောတဲ့ မော်ဒယ်ဂဲလ်ဆိုလား။

"ဪ. . . ရွှေစင်၊ အတော်ပဲ. . . ငွေတစ်ရာရှိလား"

"ဘာလုပ်ဖို့လဲ"

"လှူမလို့"

"တောက်. . . နင်နော်"

ရွှေစင်. . ငွေဇင့်ဒေါသကြောင့် မျက်လုံးလေး ပိုင်းသွားကာ သူမအိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ကာ. . .

"အင်း. . . ရှိတယ်. . ရော့"

လွင်ဦးက လှမ်းယူပြီး. . .

"ရော့. . တစ်ရာ၊ ပေး. . နှစ်ရာ"

"ရော့. ."

ငွေဇင်က လွင်ဦးကို ဆောင့်ကြီးအောင့်ကြီး ထိုးပေးပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်မယ်အလုပ်. . .

“ကိုကြီး. . . ရွှေစင့်ကို မုန့်ဝယ်ကျွေး”

လွင်ဦးကလည်း ငွေဇင် ကြားအောင် ပိုပိုသာသာလေး ပြောလိုက်သည်။

“ကျွေးရမှာပေါ့ ရွှေစင်ရယ်၊ ရွှေစင်လေး စားချင်ရင် ဇေရက်တောင်ထိပ်က ဘယာကြော်သုပ်ကိုတောင် ဝယ်ကျွေးမှာ”

ရွှေစင်ဆီက တခစ်ခစ်ရယ်သံ ကြားသလောက် ငွေဇင်က မျက်နှာမဲ့ရွဲ့မိကာ. . .

“နှာဘူးကြီး”

တိုးတိုးပြောလိုက်မိပေမယ့် လွင်ဦးက နားစွန်နားဖျား ကြားမိကာ. . .

“နင် ဘာစကားပြောတာလဲ”

ငွေဇင်က မျက်နှာလေး ချိုကာ. . .

“ဘာစကားပြောလို့လဲ. . . နှာပိတ်နေလို့ ဝေဥ့ကျော်နှာဘူး ဝယ်မယ်ပြောတာ”

“နင်. . နင်နော်”

ငွေဇင်က အောင်နိုင်သူအပြုံးနဲ့ ဆတ်တောက်ဆတ်တောက် လျှောက်သွားတော့ လွင်ဦး မခံမရပ်နိုင်ဖြစ်ကာ. . .

“ရွှေစင် ဒီမှာ ခဏစောင့်နေ”

“ဟင်. . . ဘယ်လဲ”

“ခဏလေး. . . အခုချက်ချင်း ပြန်လာခဲ့မယ်”

ရွှေစင် ကြောင်တောင်တောင်နဲ့ ရပ်စောင့်နေပါသည်။ လွင်ဦး ခပ်လှမ်းလှမ်းက ဦးငွေရတို့ရဲ့ ထာဝရ အလှူခံမဏ္ဍပ်ကို သွားပြီး ခုနငွေနှစ်ရာကို အလှူငွေ ထည့်လိုက်သည်။ သိပ်မကြာပါဘူး၊ ချက်ချင်းပင် လော်စပီကာမှ. . .





“ဟုတ်ကဲ့. . . အခုလို ကိုလွင်ဦးရဲ့အလှူငွေနှစ်ရာကတော့ သူနှင့် သူ၏မိန်းမများရဲ့နောက်ဆက်တွဲအလှူငွေ ဖြစ်ပါတယ်တဲ့”

ငွေဇင် အဲ့ဒီအသံကြောင့် ဆွေ့ဆွေ့ခုန်မှာ လွင်ဦး သိပါသည်။ မှတ်ထား ငွေဇင်။ လွင်ဦးကွ. . . မှတ်ထား။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

"ရှင်ဦး. . မင်းနဲ့ငါ စကားနည်းနည်းပြောချင်တယ်. . . ဖြစ်မလား"

ပြောပုံကိုက လုံးဝအချိုးမပြေတဲ့ဟန်ပန်။

နားထင်ကို လက်ညှိုးနဲ့ ထိုးပြီး ပြောပုံကိုက သူ့လက်က ဟန်းချိန်းကို ကြွားမှန်း လွင်ဦး သိပါသည်။

"မင်း ငါနဲ့ စကားပြောချင်တယ်ဆိုရင် ပြောစရာစကားက အပေါင်ခံဖို့ ကိစ္စတစ်ခုပဲ ရှိတယ်၊ မင်းအပေါင်ခံချင်လို့လား"

"အေး. . ဟာ. . မဟုတ်ပါဘူး. . ငွေဇင်"

"ဘာ. . . ငွေဇင်ကို သွားပေါင်ရအောင် ငွေဇင်က မင်းကို ပါးရိုက်လွှတ်မှာပေါ့ကွ"

ကျွန်တော့်စကားကြောင့် ဒီကောင် ခေါင်းတွေ ကုတ်နေသည်။





"ဘာသောက်မလဲ"

ညိုထွန်းရဲ့စားပွဲထိုးလေးက အောင်ကြီးကို လှမ်းမေးတော့. .

"ငွေဇင်. . . ဟာ. . . မဟုတ်ပါဘူး၊ လက်ဖက်ရည်တစ်ခွက် ဆေးလိပ်ချကွာ"

ကောင်လေး ခေါင်းညိတ်ပြီး ထွက်သွားတော့ အောင်ကြီး အတ်လမ်းကို ပြန်ဆက်ပါသည်။

"ငါ တစ်ခုသိချင်လို့"

ကျွန်တော် ဟက်ခနဲ ရယ်လိုက်ပါသည်။

"အားလုံးသိနေတာပဲလေ. . . ဘာဖြစ်လို့လဲ"

"ဘာ. ."

အောင်ကြီး မျက်လုံးပြူးသွားတာကြောင့် ကျွန်တော်က. . .

"ဘာဖြစ်လို့လဲ"

"ဟာ. . . မဖြစ်နိုင်ပါဘူး"

အောင်ကြီးပုံစံက မယုံကြည်နိုင်တဲ့ပုံ။

"မင်းရူးနေလား အောင်ကြီး၊ ငါလည်း အပေါင်ခံတာ ငွေဇင် လည်း အပေါင်ခံတာ တစ်ရပ်ကွက်လုံး သိနေတာပဲ၊ ဘာလဲ. . . မင်း အပေါင်ခံစားမလို့လား၊ ဈေးကွက်တော့ လာမလုနဲ့နော်. . . မရဘူး"

"အမ်. ."

ဒီကောင် ပါးစပ်အဟောင်းသားဖြစ်နေတာကြောင့်. . .

"ဘာဖြစ်လို့လဲ. . . မယုံဖြန်ဘူးလား"

"မဟုတ်ဘူး. . . မင်းကို ငါမေးတာက မင်းနဲ့ငွေဇင် ကြိုက်နေ ကြသလားလို့ မေးတာ"

အိုး. . မိုင်ဂေါ့ဒ်လို့ မအော်မိရုံတမယ်ပါပဲ။ ဒီသတင်းက ဘယ် နေဘယ်လို အတောင်တပ်ပြီး ရောက်လာပါလိမ့်။

"နေပါဦး. . . မင်း ငါ့ကို လာမေးရအောင် မင်းကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လို့လဲ. . . ငွေဇင်လား"

"ငွေဇင်တတော့ ဘယ်ပြောမလဲ လွင်ဦးရာ၊ မောင်သက်ကို ငါ တီးခေါက်မေးကြည့်တော့ မင်းနဲ့ ဘာလိုလိုတဲ့"

ကျွန်တော် ရယ်တော့ ဒီကောင် အကြောင်းသားနဲ့ ကျွန်တော့်ကို ငေးကြည့်နေသည်။

"ငါ့အတွက် အရေးကြီးလို့ပါကွာ၊ မင်းနဲ့ငွေဇင်ရဲ့အခြေအနေတ"

"နေဦး. . . ငါမဖြေခင် မင်းအရင်ဖြေ၊ မင်းက ဘယ်လိုထင်လဲ"

အောင်ကြီး အိုးတိုးအမ်းတမ်း ဖြစ်နေပါသည်။

နောက်တော့. . .

"ငါကတော့ ထင်ချင်နေတယ်"

"ဘာဖြစ်လို့လဲ"

"မင်းတို့ပုံစံက ဟုတ်နေသလိုလိုပဲ"

"ဒါဆိုလည်း ရှပြီ ငါဖြေမယ် အောင်ကြီး၊ မင်းထင်သလို ဟုတ်တယ်"

"ငါ မယုံဘူးကွာ"

အခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေတဲ့ အောင်ကြီးကြောင့် ဒီကောင့်ကို ကြည့်ပြီး တဟားဟား ရယ်ကာ. . .

"မင်းမယုံရင်လည်း မယုံနဲ့ပေါ့"

ကျွန်တော်ပြောတာ ရှင်းရှင်းလေးပါ။ သူ့ဘာသာသူ မှတ်ချက်တွေ ပေးနေတာတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး။

"ကျေးဇူးပဲကွာ"

ဒီကောင် ထရပ်တော့ ကျွန်တော် မေးမိပါသည်။

"နေဦး. . . ဘာကို ကျေးဇူးတင်တာလဲ၊ ဘာလဲ. . . ငါ့





ငွေဇင် ရည်းစားဖြစ်လို့ ကျေးဇူးတင်တာလား"

"အင်း. . ဟာ. . မဟုတ်ပါဘူးကွာ၊ ကဲ. . . သွားပြီ"

အူကြောင်ကြောင်နဲ့ ထထွက်သွားတော့ ကျွန်တော် သဘောကျစွာ ရယ်သည်။ ညိုထွန်းက ကောင်တာက အကဲခတ်နေရာမှ ထလာတာ ကျွန်တော့်ဝိုင်းမှာ ဝင်ထိုင်ရင်း အောင်ကြီး ထွက်သွားရာဘက်ကို ကြည့်ကာ. . .

"ဒီကောင် ဘာတွေလာပြောသွားတာလဲ"

"မောင်သက် ကျုပ်လိုက်တာကို အဟုတ်ထင်ပြီး ငါ့လာမေးတာ ညိုထွန်း. . . တော်တော်ရယ်ရတဲ့ကောင်"

"မောင်သက်တ ဘာကျုပ်လိုက်လို့လဲ"

"ငါနဲ့ငွေဇင်က သမီးရည်းစားတွေလားတဲ့"

ညိုထွန်း တဟားဟား ရယ်သည်။

"မင်းကရော ဘာပြောလိုက်လဲ"

ကျွန်တော် ပြုံးစေ့စေ့နဲ့. . .

"ငါမဖြေသေးဘူး. . . ဒီကောင့်ကို ပြန်မေးလိုက်တာပေါ့၊ အောင်ကြီး မင်းကရော ဘာထင်လဲလို့"

"အဲဒီတော့. . . "

"အောင်ကြီးက ပြောတယ်၊ မင်းတို့ပုံစံက ဟုတ်နေသလိုလိုပဲ တဲ့"

"ဟား. . ဟား. . ကောင်းတယ်"

"နေဦး. . . မပြီးသေးဘူးကွ၊ အောင်ကြီးက ထပ်ပြောပြန်တယ်. . . ငါမယုံဘူးကွတဲ့"

"ဟင်. . "

ညိုထွန်းတောင် အူကြောင်ကြောင် ဖြစ်သွားပါတယ်။

"ဘယ်လိုကောင်လဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ညီထွန်းစကားကြောင့် ခေါင်းညိတ်ရင်း. .

"အေး. . . အဲ့ဒါကြောင့် ငါပြောတာပေါ့၊ ဒီကောင် ဂေါက်ဝ
ဆိုး ငါလည်း ပြောလိုက်ပါတယ်. . . ရှင်းရှင်းလေး၊ မင်းမယုံရင်လည်း
မယုံနဲ့ပေါ့လို့"

ကျွန်တော့်အဖြေကြောင့် ညီထွန်း သဘောတွေ ကျကာ ေ
တားဟားနှင့် ရယ်လို့မဆုံးတော့။

"ဟော. . . လာပါပြီ ယောက်ဖ မောင်သက်၊ အတော်မှေ
ကောင်ကွာ"

မောင်သက်က အောင်ကြီးဆီက ကြားလာဟန် တူသည်။ စပ
ဖြိနဲ့ ဝင်လာရင်း. . .

"ဟိုကောင်တော့ အတော်ခံလိုက်ရတဲ့ပုံပဲ၊ ငါ့ဆီ ရောက်လ
တော့ ဇက်ကျိုးနေပြီ"

"ဘယ်လောက်တောင် သောက်လို့လဲ"

ကျွန်တော့်စကားကြောင့် မောင်သက် ကျွန်တော့်ကျောကို ပို
လိုက်ရင်း. . .

"ဟေ့ကောင်. . . မင်းပညာပေးလိုက်တာကို ပြောတာ

"ငွေဖင် ကြားရင်တော့ ဒေါဖောင်းမှာ သေချာတယ် လွှ

ညီထွန်းစကားကြောင့် ကျွန်တော် ပခုံးတွန့်မိပါသည်။ ငွေ
ကြယ်မြင် လမြင်ဘဲလို ဒေါသကို ရှင်းရှင်းလင်းလင်းကြီး ထွက်မှာ





# အခန်း(၂၁)

"ဘာ. . . ရှင်သွားမေးတယ် ဟုတ်လား ကိုအောင်ကြီး"

အောင်ကြီးက ဓါတ်ရှင်မင်းသားလိုလို ဘာလိုလို စတိုင်နဲ့
အလွှမ်းတွေကို အင်တိုက်အားတိုက် ချွေပြနေသည်။

"ရှင့်ကို ဘယ်သူပြောတာလဲ. . . ကျွန်မနဲ့လွင်ဦး ချစ်သူတွေ
ဖြစ်နေကြတယ်လို့"

မထင်မှတ်တဲ့စကားကြောင့် ကျွန်မ အောင်ကြီးကို ဒေါသဖြစ်ရ
သလိုလို။

"မောင်သက်"

ကျွန်မ မျက်ခုံးတွေ မြင့်တက်သွားပြီးမှ နောက်တော့ တဖြည်း
ဖြည်း ပြုံးလာမိသည်။ အောင်ကြီး. . ဟိုကောင် ငမွေ မောင်သက်ရဲ့

www.burmeseclassic.com



ခက်တို့ တော်တော်ခံလိုက်ရပြီဆိုတာ ငွေဇင် သိလိုက်သည်။

"အဲဒီတော့ လွင်ဦးက ဘာပြန်ပြောလဲ"

"မင်းထင်သလို ထင်နိုင်ပါတယ်တဲ့"

ကျွန်မ နှုတ်ခမ်းတွန့်ကွေးမိသည်။ ဒါ လွင်ဦး လူလည်လုပ်တဲ့ စကားမှန်း ငွေဇင် သိလိုက်သည်။

"ရှင်က ဘာပြန်ပြောလိုက်လဲ ကိုအောင်ကြီး"

ပိုက်ဆံမပေးရလို့လား မသိ။ အောင်ကြီးက သက်ပြင်းတွေ ချွေပြုပါသည်။

"ကျွန်တော်က မင်းတို့ပုံစံက ဟုတ်နေသလိုလိုပဲလို့"

ငွေဇင် ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"ဟုတ်လားဟင် ငွေဇင်. . . ငွေဇင်နဲ့ လွင်ဦးက"

ငွေဇင် ရယ်လည်း ရယ်ချင်သည်။ ရယ်လည်း မရယ်ရက်ပါ။

"ရှင်က သဘောသားသာ ပြောတာ၊ တော်တော်အတဲ့သဘော သားပဲ ကိုအောင်ကြီး"

"ဟာ. . . ကျွန်တော်က 'အ' အင်ဒိုတွေ မဟုတ်ပါဘူး. . . 'ရွှေ' တွေပါ"

"ဘာကြီး"

"ရွှေဆိုတာ မြန်မာလေ"

အောင်ကြီး ပြောပုံဆိုပုံကြောင့် သူမ ရယ်လို့မဆုံးတော့။

"ကဲ. . . ဆက်မလိုက်နဲ့တော့၊ အိမ်နဲ့ နီးနေပြီ"

"ဟုတ်ကဲ့"

ကိုအောင်ကြီး နောက်လှည့်ထွက်သွားတော့ ငွေဇင် ဈေးခြင်း တောင်းကို ဆွဲရင်း ဆက်လျှောက်လာမိသည်။

"ငွေဇင်. ."

"ဟင်. . . မောင်သက်၊ လာစမ်း ငါးမြွေထိုး. . . လာဦး"





မောင်သက်က ကွမ်းယာဆိုင်ထဲက တဟားဟားနဲ့ ရယ်ရင်း ထွက်လာပါတယ်။ ညိုထွန်းက ဆိုင်ထဲက လှမ်းအော်သည်။

"ငွေဇင်. . . နင် ထိပေါက်တယ်ဆို"

"ဟုတ်တယ် ညိုထွန်းရေ၊ ဘိုးတော်မောင်သက်ရဲ့မစမှုကြောင့် ကျော်မကောင်း ကြားမကောင်းအောင် ပေါက်တာ. . . သိတာအေး ရော"

"ဒေါ်မြကြည်တို့အိမ် သွားတယ်"

"ဟဲ့. . . ခွေးကောင်၊ ဒေါ်မြကြည်ဆိုတာ နင့်အမေ မဟုတ် လား"

ညိုထွန်းက ကောင်တာကနေ တဟားဟား။ မောင်သက်က စပ်ဖြဲဖြဲနဲ့ ငွေဇင်အနား လာရပ်ရင်း. . .

"ဟဲ့ . ဟဲ့ . . ငါ့ကို မုန့်ဝယ်ကျွေးမလို့လား"

"အေး. . . ကျွေးမယ်"

ငွေဇင် ဈေးခြင်းထဲက ပဲသီးစည်းနဲ့ ရိုက်တော့ မောင်သက် တဟားဟားနဲ့။ မောင်သက်က ကျောင်းကတည်းက အခုထိ အကျင့် ဖျောက်နိုင်သေးဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

မောင်သက် ပြောပြတော့ ညိုထွန်းမိန်းမ သီတာအေးနဲ့ သူမ၏ အပေါင်းပါများ ဖြစ်ကြသော မစံနဲ့ မပပတို့ပါ တဝါးဝါးနဲ့ ပွဲကျနေကြသည်။ မစံက နှာရှည်ညှစ်ဆုတ်လိုက်ရင်း. . .

"ရှုတ်. . . အောင်ကြီးတော့ လောင်မီးကူးသွားမှာ သေချာတယ်"

မစံစကားကြောင့် မပပက အရယ်ကို မနည်းရပ်ရင်း. . .

"အောင်ကြီးက ငွေဇင်ကို ထပ်မေးသေးတယ်"

"အဲ့ဒီတော့. . ."

မောင်သက် စပ်ဖြဲဖြဲရုပ်နဲ့ပဲ. . .

"အဟီး. . . ငါ့ကို ဈေးက ဝယ်လာတဲ့ ပဲသီးစည်းနဲ့ ဆော်တော့တာပေါ့"

မောင်သက် စကားကြောင့် သီတာအေးက မေးပြန်ပါသည်။





"နင့်ကို အတော်စိတ်ဆိုးမှာပေါ့"

"မိန်းမရယ်. . . မောင်သက်ကို ငွေဇင် စိတ်ဆိုးရဲမလား။ ကျောင်းကတည်းက မောင်သက်ရဲ့ချောက်ချတဲ့ဒဏ်ကို လူတိုင်း ခံနေရတာပဲ၊ ဘယ်မှာ စိတ်ဆိုးလို့ ရလို့လဲ"

"ဟဲ့. . . နင်တို့ကောင် လွင်ဦးနဲ့ ရွှေစင်စကြာရဲ့အခြေအနေက"

မစံရဲ့အမေးကြောင့် မောင်သက်က. . .

"မစံကလဲဗျာ. . . ရွှေစင်မိုးရိပ်ပါ။ ခင်ဗျားပြောတဲ့ ရွှေစင်စကြာက အဝေးပြေးကားလိုင်းဗျ"

"အေးပါ. . . နည်းနည်းလေး မှားတာကိုပဲ၊ ပြောပါဦး. . . သူတို့နှစ်ယောက်အကြောင်း"

မစံရဲ့အမေးကြောင့် ညိုထွန်းက. . .

"ဘာမှမဟုတ်ကြဘူး"

"ဘာမဟုတ်ကြတာလဲ"

"ဘာမှမဟုတ်လို့ ဘာမှမဟုတ်ကြတာပေါ့ မစံရဲ့"

မပပက ယုံကြည်ချင်ဟန် မရှိသေး။

"ဟဲ့. . . ဟုတ်လို့လားဟယ်၊ ကောင်မလေးက လွင်ဦးကိုဆို သူ့ရည်းစားကျနေတာပဲ. . . ဖက်လိုက်လျက်လိုက်နဲ့"

"ဘာကို လျက်တာလဲဟင်"

မောင်သက်စကားကြောင့် မပပ မောင်သက်ကျောကို ထုပါသည်။

"ဘာမှမဟုတ်ပါဘူး"

"လာပြန်ပြီ ဘာမှမဟုတ်တာ၊ ရှင်းရှင်းပြောစမ်းပါ ယောက်ျားရယ်"

သီတာအေးစကားကြောင့် ညိုထွန်း ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ကောင်မလေးက သူ့အစ်ကိုလို ခင်ရုံ ခင်တာပါ။ ပြီးတော့ ကောင်မလေးက ရဲတော့. . ."

"လူဆိုးကို ဖမ်းတော့တာပေါ့"

မောင်သက် နောက်ရွှတ်ရွှတ် ဝင်ပြောတော့ ညိုထွန်းက. . .

"တော်စမ်းပါ မောင်သက်ရာ"

"ကဲ. . . အစီအစဉ်ကို ဒီထက် ထပ်မြှင့်ဖို့ လိုတယ်နော်"

"အေးပါ. . ဟဲ့. . ညိုထွန်း အခု သူတို့နှစ်ယောက်ရဲ့အခြေအနေကရော"

"တိုးတက်လာတယ် ပြောရမှာပေါ့ မစံရယ်"

"ဘယ်လို တိုးတက်လာတာလဲ"

"လမ်းမှာ တွေ့ကြပြီဆိုရင်. . ."

"ဟိဟိ. ."

မပပရဲ့ရယ်သံကြောင့် ညိုထွန်းက. . .

"အဲ့ဒါ ဘာဖြစ်တာလဲ"

ညိုထွန်းစကားကြောင့် မပပ ရှက်ရှက်နဲ့ ညိုထွန်းကို ဆွဲဆိတ်သည်။ ညိုထွန်း ရယ်ကျဲကျဲ လုပ်ရင်း. . .

"လမ်းမှာ တွေ့လို့ကတော့ တစ်ယောက်နဲ့တစ်ယောက်လေ"

အားလုံးက ညိုထွန်းစကားကို နားစွင့်နေကြပါသည်။

"မျက်နှာကြောကို မတည့်ကြဘူး"

"ခွေးကောင်. . ."

ညိုထွန်းက တဟားဟား။ အားလုံးက အဟုတ်မှတ်လို့ နားထောင်မိကြတာကြောင့် ညိုထွန်းကို ဝိုင်းပြီး မေတ္တာပို့ကြသည်။





# အခန်း(၂၃)

ငွေဇင့်မျက်နှာက စူပုတ်ပုတ်။

"ဟဲ့. . . ကားငှားလေ၊ ဘာဖြစ်နေတာလဲ"

လွင်ဦး လှမ်းပြောလိုက်တော့ ငွေဇင် မကျေမနပ်နဲ့ လွင်ဦးကို မျက်စောင်းထိုးကြည့်ရင်း. . .

"နင့်ဘာသာနင် ငှားပါလား"

လွင်ဦး တဟိဟိနဲ့ ရယ်တော့ ငွေဇင် မကျေမနပ်နဲ့ တောက်ခေါက်သည်။

"ဒီမှာ ငွေခင်"

"နင်နော်. ."

"ဆောရီး. . ဆောရီး. . ငွေဇင်၊ နင် မကျေမနပ်ဖြစ်ရမှာ ငါဦးလေးနဲ့ နင့်အမေပဲ၊ သူတို့က နင်တို့ဘကြီးကို သွားကြိုဖို့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းထည့်လိုက်ကြတာ၊ ငါနဲ့ဘာမှမဆိုင်ဘူး"

"ကြော်. . . နင်က ယောကျ်ားလေးပဲ၊ နင်ငြင်းလိုက်ပါလား၊ အသုံးတို့စွန့်ရှိတယ် ဘာညာပေါ့"

"ဟ. . . ကောင်းမလားဟ၊ နင့်ဘကြီးဆိုတာကလည်း ရွာရောက်ရင် ငါတို့တူအရီးကို လိုလေသေး မရှိအောင် ဧည့်ခံတာ၊ အမှန်ဆို သမီးအလုပ်ရှိလို့ လွင်ဦးတစ်ယောက်ထဲ သွားကြိုလည်း ဖြစ်တယ်လို့ နင်ပြောရမှာ"

ငွေဇင် စူပုတ်ပုတ်နဲ့ ပြောသည်။

"အဲဒီလို ပြောလို့ကတော့ ငါ့ခေါင်းပေါ် ကို အမေ့လက်ဆစ်က ခေါက်ခနဲပဲ"

"နင့်အလှည့်ကျတော့ ကြောက်တတ်သားပဲ"

"ကဲပါ. . . အရစ်ရှည်မနေနဲ့. . . တားငှား"

ကျွန်တော် လက်လှမ်းတားတော့ တက်စီတစ်စီး ထိုးရပ်သွားသည်။

"အောင်မင်္ဂလာ အဝေးပြေး. . . ဘယ်လောက်လဲ"

"လေးထောင်"

"ဟာဗျာ. . . များလှချည်လား"

"မများပါဘူး အစ်ကိုရာ၊ ကားခွဲမကောင်းလို့ ဒီဈေးနဲ့ ရတာပါ၊ နေတလည်းပူ. . . ချွေးကထွက်၊ ဒီကြားထဲ ဆီဆိုင်မှာ ကားတွေက. . ."

"တော်ပါတော့ အာဖရိက ခိုရယ်၊ ကဲ. . . သွားမယ်"

ကားဆရာက ရယ်သည်။ ငွေဇင်နဲ့ကျွန်တော် နောက်ခန်းမှာ ဝင်ထိုင်တော့ ကားမောင်းထွက်လာရင်း လျှာအလွန်ရှည်သော ကားဆရာ မိကျောင်းသားက. . .

"အေးဗျာ. . . နေကပူ. . ချွေးကပြန်နဲ့၊ ပိုက်ဆံအတွက်သာ အလုပ်လုပ်ရတာ၊ တော်တော်ပင်ပန်းတာဗျ၊ ဒီကြားထဲ ခရီးသည်ကို



အာပေါက်အောင် ပြောရတယ်"

"ချွေးလည်း မထွက်ဘူး၊ ခင်ဗျား ဘာလုပ်လုပ်. . . ပြန်လည်း မပြောတဲ့လူတွေနဲ့ အလုပ်လုပ်ပါလား"

"ဘာအလုပ်လဲဗျ"

"ရေခဲတိုက်မှာ လူသေတွေနဲ့ အောင်မင်္ဂလာနောက်က ရေဝေးသုသာန်မှာလေ"

"ဟာဗျာ"

ကားဆရာ တွန့်သွားပုံကြောင့် ငွေဇင်ပါ လိုက်ရယ်ပါသည်။

"အောင်မင်္ဂလာ အဝေးပြေးဆိုတော့ ခင်ဗျားတို့လင်မယား ခရီးထွက်ဖို့ လက်မှတ်သွားဝယ်တာလား"

"ဘာပြောတယ်"

"ဟို. . ဟို. ."

"ဘာမှ လင်မယား မဟုတ်ဘူး"

ငွေဇင် ခပ်ဆတ်ဆတ် ပြောတော့ ကားဆရာက အားတုံ့အားနာနဲ့. . .

"ဟို. . နှစ်ယောက်တည်းလဲဖြစ်၊ နှစ်ယောက်လုံးက အတွဲညီတော့ မှားသွားတာ. . . ဆောရီး"

ကျွန်တော် ကြိတ်ရယ်မိတော့. . .

"နင်က ဘာရယ်တာလဲ"

"ဘာမှမရယ်ပါဘူး"

ကျွန်တော် မျက်နှာကို တည်မိရင်း ရယ်ချင်စိတ်ကို ဖျောက်ရသည်။ ကားဆရာဆီကလည်း ဘာသံမှ မကြားတော့။ အောင်မင်္ဂလာ ရောက်သည်နှင့် ဂိတ်ကို သွားကာ. . .

"ညခုနစ်နာရီ ထွက်တဲ့ကား ဝင်ပြီလား အစ်ကို"

ဂိတ်ကလူက ခေါင်းခါကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဝင်လာတော့မယ် ညီလေး"

ကျွန်တော် ငွေဇင်ဆီ ပြန်လျှောက်ကာ. .

"ဝင်လာမယ်တဲ့. . . ဒီမှာပဲ ရပ်စောင့်ကြတာပေါ့"

ကျွန်တော်တို့ နာရီတကြည့်ကြည့်နဲ့ စောင့်နေကြရင်း ဂိတ်က ညှခုနစ်နာရီကားဝင်ပြီဆိုတဲ့ အသံကြောင့် လူတွေ ရုပ်စုရုပ်စု ဖြစ်သွားကြသလို ဂိတ်တွေထဲ ဝင်လာတဲ့ ခရီးသည်တင် ဘတ်စ်ကားနဲ့အတူ တိုင်စီ ကားဆရာတွေလည်း လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

ဆင်းလာတဲ့လူတွေကြား ငွေဇင်ဘကြီးကို သွားကြည့်သည်။

"ဟော. . ဟိုမှာ ငွေဇင်. . . လာ"

ကျွန်တော် ငွေဇင်ကို ပြောပြီး မပြေးရုံတမယ် လျှောက်လာရင်း. . .

"ဘကြီး. . "

ဘကြီးက ကျွန်တော်တို့ကို မြင်သွားပြီး. . .

"ဟာ. . . လွင်ဦးနဲ့ငွေဇင်"

"ပေး. . . ဘကြီးအိတ်"

ကျွန်တော် ဘကြီးရဲ့အိတ်နဲ့ ဆွဲခြင်းကို ကူသယ်ပေးတော့. .

"လွင်ဦး. . . မင်းနဲ့ငါ့တူမနဲ့က ယူလိုက်ကြပြီလား"

ဘကြီးစကားကြောင့် ကျွန်တော်က ယောက်ျားလေးပီပီ ရယ်တဲ့ကဲ့။ ငွေဇင်က ရှက်ကိုးရှက်ကန်းနဲ့. . .

"ဟာ. . . မဟုတ်ပါဘူး ဘကြီးရယ်"

ငွေဇင် ရှက်ရှက်နဲ့ ရှေ့က လျှောက်သွားတော့ ဘကြီးက ကျွန်တော်တို့ကို လှမ်းပြောသည်။

"လွင်ဦး. . . "

"ပြော. . ဘကြီး"

"မင်း ငါ့တူမကို သဘောမကျဘူးလား"





"မကောင်းပါဘူး ဘကြီးရယ်"

"ကောင်းပါတယ်ကွ. . . ငါသဘောတူရင် ကောင်းတယ်"

"ဘကြီးကတော့လေ"

အတင်းကြီး တူမကို ထိုးပေးနေတဲ့ ဘကြီးကြောင့် ကျွန်တော် အခက်တွေ့နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၄)

"အစ်ကိုကြီးကတော့ အခုထိ ခေါင်းမာတုန်း၊ အဲဒါသာကြည့် ကိုသိန်းအောင်ရေ"

ဒေါ်လေးအေးမာ စကားကြောင့် ဦးလေးက ရယ်သည်။ ဘကြီးကသာ ဆေးအရှိန်ကြောင့် အိပ်ပျော်နေပါသည်။

"နင့်အစ်ကို ဘစံက ခေါင်းမာမှာပေါ့၊ ငယ်ငယ်တုန်းက ဘော လုံးကန်ရင် ခေါင်းတိုက်ကောင်းတာကိုး"

ဦးလေးစကားကြောင့် ဒေါ်လေး အေးမာက 'ဟုတ်မယ်' ဟု ပြောကာ ရယ်ပါတော့သည်။

ကျွန်တော် ဘကြီးလက်ကို ဆုပ်ရင်း. . .

"ကိုယ်ပူတော့ သိပ်မကျသေးဘူးနော်၊ ဘယ်လိုဖြစ်တာလဲ ဒေါ်





လေး"

ဒေါ်လေးက ကော်ဖီခွက်ကို ချရင်း. . .

"မင်းတို့ ကြိုပြီး အိမ်ရောက်တော့ ရေတစ်ခွက် သောက်ပြီး ပြောမရပါဘူးကွယ်၊ ရေတန်းချိုးတာလေ. . . အပူရှပ်တော့တာပေါ့၊ အစ်ကိုကြီးက တကယ့်ဖွတ်တစ္ဆတ်. . . ဒါဆို ဒါမှ"

"ကိုတင်ငွေရော"

ဦးလေးက ငွေဇင့်အဖေကို ရှာကြည့်ရင်း မေးတော့ ဒေါ်လေး အေးမာက. . .

"အားကိုးရတယ်လေ. . .'အစောကြီး အိပ်ပြီ"

"အင်း. . . ဒါဆိုရင် လွှင်ဦး. . . မင်း ဒီည ဘကြီးဘေးမှာ အိပ်ပြီး လူနာစောင့် လုပ်ပေးလိုက်ပါကွာ၊ တော်ကြာ အရေးအကြောင်း ဆို ကိုတင်ငွေက နားလဲမကြား၊ ပြီးတော့ မိန်းမသားနှစ်ယောက်တည်း ဘယ်လိုလဲ မအေးမာ"

ကိုသိန်းအောင် ပြောတာတော့ ဟုတ်သည်။ နောက်တစ်ချက် က သမီးနဲ့လည်း တစ်အိမ်တည်းဆိုတော့ ပြောရင်းဆိုရင်း ပိုလို့ နီးစပ် နိုင်ပါသည်။

"ကောင်းတယ် ကိုသိန်းအောင်၊ မောင်လွှင်ဦး. . . မင်း အပန်း တကြီးဘူးဆိုရင် စောင့်ပေးပါလားကွယ်"

ငွေဇင် မျက်လုံးပြူးသွားသည်။ ကမန်းကတန်းပဲ. . .

"ဟာ. . . မေမေရာ၊ တစ်ဖက်သားကို အားနာဖို့ကောင်းပါ တယ်၊ သမီးပဲ ဘကြီးကို ညအိပ်လူနာစောင့် လုပ်ပေးပါ့မယ်"

ဒေါ်အေးမာကလည်း အကင်းပါးပါသည်။

"သြော်. . . ဘာအားနာစရာရှိလဲ သမီးရယ်၊ ဒီလူနဲ့ဒီလူက အားနာစရာလား၊ မဟုတ်ဘူးလား ကိုသိန်းအောင်"

"ဟုတ်တာပေါ့ အေးမာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချည်တဲ့သူနဲ့ တုတ်တဲ့သူနဲ့က အကွက်ကို ကျလို့။

"မောင်လွင်ဦးကရော. . . အားတယ်နော်"

ဒေါ်လေးအေးမာက အတင်းကြီး အားခိုင်းနေတာကြောင့်. .

"အားပါတယ်. . . ဒါပေမယ့် ထမင်းမစားရသေးဘူး"

"ဒါများ မောင်လွင်ဦး. . . အိမ်မှာပဲစား"

"ဟာ. . . မဟုတ်တာ"

"ကဲ. . ကဲ. . ငြင်းမနေနဲ့၊ ဟဲ့. . သမီး. . ထ၊ မောင်လွင်ဦးကို ထမင်းစားခန်းထဲ ခေါ်သွားပြီး ခူးကျွေးလိုက်လေ"

"မဟုတ်တာ. . . ကျွန်တော့်ဘာသာ ခူးစားပါ့မယ်"

"ဟဲ့. . . မောင်လွင်ဦးကို ခေါ်လေ"

ဒီလောက် အရေးပေး အဖြစ်သည်းနေတော့ ငွေဇင် စိတ်ပေါက်ပေါက်နဲ့. . .

"အမေရယ်. . လွင်ဦးက ကိုယ်လက်အင်္ဂါ စုံပါတယ်၊ တကယ်လို့ အောက်ပိုင်းသေနေရင် သမီး သူ့ကို ချီပြီးခေါ်သွားပါ့မယ်"

လွင်ဦး အောင့်သက်သက်နဲ့ လိုက်သွားရသည်။ ဂန်းနာမ. . . မသိရင် ငါကပဲ အောက်ပိုင်းသေရမလိုလို။

"ဦးသိန်းအောင်. . အစွယ်ကတော့ အခုထိ မကျိုးကြသေးဘူး"

ဦးသိန်းအောင်က အဓိပ္ပါယ်ပါတဲ့အပြုံးနဲ့. . .

"သိပ်မကြာပါဘူး မအေးရယ်၊ မယုံရင်ကြည့်နေ. . . ကျွန်ုပ်လုပ်ရမှာက မြင်းရော ခုံရော လှူပ်ကြဖို့ပဲ"

"ဟုတ်တယ်. . . ဟုတ်တယ်"

ရှေ့က ဝိုင်းက ရယ်နေသလောက် နောက်ကဝိုင်းက စူပုတ်ပါသည်။

"ရော့. . . စား၊ သဒ္ဓါလားမသိ. . မသဒ္ဓါလားမသိ၊ တာ





ဆိုတာပဲ"

မျက်နှာက စူပုတ်နေသလောက် သူမရဲ့အလှက ဖွံ့ဖြိုးနေတာ လွင်ဦး သတိထားမိတော့ ပြုံးမိရင်း. . .

"စေတနာ မပါလို့လား မသိဘူး. . . စားလို့ကောင်းလိုက်တာ၊ နင်ကလည်းဟာ. . . ချည်ရည်ဟင်းလေး ဖြည့်ပါဦးဟ"

သူမ မျက်စောင်းတစ်ချက်ထိုးပြီး ချည်ရည်ဟင်း ထပ်ဖြည့်ပေးသည်။

"အိမ်မှာက တစ်ယောက်ထဲဆိုတော့ ကိုယ့်ဘာသာ ချက်စားရတာ အဆင်မပြေဘူး၊ ဒီလောက်စားလို့ကောင်းတာ ဒေါ်လေးချက်တာ ဖြစ်မယ်"

"ဘာပြောတယ်. . . သူများချက်တာလည်း စားသေးတယ်၊ လူလည်း စော်ကားသေးတယ်၊ လွင်ဦးနော်. . ."

"ဟဲဟဲ. . . စတာပါဟာ၊ ပြောသာပြောရတယ်. . . ချစ်ပေးပါလား"

"ဘာ. ."

ကြုံးအော်လိုက်တဲ့အသံကြောင့် လွင်ဦး တွန့်ခနဲဖြစ်သွားရင်း အိမ်ရှေ့က ကြားသွားမလား လှမ်းကြည့်ကာ. . .

"တိုးတိုးအော်ပါဟ. . . အိမ်ရှေ့က ကြားဦးမယ်"

"ကြားကြား. . . နင် ခုန ဘာစကားပြောတာလဲ"

"ဟို. . ဟိုဟာ. . ငါ ဟင်းချက်မကောင်းလို့ ငါ့ကို ချက်ကျွေးပါလားလို့ ပြောတာ"

ငွေဇင် မယုံကြည်ဟန်နဲ့ လွင်ဦးကိုကြည့်ပြီး. . .

"မဟုတ်ပါဘူး. . . ခုန ငါကြားလိုက်တာ. ."

လွင်ဦး ပြုံးစေ့စေ့နဲ့. . .

"နင်က ဘာကြားလို့လဲ၊ နင်ကြားချင်တာ ကြားတာ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်. . /. သေလိုက်ပါလား"

မွေ့ခင် ဒေါသဖြစ်ပြီး ဆောင့်ဆောင့်အောင့်အောင့်နဲ့ အိမ်ရှေ့ဆီ ထွက်သွားတော့ လွင်ဦး တဟားဟား ရယ်ရင်း ကျန်ရစ်ခဲ့သည်။





# အခန်း(၂၅)

"မောင်လွင်ဦး. . . မင်းအိပ်ချင်ရင် ဟိုအခန်းမှာ သွားအိပ်၊ မင်းတို့ဘကြီးလည်း အပူကျနေပြီပဲ"

လွင်ဦး. . ဘကြီးဘေးမှာ စာအုပ်ထိုင်ဖတ်နေရင်း ဒေါ်လေးက ဘုရားရှိခိုးပြီးစီးတော့ အခုလို လာပြောပါသည်။

"ရတယ် ဒေါ်လေး၊ ကျွန်တော်လည်း မအိပ်ချင်သေးလို့ ခဏစောင့်ကြည့်လိုက်ဦးမယ်"

"အေး. . အေး. . အိပ်ချင်ရင် ဟိုအခန်းမှာ သွားအိပ်နော်၊ ခြင်ထောင်လည်း ထောင်ပြီးသွားပြီ၊ အပြင်မှာ ခြင်ကိုက်တယ်"

"ဟုတ်ကဲ့ ဒေါ်လေး"

ဒေါ်လေး ထွက်သွားတော့ ကျွန်တော် ဘကြီးအခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ သတိကြီးလည်း အဖျားကျသွားပါပြီ။ ကျွန်တော် စာအုပ်ဆက် ဖတ်နေရင်း ဘယ်လိုကဘယ်လို အိပ်ပျော်သွားသည်မသိ။ သန်းခေါင် ကျော်လောက်တော့ ခြင်တွေက ဒေါ်လေးပြောတဲ့အတိုင်း ရဲစိတ်ရဲမာန် နဲ့ သေကြောင်းတိုက်ပွဲ ဆင်နွှဲသလို ကျွန်တော့်ကို တိုက်ခိုက်ကြတော့ သည်။ လူက မျက်လုံးဖွင့်လို့ မရတော့တဲ့အထဲ အိပ်ချင်မူးတူးနဲ့ ကျွန် တော် အခန်းထဲ ဝင်ပြီး ခြင်ထောင်မ,ကာ တစ်ချိုးတည်း အိပ်လိုက် တော့သည်။

အိပ်မက်လည်း မက်သည်။ အိပ်မက်ထဲမှာ ငွေဇင်နဲ့တောင် တွေ့သေး။ အံမယ်. . . ဒီတစ်ခါတော့ ကြည်ကြည်ဖြူဖြူနဲ့ ပြုံးလို့ရယ် လို့ပေါ့။ ဘယ်လောက်သဘောကောင်းနေလဲဆိုရင် သူမရဲ့ကိုယ်သင်း ရနံ့လေးတောင် ရလို့. . . (အိပ်မက်)

“အဲ. . . နင့်အသားကို ကိုင်ကြည့်လို့ရမလား”

သူမက ပြုံးစစနဲ့. . .

“ဘယ်လောက်ဖိုးလဲ”

“နူးပြီလားလို့”

“ဘယ်လို. ."

“ဟို. . ဟာ. . . မိန်းမတစ်ယောက်ရဲ့အသားအရည်ကို ငါ မထိတွေ့ဖူးဘူး”

သူမက ချစ်စနိုးနဲ့ မျက်စောင်းထိုးသည်။

“အောင်မာ. . . နင် ဟိုတစ်ခါ ရေချိုးခန်းထဲမှာ ငါ့ကို ဖက် တယ်လေ”

“ဩော်. . . အဲဒါက အမှတ်တမဲ့ပါဟ၊ အခုက ခံစားချက်နဲ့ ဖက်မှာ”

“အကြာကြီး မဖက်ရဘူးနော်”

“အေးပါ”





ကျွန်တော် သူမကို သိုင်းဖက်လိုက်ပါသည်။ ရင်ထဲမှာ နူးညံ့ စီးဆင်းမှုတစ်ခု စီးဝင်လာလို့ ထုံသင်းတဲ့ရနံ့နဲ့အတူ အဲဒီလို ဖက်လို့ ကောင်းတဲ့အချိန်မှာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၆)

"ဟဲ့. . . အယုတ်တမာကောင် ထစမ်း"

"ဟာ. . ဒုက္ခပဲ. . လွှတ်စမ်"

တိုးတိုးကြိတ်ကြိတ် အသံလိုလိုနဲ့အတူ ကျွန်တော် အိပ်မှုန်စုံမွှားနဲ့ ငေါက်ခနဲ ထထိုင်လိုက်မိသည်။

"ကဲဟယ်. . . ကဲဟယ်"

ကျွန်တော့်ကို ထုနှက်နေတဲ့ အိပ်ရာထစ အလှုနဲ့ ငွေဇင်ရဲ့ လက်ကို ဆုပ်ကိုင်ရင်း. . .

"ဟဲ့. . . တိုးတိုးပြောပါဟ၊ အကုန်လုံး နိုးကုန်ဦးမယ်"

ငွေဇင့်မျက်နှာမှာ အရှက်တရားနဲ့ဒေါသကို ပေါင်းစပ်ထားသည်။





"နင် တမင့်ယုတ်မာတာ မဟုတ်လား"

"ဟာ. . . ဘုရားစူးပါဟာ၊ ငါ အိပ်မှုန်စုံမွှားနဲ့ အခန်းမှားလာတာပါ ငွေဇင်ရယ်၊ ဒေါ်လေးပြောတော့ ဒီအခန်းပါ"

"နင်နော်. . ငါလုပ်လိုက်ရရင်တော့ သေတော့မယ်၊ ဒီအခန်း မဟုတ်ဘူးဟဲ့. . . မျက်နှာချင်းဆိုင်အခန်း"

ကျွန်တော် အိပ်ရာမှ ထရပ်တော့ ငွေဇင် မျက်လုံးအပြူးသားနဲ့. . .

"ဟဲ့. . . နေဦး၊ ငါအရင်ထွက်ပြီး အခြေအနေ ကြည့်လိုက်ဦးမယ်"

"ဒါဆို ငါ ဆက်တစ်ရေးမှေးလိုက်ဦးမယ်"

ပြောပြီးပြီးချင်း ကျွန်တော် ခေါင်းပြန်ချသည်။ ငွေဇင် ကမန်းကတန်း ကျွန်တော့်လက်ကို ဆွဲထူကာ. . .

"ဟာ. . . ပြဿနာတွေတော့ တက်တော့မယ်နဲ့ တူတယ်"

"မတက်လောက်ပါဘူးဟာ. . . မသကာ နင် ငါ့ကို ယူရုံလောက်ပဲ"

"လွှင်ဦး. . . နင်ဘယ်လိုဖြစ်နေလဲ"

ငွေဇင့်ရဲ့တိုးတိုးတိတ်တိတ် မာန်မဲသံကြောင့် ကျွန်တော် ခပ်တိုးတိုး ရယ်တော့ ငွေဇင် မျက်စောင်းထိုးပါသည်။

"နင် ဒီမှာစောင့်နေ"

သူမ တံခါးကို အသာအယာ ဟကာ အပြင်သို့ ထွက်သွားသည်။ ကံဆိုးချင်တော့ ငွေဇင့်မေမေက စောစောစီးစီး ဘုရားရှိခိုးဖို့ ထွက်လာတာနဲ့ ကြုံသည်။

"ဟော. . . သမီးနိုးပြီလား"

"ဟုတ်ကဲ့ မေမေ"

"သမီးဘကြီးလည်း နိုးနေပြီ သမီး၊ သွား. . သွား. . မနက်စာ



www.burmeseclassic.com

www.burmeseclassic.com



အတွက် မြင်ဆင်ထား၊ တစ်လက်စတည်း မထူးပါဘူး၊ မောင်လွင်ဦးကို နိုး။

"ဟင်. . . မနိုးနဲ့ မေမေ"

လွှတ်ခနဲ အလန့်တကြား ပြောလိုက်တော့ မေမေက တအံ့ တဩနဲ့. . .

"ဘာဖြစ်လို့လဲ သမီး"

ငွေဇင် ဘာပြောရမှန်း မသိအောင် အကျပ်ရိုက်နေမိသည်။ နောက်တော့ အကြံရသွားတာနဲ့. . .

"မေမေကလည်း. . . သူက ဖင်ပေါ်ခေါင်းပေါ် အိပ်နေရင် ဘယ်လိုလုပ်မလဲ"

"အေး. . . သမီးပြောတာလဲ ဟုတ်သားပဲ၊ တော်ကြာ အသက်ကြီးမှ မေမေ နှလုံးရောဂါ ရနေဦးမယ်"

"ဟာ. . . မေမေကလည်း"

ငွေဇင် ရှက်ရှက်နဲ့ ပြောမိတော့ မေမေ ရယ်သည်။

"ကဲ. . . စကားကောင်းနေတာနဲ့ မေမေလည်း နောက်ကျနေပြီ၊ ဘုရားရှိခိုးလိုက်ဦးမယ်၊ ဩော်. . . ဒါနဲ့ သမီးပဲ အပြင်ကနေ မောင်လွင်ဦးကို နှိုးလိုက်နော်"

"စိတ်ချပါ မေမေ"

မေမေ ဘုရားရှိခိုးရာကို တက်သွားမှ သူမ ရင်အေးရပါသည်။ ငွေဇင် ရင်ဘတ်ဖိရင်း. . .

"တော်ပါသေးရဲ့"

ငွေဇင် သူမအခန်းတံခါးကို အသာဖွင့်ရင်း. . .

"ကိုယ်တော်. . မြန်မြန်ထွက်ပြီးရင် မျက်နှာသစ်တော့၊ ကျွန်မပျက်စေနဲ့နော်"

လွင်ဦး ရယ်ကျဲကျဲနဲ့ မျက်လုံးကို ပွတ်ရင်း. . .



"အင်းပါ"

လွင်ဦး ဟိုကြည့်သည်ကြည့်နဲ့ အပြင်ကို ထွက်လာခဲ့သည်၊ မထူးတော့ပြီမို့ မျက်နှာသစ် သန့်စင်ပြီး အပြင်ထွက်လာတော့ ဘကြီးကို ငွေဇင်က မနက်စာ ကျွေးနေပါသည်။

"ဘကြီး သက်သာရဲ့လား"

"ဘာမှမဖြစ်တော့ပါဘူး လွင်ဦးရာ၊ မယုံရင် အခု ပြေးပြရ မလား"

ဘကြီးစကားကြောင့် ကျွန်တော်ရယ်သည်။ ငွေဇင်က ပြုံးသည်။ ငွေဇင်ကို အမှတ်တမဲ့ ဧေးမိပါသည်။ မနက်စောစော အိပ်ရာထစ ပါးကွက်ကျားလေး လိမ်းခြယ်ထားတဲ့ သူမပါးပြင်ကို ငေးကြည့်တော့ သူမက ကျွန်တော်ကြည့်နေတာကို မြင်သွားပြီး မျက်စောင်းထိုးသည်။ ဘကြီးကတော့ မသိလိုက်။

"ဟော. . . မောင်လွင်ဦး နိုးပြီကိုး၊ ဘယ်လိုလဲ. . . အဆင်ပြေလား"

"ဗျာ. . ."

"ဟိုလေ. . အိပ်ရတာ အဆင်ပြေလား မေးတာပါကွယ်၊ အိပ်ရာပြောင်းရင် တစ်ချို့က အိပ်မရဘူး. . . မျက်လုံးကြောင်တတ်တယ်လေ"

ကျွန်တော်နဲ့ငွေဇင် မျက်လုံးချင်း ဆုံမိကြသည်။

"ဘယ်သူလဲဟ. . . စိတ်မချဘူး ဓါတ်လုံးဆောင်နေတာ"

တော်ပါသေးရဲ့. . ပေါက်ကရတွေ ကြားပြီး သူတို့ဆီ လျှောက်လာတဲ့ ငွေဇင့်အဖေကြောင့် အသက်ရှူချောင်သွားရသည်။ ငွေဇင့် အမေက သူ့ယောက်ျားကို မျက်စောင်းထိုးပြီး. . .

"လာပြီ. . . ကြားချင်ရာကြား. . ပြောချင်ရာ ပြောမယ့်သူ"

"ဘာ. . . စားချင်ရာစား ပြောချင်ရာပြောတဲ့သူ၊ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ချစ်လို့လဲ... အစ်ကိုကြီး ဘာစံလား၊ ဩော်... နိုးနေပြီပဲ"

အကြီး ထမင်းကြော် စားနေရာမှ နင်သွားမတတ် ဖြစ်သွားသည်။

"တော့တောင် တင်ငွေ၊ ဟာ... ဒီခွေးကောင်တော့"

"ဘယ်သူ့... ကိုအေးမောင် ကန်တော့"

ဒေါ်အေးမာ အမောပြေ သက်ပြင်းချရင်း...

"သူ့ကို ပြောမနေနဲ့တော့ အစ်ကိုကြီးရေ... လွှတ်ထားလိုက်တော့"

"ကိုတင်ငွေ"

နား၊နားကပ်ပြီး အကျယ်ကြီး ပြောတော့ ဦးတင်ငွေ လန့်သွားသည်။

"ဟာ... ကြားပါတယ်၊ နားကို အူသွားတာပဲ"

ဦးလေးတင်ငွေ စကားကြောင့် အားလုံးရယ်ဖြစ်ကြရသည်။





# အခန်း(၂၇)

"ဟေ့ကောင်... ငါပြောတာ ကြားလား"

လက်ကို ပုတ်ရင်း ညိုထွန်း အကျယ်ကြီး ပြောမှ...

"ဟမ်... ဘာပြောတာလဲ"

ကျွန်တော့်ရဲ့အူကြောင်ကြောင်ပုံစံကြောင့် မောင်သက်က ရယ်သည်။ ညိုထွန်းမျက်နှာ ရှုံ့မဲ့ရင်း...

"အခုတလော ဒီကောင် ဘာဖြစ်နေလဲ မသိပါဘူး... ငူငိုင်ငိုင်နဲ့"

"ဒီကောင် ကိုယ်ဝန်ရှိနေလား မသိဘူး ညိုထွန်း"

ကျွန်တော်... မောင်သက်စကားကြောင့် မောင်သက်ကို လှမ်းတန်ရင်း...

"ခွေးကောင်... မင်းကြီးတော်သာ ကိုယ်ဝန်ရှိမှာ"

"ဒုက္ခပဲ ညိုထွန်း"

မောင်သက် ပျာပျာသလဲ ဆိုတော့ ညိုထွန်း အလန့်တကြားနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟ"

"ဒုက္ခပါပဲကွာ. . . ငါကြီးတော် တမလွန်မှာ မီးဖွားဖို့ အခက်တွေ့နေရဦးမယ်"

ညိုထွန်းက ခပ်တည်တည်နဲ့. . .

"မပူပါနဲ့ကွာ. . . ကူးတို့ဆိပ်မှာ ဆေးရုံဆေးခန်းတို့ ရှိမှာပေါ့"

ကျွန်တော်က မရယ်ဘဲ ကြောင်စီစီ ဖြစ်နေတော့. .

"ဟေ့ကောင်. . . မင်းဘာဖြစ်နေတာလဲ"

"ငါ ဘာဖြစ်နေလို့လဲ"

မောင်သက်က ကျွန်တော့်ကို မျက်မှောင်ကြုတ် အကဲခတ်ရင်း

"မင်း ဖြစ်နေပါတယ်. . . တစ်ခုခု"

ကျွန်တော် မျက်လုံးပြူးသွားရင်း. . .

"ငါ့ပုံစံက သိသာနေလို့လား"

"သိတာတာပေါ့. . . မင်းနဲ့ငါတို့က ဒီသောက်ခွက်တွေကို နေ့တိုင်းမြင်နေရတာ"

ကျွန်တော် သက်ပြင်းမှုတ်ထုတ်ရင်း ရေနွေးခွက်ကို ယူသောက်သည်။

"ဖလူး. . . ပူလိုက်တာကွာ"

ရေနွေးပူကို မေ့ပြီး သောက်မိတော့ လွင်ဦး တော်တော်ကို စူထူသွားပါသည်။ ဟိုကောင်တွေက တဟားဟား။ ညိုထွန်းတသဘောကျစွာ ရယ်ရင်း. . .

"လွင်ဦး. . လွင်ဦး. . . မင်း အချစ်ဆူး ထိမိပြီနဲ့ တူတယ်"

"အမ်. . . ."

ကျွန်တော် မျက်လုံးပြူးသွားရင်း. . .

"ငါက ဘယ်သူ့ချစ်မိလို့လဲ"

မောင်သက်က ကျွန်တော့်ပုံစံကြောင့် ဆရာကြီးစတိုင်နဲ့ အဆု





လို ပြောပါသည်။

"လွင်ဦး. . . လောကမှာ ဒီအပြုအမူက နှစ်မျိုးပဲ ရှိတယ်၊ တစ်ခုက မင်းမှာ ကိုယ်ဝန်ရှိရင်ရှိ. . မရှိရင် ရည်းစားပူမိတယ် ခေါ်မလား"

"လာပြန်ပြီ ကိုယ်ဝန်၊ ဟုတ်တယ်. . . မင်းတို့နှစ်ယောက်နဲ့ရတာ"

ဒီကောင်တွေ ရယ်ပြန်ပါသည်။ ကျွန်တော့်ပုံစံက ဒီကောင်တွေအတွက် အဲဒီလောက် ရယ်စရာကောင်းနေလို့လား။

"ပြောလေကွာ. . . ဘယ်သူနဲ့. . ဘယ်လို. . ဘာတွေဖြစ်"

'ဘ' အက္ခရာစာလုံးနဲ့ ကျွန်တော့်ကို မေးခွန်းထုတ်တော့. . .

"အင်း. . . ပြောသင့်မပြောသင့် စဉ်းစားနေတာ"

"ဘာဖြစ်လို့လဲကွ"

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲ ကြည့်တော့ ညိုထွန်းက. .

"မင်းအမူက အဲလောက်တောင် အရေးကြီးနေလို့လား"

"ကြီးတာပေါ့ဟ. . . ဟေ့ကောင်တွေ. . ဒီကိစ္စကို ဘယ်သူ့မှ မပြောရဘူးနော်၊ ညိုထွန်း. . မင်းအရေးကြီးဆုံး၊ မင်းမိန်းမ သိတာအားလုံးဝမသိစေနဲ့နော်"

"ဟင်. . . ဒါဆို. . . "

"ဟုတ်တယ် ညိုထွန်း. . . ငွေဇင်ပဲ"

နှစ်ယောက်လုံး ပါးစပ်အဟောင်းသား။ ကျွန်တော် သက်ပြင်းမှုတ်ထုတ်ရင်း. . .

"အချစ်ဆိုတာ အဆန်းတကြယ်ပါလားကွာ၊ သိပ်အံ့သြဖို့ကောင်းတာ ငါ အခုတော့ သိလိုက်ရပြီ"

မောင်သက်က မေးသည်။

"ဘယ်လိုတွေဖြစ်ကြတာတုန်း. . . ပြောပါဦး"



www.burmeseclassic.com

"ဖြစ်ပုံတာ ဖြစ်ဆုံမှာ မေခ မလိခလို ပေါင်းဆုံလို့ အင်အားကြီးနေသလိုပေါ့ကွာ"

ကျွန်တော့်စကားကြောင့် မောင်သက်နဲ့ညိုထွန်း နှာခေါင်းရှုံ့တုန်ကြပါသည်။

"ကဗျာလာဆန်နေသေးတယ်ကွာ"

"ဒီနေ့ အဖြစ်အပျက်က ဒီလိုကွ"

ကျွန်တော်. . ငွေဇင်တို့အိမ်မှာ ညအိပ်ခဲ့ရာမှစ၍ အိပ်ခန်းမှား ဝင်ပုံ အစအဆုံး ပြောပြတော့ ဒီကောင်တွေ နှာခေါင်းတွေ တလက်လက်၊ ညိုထွန်းက တံတွေးမျိုချပြီး. . .

"ဂလု. . . မင်း တကယ် ဟိုဟာမပြုခဲ့တာ သေချာလို့လား"

"အောင်မလေး. . . စွပ်စွပ်စွဲစွဲကွာ၊ တကယ်ပါ ညိုထွန်း၊ ငါ ဖက်ရုံလေးတင် ဖက်မိတာပါကွာ၊ ဒါတောင် အိပ်ချင်မူးတူးနဲ့မို့လို့"

မောင်သက်က အားမလို အားမရနဲ့. . .

"တောက်. . . မင်းကွာ၊ ဟိုဟာပြုလိုက်ရင်. . ဂလု"

မောင်သက်ရဲ့အဆုံးမသတ်နိုင်တဲ့ ဂလုကြောင့် လွင်ဦးလည်း

"ဂလု. . . ဘယ်သိမလဲကွာ၊ မှန်းသန်းရမ်းသန်းနဲ့ ခြင်ထောင်မပြီး အိပ်ချင်မူးတူးနဲ့ ဝင်အိပ်လိုက်တာ၊ အဲဒါကြောင့် ထင်တယ်၊ ဖက်ခေါင်းအုံးက တော်တော်ဖက်လို့ကောင်းပါလား ထင်နေတာ"

"ဟင်း. . . ငွေဇင်လည်း မရိုးမရွ ရင်ခုန်သံတွေနဲ့ သူလည်း အခုလောက်ဆို အိမ်မြောင်ဥကိုင်သလို ဖြစ်နေမှာ သေချာတယ် လွင်ဦး"

မောင်သက်စကားက ကျွန်တော့်ရင်ခုန်သံကို စွမ်းအားမြှင့်ဖို့ အားပေးကူညီရာရောက်ပါသည်။





# အခန်း(၂၀)

"ဟဲ့. . . လက်ဖက်ရည်ဆိုင်ထဲမှာ လွင်ဦး နင့်ကို ကြည့်နေတယ် ငွေဇင်"

မစ်ရဲ့စကားကြောင့် သူမမျက်နှာတွေ ထူပူသွားကာ ဖျတ်ခနဲ ကြည့်မိတော့. . .

"အောင်မငီး"

လူက ကတုန်ကယင်နဲ့ ခလုတ်တိုက်မိမလို ဖြစ်သွားသည်။ မစ်က မျက်စောင်းထိုးရင်း. . .

"ဪ. . . ငွေဇင်ရယ်၊ ညည်းလဲ အခုတလော ငါကြည့် ကြည့်နေတယ်နော်"

"မစ်နော်. . . ကျွန်မက ဘာဖြစ်နေလို့လဲ"

မစ်က နှုတ်ခမ်းမဲ့ရွဲ့ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မှိုင်တွေတွေနဲ့ ရည်းစားပူမိတဲ့ပုံစံမျိုးနဲ့၊ ငါမသိဘူး ထင်လို့လား။ ညည်း ဘာဖြစ်နေတာလဲ ငွေဇင်"

သူမ အမူအရာ အဲဒီလောက်တောင် သိသာနေမှန်း အခုမှ သိလိုက်ရသည်။ အဲဒါ ဟိုသေနာ လွင်ဦးကြောင့်မှန်း သူမလည်း သိသည်။ စိတ်ထဲက မေတ္တာပို့မိသည်။ ကာလနာ. . . နင်ဖက်တာ ခံလိုက်ရတာတည်းက ငါ နဂိုလို အမောက်မထောင်နိုင်တော့ဘူးဟဲ့. . . ခွေးတောင်။

"ဟဲ့. . . ဈေးက ဒီဖက်မှာလေ၊ ခက်တော့ ခက်နေပြီ၊ လမ်းလျှောက်ရင်း အိပ်ပျော်နေလား"

မစံရဲ့ဗျစ်တောက်ဗျစ်တောက် စကားကြောင့်. . .

"မစံနော်. . . ကျွန်မဘာသာ အိပ်ရေးမဝလို့ ယောင်တောင်တောင် ကြောင်တောင်တောင် ဖြစ်တာ"

မစံက ငွေဇင်စကားကြောင့် ဟက်ဟက်ပက်ပက် ရယ်ကာ. .

"ငါ့ကို လာပတ်မနေနဲ့ ငွေဇင်၊ ဒေါ်လေးအေးမာနဲ့ ငါတွေ့ပြီးပြီ။ ညည်းတို့လူကိုလည်း ကြည့်ပြောဦးတဲ့၊ ညကိုးနာရီ ဆယ်နာရီလည်း မအိပ်နိုင်ဘူးတဲ့၊ အိပ်ရာထဲ ဝင်ပြီး ဟိုလိမ့်ဒီလိမ့်နဲ့တဲ့၊ မနက်ကျရင်တော့ တော်တော့်ကို နှိုးယူရတယ်တဲ့"

ကဲ. . . ဘာပြောချင်သေးလဲ ငွေဇင်။

ငွေဇင် မျက်နှာကြီး စူပုတ်မိကာ အမေ့ကိုလည်း စိတ်ဆိုးမိသည်။ သူမဘာသာ ဘာပဲဖြစ်ဖြစ်ပေါ့။ လူများတွေကို လျှောက်ပြောတော့ သူမ ရှက်တာပေါ့။

"ဟဲ့. . . ဘာဝယ်မှာလဲ"

"လွင်ဦ"

"ဟင်. . ."

မစံ ကြောင်သွားသလို သူမလည်း ရှက်ကိုးရှက်ကန်းနဲ့. . .





"ဟို. . . လွင်မဆလာနဲ့ မုန့်လာဉ ဝယ်မလို့"

မစံက ဘာမှပြန်မပြောတော့ဘဲ တဟားဟား ရယ်သည်။ သူမ ရှက်ရှက်နဲ့. . .

"မစံနော်. . ."

"ဟဲ့. . . ငါ့ဘာသာ ရယ်တာ ဘာဖြစ်လို့လဲ"

သူမလည်း ရှက်ရှက်နဲ့ ရယ်မိပါသည်။ မစံက အပြုံးနဲ့ ခေါင်းတညိတ်ညိတ်။

"မစံနော်. . . အဲလို မကြည့်နဲ့"

"အေးပါ. . ဟိဟိ. . လွင်ဉ"

သူမ မစံကို ဆွဲဆိတ်တော့ မစံမျက်နှာ ရှုံ့မဲ့သွားပါသည်။ ဈေးဝယ်ပြီး ပြန်လာတော့. . .

"ဟဲ့. . . ဟိုမှာ အောင်ဉ၊ အဲလေ. . . အောင်ကြီး စောင့်နေတယ်"

"ဟာ. . . ဒီလူက တစ်မျိုး၊ စိတ်ညစ်လိုက်တာ မစံရယ်"

"နင်ပဲ ရေလာအောင် မြောင်းပေးပြီးတော့၊ အခုမှတော့ စိတ်ညစ်မနေနဲ့"

"သြော်. . . အားနာလို့ စကားပြန်ပြောမိတာပေါ့ မစံရယ်"

"ဟွန်း. မပြောလိုက်ချင်ဘူး၊ အခု ခါးနာတော့မယ်လေ"

အောင်ကြီးက လှမ်းမြင်ကတည်းက သွားမှန်သမျှကို အကုန်ဖော်ထားပြီးပါပြီ။

"နေကောင်းလား. . . အဟီး"

မစံကလည်း ပြန်နှုတ်ဆက်သည်။

"နေကန်းတယ်. . . အဟီး"

အောင်ကြီး. . မစံရဲ့နှုတ်ဆက်စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုးလေ. . . အချိန်ရရင် အချိန်လေး နည်းနည်းပေးပါလား"

"ချိန်ချင်ရင် သမာဓိချိန်ခွင် သွားလေ၊ အဲဒီမှာ ချိန်ခွင်လည်း ရှိတယ်လေ၊ အလေးလည်း ရှိတယ်"

"ဟာ. . . ဘာတွေလာပြောနေတာလဲ၊ ကျုပ် ငွေဇင်နဲ့ စကား ပြောချင်တာ"

"သြော်. . . ပစ္စည်းပေါင်ဖို့လား၊ ရတယ်. . . ငါက ငွေဇင်ရဲ့ အတွင်းရေးမှူး"

အောင်ကြီး စိတ်အတော်ညစ်သွားပုံရသည်။

"ဟိုလေ. . စိတ်မဆိုးနဲ့ ကိုအောင်ကြီး၊ ကျွန်မ အိမ်ပြန်ရင် ချုတ်ရပြုတ်ရဦးမှာမို့ အခုတစ်ခါတည်း ပြောပါလား"

"ဗျာ. . ဟိုလေ. . ရည်းစားစကားကို လမ်းလယ်ခေါင်ကြီး ပြောလို့ ဖြစ်ပါ့မလား"

အောင်ကြီး ခေါင်းကုတ်ရင်း ပြောတော့ မစံ နှာခေါင်းရှုံ့ရင်း

"ရည်းစားစကားကို အိမ်ပေါ် တက်ပြီး ဘုရားခန်းမှာ ပုဆစ် တုပ် ထိုင်ပြီး ပြောလို့ရတယ်လို့ မကြားဖူးပါဘူး"

"ဟာဗျာ. . . ခင်ဗျားဗျာ"

"ဟွန်း. . . မဟုတ်လို့လား"

အောင်ကြီးနဲ့ မစံရဲ့အခြေအနေကြောင့် ငွေဇင် မနည်းဝင် ထိန်းရပါသည်။

"ကဲပါ ကိုအောင်ကြီးရယ်. . . တော်ပါတော့"

"အေးလေ. . . တော်သင့်နေပြီ၊ ငတ်ကိုငတ်တယ်"

"ခင်ဗျားဗျာ"

အောင်ကြီး နှာတမှုတ်မှုတ်နဲ့ တဖြည်းဖြည်း ဘဲငန်းနဲ့ တူလာ သည်။

"မစံကလည်း တော်တော့၊ ကဲ. . . ကိုအောင်ကြီး၊ ရှင် ကျွန်မ





ကို ရည်းစားစကား ပြောချင်တာမို့လား၊ ပြောပြီးပြီလို့ မှတ်လိုက်"

"ဗျာ. . . အင်းလေ ထားပါတော့၊ အဖြေကရော"

"စာစစ်ဌာနမှာ သွားဖြေပေါ့"

မစံ စကားကြောင့် အောင်ကြီးမျက်နှာကြီး နီရဲနေပါသည်။

"ကဲ. . . သွားဦးမယ်နော် ကိုအောင်ကြီး၊ နောက် လမ်းကြုံရင် အဖြေပေးမယ်နော်"

"ဟုတ်ကဲ့. . . ကျွန်တော်စောင့်နေမယ်နော်"

သူမ အပြုံးနဲ့ နှုတ်ဆက်ပြီး ထွက်လာပါသည်။ ခပ်လှမ်းလှမ်း ရောက်တော့ မစံက သူမကို ပြောသည်။

"ဟိုကောင်ကလည်း ရူးပေါ့၊ လမ်းကြုံမှ အဖြေပြန်ပေးမှာကို စောင့်ဦးမတဲ့. . . သောက်ရူး"

မစံ စကားကြောင့် ငွေဇင် ရယ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

"ဟင်. . . ဒါဆို ဒေါ်လေး တမင်အခန်းမှားပြီး ပြောလိုက်တာပေါ့"

တအံ့တသြနဲ့ မပပ ပြောတော့ ဒေါ်လေးက ဂုဏ်ယူဝင့်ကြွားတန်နဲ့. . .

"အေးပေါ့ဟဲ့. . . အဲဒီလို တမင်မမှား့မှားအောင် မနည်းလုပ်ယူရတာ ပပရေ"

"ဒေါ်လေးရယ်. . . ကျော်မကောင်း ကြားမကောင်း၊ တော်ကြာ ဒေါ်လေးသမီး ရေတိမ်နစ်နေပါဦးမယ်"

မပပရဲ့စကားကြောင့် ဒေါ်လေးက မပပ ခေါင်းကို ခေါက်ခနဲခေါက်ပြီး. . .

"ဟဲ့. . . ငါ့သမီးကို သေတွင်းထဲ ပို့ပါ့မလားဟဲ့၊ ဒီလိုမှ မလုပ်



ရင် မြင်းရော ခုံရော မလှုပ်ကြလို့ဟ"

"အခုရော လှုပ်လာပြီလား"

"ဟဲ့. . ."

"ဟို. . ဟို. . မြင်းရောခုံရော လှုပ်လာပြီလားလို့ အဲဒါပြောတာ"

ဒေါ်လေး မပပကို မျက်စောင်းထိုးရင်း. . .

"ငါ့အထင်တော့ လှုပ်လာပြီ ထင်တာပဲ"

ဒေါ်လေးစကားကြောင့် မပပ စဉ်းစားမိရင်း. . .

"မိစံပြောစကားအရတော့ ဒေါ်လေးသမီးတော့ မူပျက်နေတာသိသာနေပြီတဲ့၊ ဒါနဲ့ လွင်ဦးအခြေအနေကရော"

မပပ စကားကြောင့် ဒေါ်လေး ခေါင်းညိတ်ရင်း. . .

"အေးဟဲ့. . . ငါ့သမီးဘက်ကနေချည်းပဲ စဉ်းစားနေတာ၊ လွင်ဦးအခြေအနေ ထူးခြားလား မခြားလား သိအောင် နင်တို့ စုံစမ်းစမ်း"

"ဟိဟိ. . . စိတ်ချ၊ ဒါမျိုးဆို ပပတို့က ကိုယ့်စရိတ် ကိုယ်စားပြီး စုံစမ်းပေးရပေးရ"

ဒေါ်လေးက သဘောကျစွာ ရယ်သည်။

"ဘာတွေ သဘောကျနေတာလဲ ဒေါ်လေး"

ပြောရင်းဆိုရင်း အိမ်ပေါ် တက်လာတဲ့ ငွေဇင်နဲ့မစံတို့ စကားကြောင့် ဒေါ်လေးမှာက. . .

"ညည်းတို့နှစ်ယောက်လဲ ဈေးသွားတာ ကြာလှချည်လားဘာလဲ. . . ပူတာအိုအထိ သွားနေရလို့လား"

ဒေါ်အေးမစကားကြောင့် မစံက ပြုံးစေ့စေ့နဲ့. . .

"ဟိဟိ. . ဟိုလေ. . လွင်ဉ. . သွား. . ဟဲ့. . နာတယ်"

မစံ စကားတောင် မဆုံးလိုက်ရ။ ငွေဇင် ဆွဲဆိတ်ရင်း ကမူးရှူး

www.burmeseclassic.com

www.burmeseclassic.com



ထိုး မီးဖိုဆောင်ဘက် ထွက်ပြေးသွားပါသည်။

"ဟဲ့. . . ဘာလဲ လွင်ဉ"

ဒေါ်အေးမာ အမေးစကားကြောင့် နောက်ဖေးက ငွေဖင်ဆီက အသံကြားရပါသည်။

"မစံနော်. . . အမေ့ရှေ့မှာ ပေါက်ကရတွေ ပြောမနေနဲ့. . . အဟုတ်မှတ်နေအုံးမယ်"

"အေးပါဟဲ့. . . လွင်မဆလာနဲ့ မုန်လာဥအကြောင်း ငါမပြောပါဘူး ငွေဖင်"

မစံ စကားကြောင့် ရယ်သံတွေ ဆူညံသွားပါသည်။





# အခန်း(၃၀)

"အေးပြီးမှ အလုပ်လုပ်စမ်းပါအေ၊ အလုပ်က ထွက်ပြေးသွားမှာ မဟုတ်ဘူး"

ဒေါ်အေးမာ ဈေးသွားဖို့ပြင်ဆင်နေရာမှ ပြောတော့ အပေါင်ခံထားတဲ့ လကျော်စာရင်းတွေကို ဂဏန်းပေါင်းစက်တစ်လုံးနဲ့ အလုပ်ရှုပ်နေတဲ့ငွေဖင် အီကြာကွေး တစ်ကိုက်,ကိုက်ရင်း လက်ဖက်ရည်တစ်ငုံ သောက်ကာ မျှော့ချရင်း. . .

"အမလေး. . . နင်တောင် နင်တယ်၊ အလုပ်က ထွက်မပြေးတာတော့ မှန်ပေမယ့် မနက်ဖြန် ခင်မှုန်တို့ လာမယ်လေ၊ တစ်ခါတည်း ထည့်ပေးလိုက်တော့ တစ်သုတ်ရှင်းသွားတာပေါ့ အမေ"

ခင်မှုန် လာမယ်ဆိုတော့ ဒေါ်အေးမာ ဘာမှ မပြောတော့။ ခင်မှုန်ဆိုတာက သမီးဆီက အပေါင်ဆုံးပစ္စည်းတွေ ဝယ်ပြီး နယ်တကာ လှည့် ပြန်လည်ရောင်းချသူ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညည်းအဖေရော"

"ဒီနိုထဲမှာ နေမှာပေါ့"

"ဟဲ့. . ."

စာရင်းပေါ် အာရုံရောက်နေတော့ ဒေါ်အေးမာကို သူမ လက်လွှတ်စပယ် ပြောမိခြင်းပါ။

"ဟုတ်တယ်လေ. . . အဲဒါတွေက အပေါင်ဆုံးတွေပဲ"

ဒေါ်အေးမာ စိတ်ညစ်ညစ်နဲ့ ငွေဇင့်ခေါင်းကို ဒေါက်ခနဲခေါက်ရင်း. . .

"ညည်းအဖေကို မေးတာ"

"မကြားလို့ပါ အမေရယ်၊ လမ်းလျှောက်ထွက်သွားတာ နေမှာပေါ့"

"ဘယ်သူနဲ့လဲ"

"ဦးလေးကျော်နဲ့"

"ကောင်းရော. . . တစ်ယောက်တ နားလေး၊ တစ်ယောက်က 'အ' နေတဲ့သူ၊ တလွဲတချော်တွေတော့ ဖြစ်တော့မှာပဲ၊ ကဲ. . ကဲ. . နေတောင် အတော်မြင့်နေပြီ. . . ဈေးသွားလိုက်ဦးမယ်"

"သြော်. . . ဈေးရောက်ရင် ဟိုဟာ ဝယ်လာခဲ့ပေးပါ အမေ"

"ဘာပစ္စည်းလဲ"

"ယောက်ျား"

"ငါ ထပ်ခေါက်လိုက်ရ ဘုတော့ ထွက်တော့မယ်၊ ဒါ ညည်းပြောစရာလား၊ ငါလည်း ဘယ်လိုအရူးအပေါ သမီးကို မွေးထားခဲ့မှန်းမသိဘူး၊ ယောက်ျားကိုပြောရ သမီးကိုပြောရနဲ့"

ငွေဇင် ရယ်သည်။ ဒေါ်အေးမာ ထွက်သွားတော့ ငွေဇင်စာရင်းတွေ ပြန်စစ်နေရပါသည်။

အောင်ကြီး. . ဒေါ်အေးမာ ထွက်သွားပြီဆိုတာ သိလိုက်တာနဲ့





ဟိုကြည့်ဒီကြည့်နဲ့ ကွမ်းယာဆိုင်ထဲကနေ ထွက်လာခဲ့သည်။ ဒီနေ့တော့ မဖြစ်မနေ မရမက ငွေဇင်ဆီက အဖြေတောင်းမယ်လို့ သံမိဋ္ဌာန် ချခဲ့သည်လေ။ မောင်သက်ရဲ့ပြောပြချက်အရ မကြာခင် လွင်ဦးနဲ့ငွေဇင်ကို လူကြီးတွေ ပေးစားတော့မယ်ဆိုတဲ့သတင်း ကြားပြီးကတည်းက အောင်ကြီး နေလို့ကို မရတော့တဲ့ အခြေအနေထိ ဖြစ်လာသည်။

"ငွေဇင်. . ."

"ဘာပေါင်မလို့လဲ"

ဂဏန်းပေါင်းစက်ရဲ့ပေါ်မှာ အာရုံရောက်နေတော့ သူမ မော့မကြည့်မိ။

"အချစ်. ."

အောင်ကြီး ယောင်ပြီး ပြောမိတော့ ငွေဇင်ကလည်း မော့မကြည့်ဘဲ. . .

"သုံးလအဆုံးနော်"

"ဟုတ်ကဲ့. . ဟာ. . ငွေဇင်"

ငွေဇင်ကလည်း ကမန်းကတန်း မော့ကြည့်တော့. . .

"သြော်. . . ကိုအောင်ကြီး ထိုင်လေ"

ငွေဇင်စကားကြောင့် အောင်ကြီး ထိုင်နေရာမှ ထိုင်လေ ဆိုတော့ ဘယ်လို ထိုင်ရမှန်း မသိအောင် ဖြစ်ရသည်။ ငွေဇင်ကတော့ သူ့ဘုတ်အုပ်ကြီး ဖွင့်ကာ ဘောပင်တစ်ချောင်း၊ ဂဏန်းပေါင်းစက်တစ်လုံးနဲ့ ရှုပ်ထွေးနေဆဲဖြစ်သည်။

"ကိုယ့်ကို အဖေပေးပါတော့ကွယ်"

"ရှင်. . ."

ငွေဇင်. . အောင်ကြီးစကားကြောင့် အာရုံက ကိုအောင်ကြီးမျက်နှာဆီ ရောက်သွား၏။ အောင်ကြီး ခေါင်းကုတ်. . သွားလေးဖြီးရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး . . ဟိုး . . အဖြေပေးပါလို့ ပြောတာ . . . လောသွားလို့"

ငွေဇင် ပြုံးရင်း ခေါင်းငုံ့ကာ စာရင်းပြန်တွက်နေပါသည်။

"ဖြည်းဖြည်းပေါ့ ကိုအောင်ကြီးရယ်၊ တစ်ထောင်ရယ် ငါးရာရယ် ပေါင်းတော့ . . ."

ငွေဇင် ဂဏန်းပေါင်းစက်ကို ရှေ့ကို တွန်းထုတ်လိုက်ရင်း ဘောပင်လ်ကို ကောက်ကိုင်ကာ စာအုပ်ထဲ ထည့်ရေးသည်။

အောင်ကြီး သူ့ရှေ့တည့်တည့်ကို တွန်းထုတ်လိုက်တဲ့ ဂဏန်းပေါင်းစက် မှန်သားပြင်ပေါ်က ထောင့်ငါးရာဆိုတဲ့စာတမ်း တွေ့တော့ ဝါးစပ်အဟောင်းသားနဲ့ . . .

"ဟင် . . ."

ငွေဇင်ကို အံ့ဩတကြီး မေးကြည့်မိတော့ ငွေဇင်က အိကြာတွေး ပလုတ်ပလောင်းနဲ့ အောင်ကြီးကို ပြန်ကြည့်မိသည်။ အောင်ကြီး တဖြည်းဖြည်း ပြုံးလိုက်ရင်း ဝမ်းသာအားရနဲ့ ငွေဇင်ကို သိမ်းကျုံးဖက်လိုက်၏။

"ဝမ်းသာလိုက်တာ ငွေဇင်ရယ်"

"ဝူး . . . အူး . . . အု"

ငွေဇင် ဖြေရှင်းဖို့ စကားပြောချိန်မရလိုက်။ နင်နေတဲ့ လည်ချောင်းထဲက အသံတွေသာ ထွက်လာသလို သူ့ကို ဖက်ထားတဲ့ အောင်ကြီးကြောင့် သူမ လှုပ်လို့မရ။

ဖြစ်ချင်တော့ သူတို့နှစ်ယောက်ရဲ့ကိုးရိုးကားရားပုံစံကို အိမ်ပေါက်ဝမှာ ငေးကြည့်နေတာက လွင်ဦး။ အောင်ကြီးကတော့ ကြောင်တောင်တောင်နဲ့ လွင်ဦးကို ငေးကြည့်နေတဲ့ ငွေဇင့်မျက်ဝန်းတွေကို တွေ့ပြီး ငွေဇင် ငေးကြည့်နေရာကို လိုက်ကြည့်မိတော့ . . .

"ဟာ . . . လွင်ဦး"

ရှက်ကိုးရှက်ကန်းနဲ့ လွင်ဦးကို မြင်တော့ ဖက်ထားတဲ့လက်ကို





ပြန်ရုတ်ရင်း . . .

"အဟီး . . . နောက်မှ တွေ့ကြမယ်နော် ငွေဇင် . . . အဟီး"

အောင်ကြီး ဝမ်းသာအားရနဲ့ လွင်ဦးဆီ လာရင်း . . .

"လွင်ဦး . . . မင်းတို့ကို ငါ လက်ဖက်ရည်နဲ့မုန့်နဲ့ ငါကျွေးမယ်၊ ငါ့ကို ငွေဇင် အဖြေပေးလိုက်ပြီ . . . လာပါကွာ"

အောင်ကြီး မပြောမဆိုနဲ့ လွင်ဦးလက်ကို ဆွဲပြီး ထွက်သွားသည်။

ငွေဇင် ကမန်းကတန်း ရေထသောက်ပြီး . . .

"ဂလု . . . တော်ပါသေးရဲ့ . . . ဒုက္ခပဲ"

ငွေဇင် ကမန်းကတန်း ဂဏန်းပေါင်းစက်ပေါ်က အဖြေကို ပြေးကြည့်မိတော့ . . .

"ဟိုက် . . . သေရော . . . သွားပြီ"

အချိန်ကိုက် လှည့်ဝင်လာတဲ့ ကံကြမ္မာက သူမကို ကျဉ်းထဲကျပ်ထဲ ရောက်အောင် ဆွဲခေါ်ထားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၀)

"ထိုင်စမ်းပါကွာ. . မောင်သက်. . ကျေးဇူးရှင်. . လာ၊ လတ်ဖက်ရည်သုံးခွက်၊ ညိုထွန်း. . ရှိတဲ့မုန့်ချ. . ဆေးလိပ်ပါပေး"

မောင်သက်လည်း ထူးထူးဆန်းဆန်း အောင်ကြီးနဲ့အတူ ပါလာတဲ့ လွင်ဦးကြောင့်. . . ဘာတွေဖြစ်လဲ. . ဘာတွေထူးလဲ သိချင်တာကြောင့် ကျောင်းပိတ်ရက် ကွမ်းယာကူရောင်းပေးတဲ့ သူ့လူ စိန်ပန်းကို

"စိန်ပန်း. . . မင်း ဝယ်သူလာရင် ကွမ်းယာပေးလိုက်"

"ဟုတ်ကဲ့ ဦးလေး"

လွင်ဦးမျက်နှာက ကြက်ကြီးလည်လိမ်ထားသလို ဖြစ်သလောက် အောင်ကြီးမျက်နှာက သိန်းဆု အခါနှစ်ဆယ်လောက် တပြိုင်နက် ပေါက်ထားသလိုမျက်နှာ။

"ဘာကြောင့် သဘောကောင်းနေတာလဲ အောင်ကြီး"





"ဟဲ. . ဟဲ. . ဟီ. . ဟီ. . ငါပြောရမှာ ရှက်တောင်ရှက်လာပြီ"

"အဲဒါဆိုလည်း ပြောမနေပါနဲ့တော့ကွာ"

"ဟာကွာ. . ဟိုလေ. . ပြောပါရစေ"

ညိုထွန်း လက်ဖက်ရည်ခွက်တွေ ချပေးရင်း သူလည်း ထိုင်ရင်းစပ်စုပါသည်။

"ဟိဟိ. . . ငါ့ကိုလေ ငွေဇင်က. . "

"ပါးရိုက်လိုက်လို့လား"

ညိုထွန်းစကားကြောင့် အောင်ကြီး နည်းနည်းတော့ တင်းသွားပါသည်။

"မင်းကြီးတော် ပါးရိုက်ရမှာလားကွာ၊ ငါ့ကို အဖြေပေးလိုက်တာ. . . ချစ်တယ်တဲ့"

"ဟေ. . . "

"ဗုဒ္ဓေါ. . . "

ညိုထွန်းနဲ့မောင်သက်တို့နှစ်ယောက်လုံး မျက်လုံးပြူးသွားသလို

"ဟုတ်လို့လားကွာ"

"ဘာလဲ. . . မင်းတို့ မယုံဘူးလား၊ မယုံရင် လွင်ဦး မေးကြည့်"

"ဟုတ်လား လွင်ဦး"

မောင်သက်ရဲ့အလောတကြီးစကားကြောင့် လွင်ဦး သက်ပြင်းနဲ့အတူ. . .

"ဟုတ်တယ်. . . ငါ့ရှေ့တင်"

"ဟဲ. . ဟဲ. . ဟီး. . ဟီး. . စားကြ၊ ဘယ်လောက်လဲ"

အောင်ကြီး ပိုက်ဆံအိတ် ဖွင့်ပြီး တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ကာ ညိုထွန်းထံ ပေးပြီး. . .

"ယူထားလိုက်. . . ပိုတာ ပြန်မအမ်းနဲ့. . . သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး တဟီးဟီး တဟားဟားနဲ့ ထွက်သွားတော့. .

"ဘယ်လိုတွေ ဖြစ်ကြတာလဲ လွင်ဦးရာ"

လွင်ဦး စိတ်ဓါတ်ကျကျနဲ့. . .

"ဟား. . . မသိတော့ပါဘူးကွာ၊ ငါ ငွေဇင်တို့ အိမ်ပေါက်ဝ ရောက်တော့ အဖြေပေးပြီးလို့ ငွေဇင်ကို အောင်ကြီးက ဖက်ထားပြီးပြီ၊ ဘယ်လောက်ပျော်နေလဲဆို ငွေဇင်က အဖက်ခံတာတောင် အစားအသောက် မပျက်ဘူး၊ ပါးစပ်မှာ ပလုတ်ပလောင်းနဲ့"

မောင်သက်နဲ့ညိုထွန်း လွင်ဦးကို ဘယ်လိုနှစ်သိမ့်ရမှန်းတောင် မသိခဲ့။

"ဟော့ကောင်. . . ဘယ်လဲ"

လွင်ဦး မပြောမဆိုနဲ့ ထထွက်သွားတော့ ညိုထွန်း. . မောင်သက်ကို ပြောသည်။

"ဟော့ကောင်. . . နောက်က လိုက်သွားစမ်း"

"အေးပါဟ"

မောင်သက် သူ့ဆိုင်ပြန်ပြေးရင်း ပိုက်ဆံဘူးထဲက ပိုက်ဆံတစ်ချို့ကို နှိုက်ကာ အကျီထဲ ထည့်ပြီး လွင်ဦးနောက် လိုက်သွားသည်။



# အခန်း(၃၂)

"ဟဲ့. . . ဘာဖြစ်နေတာလဲ"

ဂနာမငြိမ်ဘဲ ဟိုလျှောက်လိုက် ဒီလျှောက်လိုက် ဖြစ်နေတဲ့ သမီးဖြစ်သူကို ကြည့်ပြီး ငါးကြော်နေရာမှ ပြောမိတော့ ငွေဇင် စိတ်ညစ်ညစ်နဲ့. . .

"ဘာမှမဖြစ်ပါဘူး အမေရာ"

"မသိပါဘူးအေ. . . ညည်းပုံစံက အိမ်ပေါ်တက် ခါးပြတိုက်ခံရတာ ကျနေတာပဲ"

ငွေဇင် စိတ်ထဲက ပြောမိပါသည်။ ဟုတ်တယ် အမေ။ အိမ်ပေါ် တက်ပြီး ခါးပြတိုက်ရုံတင် မဟုတ်ဘူး၊ ဒုက္ခကို တောင်ပုံယာပုံကို ပေးသွားတာ။ ငွေဇင် ငိုလည်းငိုချင်. . ရယ်လည်း ရယ်ချင်သလို ဖြစ်မိပါသည်။ သွားပြီလေ. . . လွင်ဦးကတော့ သူမ အဖြေပေးလိုက်ပြီလို့ ထင်သွားမှာ။

ငွေဇင်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေ

www.burmeseclassic.com



သည်။ သူမအခန်းထဲ ဝင်ကာ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်၍ ပါးစပ်တလည်း ပွစိပွစိနှင့်. . .

"ခွေးသူတောင်းစား အောင်ကြီး၊ ကိုယ်ထင်ရာ ရမ်းသမ်းပြီး လုပ်ချင်သလို လုပ်သွားတယ်၊ ငါ့နှယ်နော်. . . သေသာ သေလိုက်ချင်တော့တယ်"

သူမတစ်ယောက်တည်း တိုင်ပတ်ရင်း အခန်းအပြင်ကို ပြန်ထွက်လာသည်။ ပြီးတော့ သူမ လွင်ဦး တစ်မျိုးထင်မှာကို ဘာကြောင့် စိုးရိမ်နေမှန်းကို မသိ။

"ငါ လွင်ဦးကို ချစ်နေမိပြီနဲ့တူတယ်"

သူမ ကိုယ့်ကိုယ်ကို သုံးသပ်ရင်း မျက်ရည်က ဝဲချင်လာသည်။ အရေးထဲ ဒီနေ့မှ မစံနဲ့မပပက သိမ်ကြီးဈေး သွားသည်ဆိုတော့ ဘယ်သူ့ကို တိုင်ပင်ရမှန်း မသိအောင် ဖြစ်မိသည်။

"သီတာအေးဆီ သွားရင်လည်း ဒီကောင်မက ဒီအချိန်ဆို အလုပ်ရှုပ်နေအုံးမှာ"

ဒေါ်အေးမာ ဟင်းချက်နေရင်း ငွေဇင့်ကို လှမ်းအော်ပြီး မေးသည်။

"ငွေဇင်. . သမီးရေ. . . မဆလာထုပ် တွေ့မိလား"

ငွေဇင်လည်း ကယောင်ကတမ်းနဲ့. . .

"ရှင်. . ရေခဲသေတ္တာထဲမှာလေ၊ အဲ. . . ဟုတ်ပါဘူး၊ ကြောင်အိမ်ပေါ်မှာ အမေ"

"ဒီကလေးမ ဒီနေ့ ဘာဖြစ်နေလဲ မသိဘူး"

ဒေါ်အေးမာ ဗျစ်တောက်ဗျစ်တောက်နဲ့ ပြောရင်း ဒယ်အိုးထဲက ဆီပူထဲ ငါးတစ်ကောင် ထည့်ကြော်လိုက်သည်။



# အခန်း(၃၃)

"ဘယ်သူ့လာရှာတာလဲကွ"

"အရက်"

"ဘုရားသခင်"

လွင်ဦးရဲ့စကားကြောင့် ကလမက် မျက်လုံးပြူးသွားသည်။ ခေါင်းကုတ်ရင်း လွင်ဦး ထိုင်နေတဲ့ဝိုင်းကို လျှောက်လာကာ ဝင်ထိုင်ပြီ

"မင်း ငါ့ကို နောက်နေတာ မဟုတ်ပါဘူးနော် လွင်ဦး"

လွင်ဦးက အခုလိုပဲ ပြောတယ်။

"အရက်တစ်လုံး ပေးကွာ၊ မီးတောက်လို့ ငါ့ရင်ဘတ်ကြီး အရည်ပျော်ရင် ပျော်သွားပါစေ ကလမက်"

ကလမက်. . လွင်ဦးကို အကဲခတ်လိုက်သည်။ ဒါ ပေါ်ရောဂါ မဟုတ်ဘူးဆိုတာ သိလိုက်သည်။ လွင်ဦးတို့ မောင်သက်ဝ ဆိုတာ တစ်ရပ်ကွက်ထဲနေ ငယ်သူငယ်ချင်း။ ပြီးတော့ ဒီဆိုင်လေ

www.burmeseclassic.com

www.burmeseclassic.com



မြန်လာဖို့ လွင်ဦး သူ့ကို အကူအညီပေးခဲ့တာကြောင့် လွင်ဦးဆို သူ့ခင်မေ မိတာတအစ လွင်ဦးမျက်နှာ အငြိုအငြင်မခံ။

"မိတာရေ. . . နှင့်အစ်ကိုသောက်ဖို့အတွက် အမြည်းဘာရှိလဲ"

"ဟော့ကောင်. . . ဆိုင်မှာ ရောင်းတဲ့အမြည်းပဲလုပ်. . . အပိုလုပ်မနေနဲ့"

မိတာက ဆိုင်ထဲကနေ အိမ်ပေါ် တက်သွားပြီး ခဏကြာတော့ပြန်ရောက်လာသည်။

"အတော်ပဲ. . . မနက်က ဈေးထဲမှာ ဂဏန်းတွေ တွေ့လို့ဝယ်လာတာ၊ ကဏန်းမဆလာ ထူးထူးခြားခြား ပါတယ် ကိုလွင်ဦး"

လွင်ဦး ငိုင်တိုင်တိုင်နဲ့ ပြန်မပြောတာကြောင့် ကလမက် သူ့ခင်မေတို့ ဆက်မပြောဖို့ မျက်ရိပ်ပြလိုက်ပါသည်။ အဲဒီအချိန်မှာပဲ. . .

"မင်းကွာ. . . မြန်လိုက်တာ၊ ဟူး. . . နောက်က အပြေးလိုက်ရတာ မောတောင် မောတယ်"

မောင်သက် ချွေးသံရွှဲရွှဲနဲ့ ဝင်လာရင်း ဝင်ထိုင်တော့ ကလမက်က. . .

"မောင်သက်. . . ဒီကောင် ဘာဖြစ်လာတာလဲ"

ကလမက် ပြောရင်း အရက်ငှဲ့ပေးသည်။

"ပြောမယ်. . . မပြောခင် ဝမ်းပူအောင်. . ကဲ. . ချီးယားစ်"

မောင်သက် ခွက်ကို မြှောက်လိုက်တော့ လွင်ဦးက. . .

"ကဲ. . . ငါ အသည်းကွဲတဲ့ အထိမ်းအမှတ်အနေနဲ့ ဂုဏ်ပြုတိုက်ကြရအောင်"

"ဟမ်. . ."

ကလမက် အူကြောင်ကြောင်နဲ့ ခွက်တွေကို တိုက်ကြရင်း မော့သောက်လိုက်ပါသည်။ မောင်သက်တ အခုလို ဆိုသည်။





"အချစ်ဆိုတာ ဟောဒီအရက်လိုပဲ"

"ပြောပါဦး ဆရာသမားရယ်"

ကလမက်စကားကြောင့် လွင်ဦး ဟက်ခနဲ တစ်ချက်ရယ်ကာ

"လုပ်စမ်းပါဦး"

"နေဦးလေ. . . ငါ့စောင့်ပါဦးဟ"

အသံနဲ့အတူ ကောင်တာက ခွက်တစ်ခွက် ယူကာ သူတို့ဆီလျှောက်လာတဲ့ ညိုထွန်းကြောင့်. . .

"ကဲဟော့. . . လူစုံတက်စုံပါလား၊ လွင်ဦး. . . မင်းအသည်းကွဲမှ ငါတို့သူငယ်ချင်းတွေလည်း လူစုံတက်စုံ အရက်စုသောက်ဖြစ်ပါလား"

ကလမက် စကားကြောင့် ရယ်ကြသည်။ မောင်သက်က ခုနစကားကို ပြန်ဆက်ပါသည်။

"အချစ်ဆိုတာ စချစ်ဖူးပြီဟော့ဆိုရင် ဟောဒီအရက် ပထမဦးဆုံး တစ်ခွက်လိုပဲ ရင်ထဲကို ပူဆင်းသွားတာ၊ အေး. . . အရက်ကတော့ ရေတစ်ငုံနဲ့ အမြည်းတစ်ဖတ် စားလိုက်ရင် ပျောက်သွားတယ်"

"အချစ်ကျတော့ရော. . ."

ကလမက် စကားကြောင့် မောင်သက် လွင်ဦးကို မေးဆတ်ရည်ညွှန်းကာ. . .

"ဓါက်သွားတာ"

မောင်သက်စကားကြောင့် ဝိုင်းရယ်ကြပါသည်။

"ဒါနဲ့ လွင်ဦးက ဘယ်သူ့ကြောင့် အသည်းကွဲတာလဲ"

ကလမက်စကားကြောင့် ညိုထွန်းက ဝင်ဖြေသည်။

"ငွေဇင့်ကြောင့်"

"အမ်. . . ဒုက္ခ၊ အထူးအဆန်းတွေပါလား၊ နေပါဦး. . . အစကတော့ ဒီကောင်က ငွေဇင်ကို ကြည့်မရဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကြည့်လို့ရသွားပြီ ကြည့်လို့ ရလည်းရရော ကွဲတော့တာပဲ"

"ဟော့ကောင်. . . ဘာကွဲတာလဲ"

"အသည်း"

မောင်သက်စကားက ရယ်လို့ရပေမယ့် လွင်ဦး မရယ်မိ။

"ငါ သူတို့နှစ်ယောက်ကို မြင်တော့ ငါ့မျက်လုံးတောင် ငါမယုံနိုင်အောင်ပါပဲကွာ"

လွင်ဦးစကားကြောင့် ကလမက် လွင်ဦးပခုံးကို ပုတ်ကာ နှစ်သိမ့်သည်။

"အဲဒါပဲကွာ. . . အချစ်နဲ့လူ အယူအဆ မျှတမှ ကောင်းတာ။ အချစ်ကို ပေးတဲ့အချိန်နဲ့ အချစ်ကို လက်ခံတဲ့အချိန်. . . အချိန်အတိုက်မှ မရှိရင် ကွဲတော့တာပဲ. . . အသည်း၊ ဟိုသီချင်းထဲကလိုကွာ။ အမှတ်မရှိတဲ့ ကိုယ့်အသည်း ကွဲတာပဲ ကောင်းမယ်ထင်တယ်"

ကလမက် သံနေသံထားနဲ့ ဆိုတော့ လွင်ဦး ပြုံးမိသည်။

"ဒီကိစ္စကို ဒေါ်လေးအေးမာ သိရင် ဘယ်လိုတွေ ဖြစ်ကြမလဲ မသိဘူးနော် လွင်ဦး"

ညိုထွန်းစကားကြောင့် လွင်ဦးက သက်ပြင်းနှင့်အတူ. . .

"ဘယ်တတ်နိုင်မလဲကွာ. . . ဒေါ်လေးကတော့ ငွေဇင်နဲ့ငါ့ကို သဘောတူနေတာ သိသာပေမယ့် သူ့သမီးကိုက အောင်ကြီးကို ချစ်နေမှတော့. . ."

"ဘယ်သူ. . . အောင်ကြီး"

"ဘာဖြစ်လို့လဲ ကလမက်"

"အောင်ကြီးလို တကယ့်ကြောင်တောင်တောင် ဝေါ်တောက်တောက်ကို ငွေဇင်မို့လို့ ကြိုက်ရတယ်လို့ကွာ၊ ဘယ်လိုမျက်လုံးမျိုးနဲ့ ငွေဇင် ကြည့်ပြီးကြိုက်လဲ မသိဘူး"



ကလမက်က မကျေမနပ် ဆိုတော့ ညိုထွန်းက. . .

"မိန်းမတွေများ. . . ခြေထောက်နဲ့လက်သာ မပါရင် ကားတွယ်စီးလို့ ရမှာမဟုတ်ဘူး"

"မင်းစကားပုံကြီးက ဘယ်လိုကြီးလဲကွ"

"ဟုတ်တယ်လေ. . . သူတို့လောက် ယောက်ျားတွေကို အမှီပြုချင်တာ ဘယ်မှာရှိလို့လဲ၊ လက်ကိုင်ကွင်း ပါတဲ့ယောက်ျားဆို. . ."

"ဟော့ကောင်"

"ဪ. . . ဘာပဲဖြစ်ဖြစ် ပိုက်ဆံရှိရင် ပြောပါတယ်"

နည်းနည်းရေချိန်မှန်လာပါပြီ။

"အိမ်က သီတာအေးဆိုရင် ငါ့လက်ကိုင်ကွင်းကို ကိုင်ပြီး. . ."

"အေး. . . မင်းလက်ကိုင်ကွင်းက. . ."

စကားတွေက အရှေ့အနောက် မသွားဘဲ ရမ်းတမ်းရမ်းတမ်းနဲ့ ကြားချင်ရာကြားသလို ဖြေချင်ရာ ဖြေနေကြတော့သည်။ အရက်ပုံမှန် သောက်လေ့သောက်ထ ရှိသူတွေက သူတို့အုပ်စု မူးရူးနေတာ မြင်တော့. . .

"ဟ. . ဘယ်လိုဖြစ်ကြတာလဲ"

"အရက်ကို အဲလိုသောက်ရင် အဲလိုဖြစ်တယ်ဆိုတာ သရုပ်ပြနေတာ. . . နားလည်လား"

လုံချည် ခါးပုံစကို မနိုင်မနင်း ကိုင်ရင်း ညိုထွန်း ပြောတော့ ဆိုက်ကားသမား ကိုအေးက. . .

"အေး. . အေးပါကွာ"

"မအေးဘူးဗျ. . . ဒီလောက်သောက်တာ ရင်ပူနေပြီ၊ မောင်သက်. . မင်း. . လွင်ဦးကိုတွဲ. . . အေ့"

"မင်းကရော"

"ငါ. . ငါ့ခါးပုံစကို တွဲနေရတယ်ကွ. . အေ့"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ နေ့လယ်ကြောင်တောင်ကြီး သုံးယောက်သား ဒယိမ်း ဒယိုင်နဲ့ ညိုထွန်းလက်ဖက်ရည်ဆိုင်ကို ပြန်လာတော့ သီတာအေးနဲ့ လက်ဖက်ရည်သောက်သူတွေက မျက်လုံးအပြူးသား။

“ဟာ! ညိုထွန်း. . . နေ့ခင်းကြောင်တောင်ကြီး အရက် သောက်လာတယ်. . . ကြည့်စမ်း”

သုံးယောက်သား လက်ဖက်ရည်ဆိုင်နောက်က ညိုထွန်း အိမ် ကို လေးဖက်ထောက် တက်ရင်း. . .

“ဟဲ့. . သီတာအေး၊ နေ့ခင်းကြောင်တောင် အရက်မသောက် ရဘူးလို့ ဘယ်သူပြောလို့လဲ၊ တယ်ခက်ပါလား. . . အေ့”

သီတာအေး နှာခေါင်းတရှုံ့ရှုံ့နဲ့ သုံးယောက်လုံးကို တစ်ဦးချင်း တွဲတင်ရသည်။

“အရက်ကလည်း မူးတယ်၊ ငွေဇင်ကလည်း မူးတယ်၊ ပိုက်ဆံ မရှိတဲ့မိန်းမ”

လွင်ဦးရဲ့လေးတွဲ့တွဲ့ စကားကြောင့် မောင်သက်က. . .

“ပိုက်ဆံမရှိတာ မဟုတ်ဘူး. . အေ့. . တစ်ချာမရှိတာပါကွာ”

“အေး. . အေ့. . ဟုတ်တယ်”

သီတာအေး ဘာတွေပြောနေမှန်း မသိတာကြောင့်. . .

“ဟဲ့. . လွင်ဦး. . ဘာတွေဖြစ်လာတာတုန်း”

သီတာအေးအမေးကြောင့် ညိုထွန်းက သူ့မိန်းမကို ပြန်ပြော သည်။

“ဘာဖြစ်ရမှာလဲ. . မင်းသူငယ်ချင်း ငွေမြင်သေး၍ မငွေဇင် က သေမထူး နေမထူး ငါ့သူငယ်ချင်း အချစ်ရူးကို”

“ဟော့ကောင်. . . ဒီနေ့ ပြောဦးမှာလား”

သီတာအေး နှာခေါင်းတရှုံ့ရှုံ့နဲ့ လက်နဲ့ ကာရင်း. . .

“ဘယ်လောက်တောင် သောက်လာလဲ မသိဘူး. . . နံစော်နေ





တာပဲ”

“ဟဲ့. . . သီတာ ငါတို့ ရေမွှေးသောက်တာမှ မဟုတ်တာ. . . ဒီမိန်းမ”

မောင်သက်စကားကြောင့် ညိုထွန်းက. . . .

“စကားပေါ်များမယ် မောင်သက်. . . အေ့. . . အဲဒါ ငါပြော ရမှာလေ”

“အေးပါကွာ. . . မင်းမောနေမှာစိုးလို့”

သီတာအေး လိုရင်းမရောက်နိုင်တော့တဲ့ ဒီသုံးယောက်ကြောင့် ခေါင်းခြောက်နေသည်။ လွင်ဦးကတော့ ခေါင်းစိုက်သွားပါပြီ။

“ညိုထွန်း. . . ဘာတွေဖြစ်ကြတာတုန်း”

“ဒီကောင် ဟက်တက်ကွဲတာလေ”

ညိုထွန်းစကားကြောင့် သီတာအေး ရင်ဖိရင်း. . .

“ဟယ်. . . ဆေးရုံမသွားဘူးလား”

ညိုထွန်း လေတစ်ချက် ဖျို့လိုက်ရင်း. . .

“ဆေးရုံသွားလို့မရအောင် ကွဲထွက်သွားတာ”

“ဟင်. . လွင်ဦး သနားပါတယ်၊ လူဖြစ်ရှုံးပြီပေါ့ ညိုထွန်းရယ်”

ညိုထွန်း မျက်လုံးကျယ်အောင် မျက်လုံးကို ဖိပွတ်ရင်း. . .

“ဟာ. . . ဘာတွေ လျှောက်တွေးနေတာလဲ ဒီမိန်းမတော့”

“ဟင်. . . ဒါဆို ဘာတဲ့လဲ”

“နှလုံးသား. . . သုံးစားလို့မရအောင်ကို ကွဲတာ၊ မင်းသူငယ် ချင်း ငွေဇင်ကြောင့်လေ”

မောင်သက်က ဒယိမ်းဒယိုင်နဲ့ ရေထသောက်ရင်း. . .

“ငွေဇင်က အောင်ကြီးကို အဖြေပေးလိုက်ပြီ”

“ဘယ်လို”

“ဟဲ့. . . ဖြည်းဖြည်းအော်ပါ သီတာအေးရယ်၊ သောက်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလေးတွေ ထွက်ပြေးကုန်ပါ့မယ်"

"ဟုတ်ရော ဟုတ်ရဲ့လားဟယ်"

သီတာအေးက ယုံကြည်ချင်ပုံမရပါ။

"နင် မယုံဘူးလား . . အေ့ . . မယုံရင် ငွေဇင် သွားမေးကြည့်၊ လွင်ဦးကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်တာ. . . ဖက်ယှက်နေတာပဲတဲ့"

သီတာအေး ယုံကြည်လို့မရခဲ့။ ခေါင်းတခါခါနဲ့. . .

"မဖြစ်နိုင်ဘူးနော်. . . တစ်ခုခုတော့ မှားနေပြီ"

"မယုံရင်လဲ ပုံပြင်လို့ သဘောထား၊ ငါတို့တော့ အိပ်ပြီ"

ပြောလည်းပြော နှစ်ယောက်လုံး လှည်ကျသွားပြီး ခဏနေတော့ ခလူးခလောနဲ့ အသံတွေ ထွက်လာသည်။

"အိပ်သွားကြပြီလား. . . အရက်တွေ မူးနေတာပဲဆို"

အိမ်ပေါ် တက်လာတဲ့ မစံနဲ့ မပပစကားကြောင့်. . .

"အတော်ပဲ. . . အခုပဲ မစံတို့ဆီ လာမလို့"

မစံနဲ့မပပက [illegible]ယ်လာတဲ့ ပစ္စည်းဆွဲခြင်းကို ဘေးမှာ ချရင်း ထိုင်သည်။ မစံက ဟိုသုံးယောက် မူးရူးအိပ်မောကျနေတဲ့ပုံစံတွေကို ကြည့်ရင်း. . .

"ရပ်ကွက်ထဲ ဝင်တာနဲ့ ကလမက်မိန်းမ မိတာနဲ့ တွေ့လို့ ဒီကောင်တွေ လေးကောင် မူးရူးနေတဲ့သတင်းကို ပြောပြလို့ဟဲ့"

"မစံ. . . အဖြစ်အပျက်တွေကတော့ ရှုပ်ကုန်ပြီ"

သီတာအေးစကားကြောင့် မစံနဲ့မပပ အလန့်တကြားနဲ့. . .

"ဟဲ့. . . ဘာတွေဖြစ်ကြလို့လဲ"

"ဒီဟာလေ. . . သူတို့ပြောတာပဲ၊ ငွေဇင်. . အောင်ကြီးကို အဖြေပေးလိုက်ပြီတဲ့"

"ဟင်. . ."

"တကယ်"



သီတာအေး ခေါင်းညိတ်ရင်း. . .

"ကျွန်မတော့ မယုံချင်ဘူး၊ တစ်ခုခုတော့ မှားနေပြီထင်တယ်"

"အေး. . . ဖြစ်နိုင်တယ်၊ ကဲ. . လာ. . ငါတို့ ငွေဇင်ကို သွားမေးကြည့်မှ ဖြစ်မယ်"

"အေး. . . အဲဒါကောင်းတယ်"

သုံးယောက်သား ဝယ်လာတဲ့ပစ္စည်းတွေကို သတိမပြုမိအောင် ကမန်းကတန်း ထွက်လာလိုက်သည်။ ငွေဇင့်အိမ်ရောက်တော့ ဒေါ်လေးအေးမာကို တွေ့တာကြောင့်. . .

"ဒေါ်လေး. . . ငွေဇင်ရော"

ဒေါ်လေးက ခြံထဲမှာ အပင်တွေကို ရေလောင်းနေရာမှ. . .

"ဟဲ့. . . အခန်းထဲမှာ နင်တို့သူငယ်ချင်းလည်း ဘာဖြစ်နေမှန်း မသိပါဘူးအေ"

"ဘာဖြစ်လို့လဲ ဒေါ်လေး"

"မသိပါဘူး သီတာအေးရယ်၊ မနက်စျေးက ငါပြန်လာတတည်းက အမူအရာတွေ ပျက်နေတယ်ဟဲ့. . . ဘာထူးသေးလဲ"

သီတာအေး မထူးတော့ပြီမို့ အခြေအနေကို ပြောပြတော့ ဒေါ်လေး ရင်ဘတ်ဖိကာ. . .

"ဒုက္ခပဲ. . . ခုတ်ရာတစ်ခြား ရှရာတစ်ခြားဖြစ်နေပြီ၊ သွား. . သွား. . ပြီးရင် ငွေဇင် မသိအောင် ငါ့လာပြောဦး"

"ဟုတ်ကဲ့ ဒေါ်လေး"

"သွား. . သွား. . ငါ အပြင်မှာပဲ ရှိမယ်၊ ငါရှိနေရင် သူပြောမှာ မဟုတ်ဘူး"

"ဟုတ်တယ် ဒေါ်လေး"

ဒေါ်လေးကို ပြောပြီး သူတို့ အိမ်ပေါ် တက်ကာ ငွေဇင့်အခန်းကို ထုရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ငွေဇင်. . ဟဲ့. . ငွေဇင်၊ နင် အိပ်နေလား"

"ဟင့်အင်း. . . တွန်းဖွင့်ခဲ့ မစံ"

သူတို့ တွန်းဖွင့်ရင်း အိပ်ရာပေါ်မှာ ခွေခေါက်နေတဲ့ ငွေဇင့်ဘေးမှာ ဝင်ထိုင်ကာ. .

"ဘာတွေဖြစ်ကုန်တာလဲ ငွေဇင်ရယ်၊ ဟိုတစ်ယောက်လဲ အရက်တွေ မူးပြီးလဲနေပြီ"

ငွေဇင်. . မစံ ပြောမှ လှဲနေရာမှ ကုန်းထကာ. .

"ဒုက္ခတော့ များပြီ မစံရယ်"

ငွေဇင်က ပြောလည်းပြော၊ မျက်ရည်ကလည်း ကျလာသည်။

"ညည်း အောင်ကြီးကို အဖြေပေးလိုက်ပြီဆို"

"မဟုတ်ဘူး. . . ငွေဇင် အဲဒါပြောချင်လို့ မစံတို့ကို စောင့်နေတာ"

"နင်ဟယ်. . . ငါ့ကို လှမ်းခေါ်လိုက်ရောပေါ့"

သီတာအေးစကားကြောင့် ငွေဇင်က မျက်ရည်ကို သုတ်ရင်း

"လာပြောမလို့ပဲဟ. . . ပူထူနေတာနဲ့ မစံတို့ လာမှ ပြောမယ်လို့ စဉ်းစားမိပြီး လာမပြောဖြစ်တာ"

"ဘယ်လိုတွေ ဖြစ်ကြတာလဲဟဲ့"

ငွေဇင် အားလုံးကို မျက်ရည်လေး တစ်စိုစိုနဲ့ ရှင်းပြတော့. . .

"သြော်. . . အဲဒါဆိုရင် ဘာမှမပူနဲ့၊ ငါတို့ ရှင်းပြလိုက်မယ်. . မငိုနဲ့တော့"

အခုမှ သီတာအေးလည်း ရယ်နိုင်တော့သည်။

"ငွေဇင်ရယ်. . . ဖြစ်မှဖြစ်ရလေ၊ လွင်ဦးကိုစွ ငါတို့ ရှင်းပြလို့ရတယ်၊ အောင်ကြီးကိုစွ ဘယ်လိုရှင်းမလဲ"

သီတာအေး အမေးကြောင့် ငွေဇင် ကမန်းကတန်းနဲ့. . .

"အို. . . သူ့ဘာသာ သူအထင်မှားပြီး တွေးချင်ရာ တွေးတာပဲ၊ ငါမှ သူ့ကို မချစ်တာ"





မစံက ထုံးစံအတိုင်း တဟိဟိနဲ့. . .

"ဒါဆို နင်ချစ်တာ လွင်ဦးကိုပေါ့"

"ဟာ. . . မစံနော်"

"ကဲပါ. . . အခုမှ မစံနော်တွေ ဘာတွေ လုပ်မနေနဲ့၊ ခုနတော့ မပျော်မြေလူး ကျနေတာ ကျနေတာပဲ၊ ကဲ. . . ရွှေမင်းသမီး၊ သိပ်မကြာခင် ရှင့်ဆီကို ကိုလွင်ဦး လာလိမ့်မယ်"

"ဟင်. . . သူက ဘာလာလုပ်မှာလဲ"

"ဟဲ့. . . နင့်ကို ဟိုတစ်ခါလို ဖက်ဖို့လေ"

"ဟာ. . . မပနော်"

ငွေဇင့်ရဲ့ရှက်ကိုးရှက်ကန်း အမူအရာကြောင့် အားလုံး ရယ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

“ဟဲ့. . ငွေဇင်. . သွား. . နောက်ဖေးမှာ အုန်းနို့ခေါက်ဆွဲ ထည့်ထားတဲ့ချိုင့် ရှိတယ်၊ ယူပြီး လွင်ဦးတို့အိမ် သွားပေးလိုက်”

ဒေါ်အေးမာစကားကြောင့် ငွေဇင် ပျော်သွားသလိုလို ရှိပေမယ့်. . .

“ဟာ. . . အမေကလည်း”

ငွေဇင် တမင် အမူပိုနေတာ ဒေါ်အေးမာ သိတာပေါ့။ ဒါပေမယ့် ရယ်ချင်တာကို မျိုသိပ်ရင်း မိစံကို မျက်ရိပ်ပြကာ. . .

“ဟဲ့. . . သွားလေ. . . ဘာဖြစ်နေတာလဲ”

ငွေဇင်. . မစံရှေ့မှာမို့ ရှက်သလိုလို ရှိနေတာကြောင့်. . .

“ဒါဆို မစံ လိုက်ခဲ့”

မစံကလည်း ပါးပါသည်။





“ငါမအားဘူးဟ. . . အိမ်က ကိုတင်မြိုင် ခိုင်းထားလို့ ဈေးဆက်သွားရဦးမယ်”

ငွေဇင် ခေါင်းကုတ်သလိုလိုနဲ့ အနေရ ခက်နေသည်။

“ဟဲ့. . . သွားလေ၊ ဟင်းရည်ပူတုန်းမှ စားလို့ကောင်းတာဟဲ့၊ ဒီကောင်မလေး ဘာဖြစ်နေမှန်းကို မသိဘူး”

“ဒေါ်လေးသမီး”

“မစံ. . ”

ငွေဇင် အထိတ်တလန့် ပြောတော့ မစံက ရယ်ကျဲကျဲနဲ့. . .

“နေမကောင်းဘူး ထင်တယ် ပြောတာပါဟယ်. . . တကတည်း”

သူမ မစံကို မျက်စောင်းထိုးရင်း နောက်ဖေးက ချိုင့်ဝင်ယူသည်။ ပြီးတော့ ရှိုးကေစ့်ရှေ့က ဖြတ်ပြီး မှန်ကို တစ်ချက်ကြည့်ကာ အင်္ကျီကို ဆန့်ဆန့်ရန့်ရန့် ဖြစ်အောင် ပြင်လိုက်ပြီးမှ သူမဘာသာသူမ ရှက်နေမိသည်။

ငွေဇင် အပြင်ထွက်ဖို့ ဖိနပ်စီးတော့ မစံက. . .

“ဟဲ့. . . သနပ်ခါး မပျက်စေနဲ့နော်”

“ဟာ. . . ”

“ဟဲ့. . . ချွေးထွက်လွန်းလို့ ပြောတာပါဟဲ့”

သူမ ကမူးရှူးထိုးနဲ့ ရှက်ရမ်းရမ်းပြီး ထွက်လာတော့ ဒေါ်အေးမာ အခုမှ ပြုံးနိုင်သွားသည်။

“ငါလည်း ကလေးတွေကိစ္စကို အဆင်မပြေ့ပြေအောင် ဝင်ထုပ်နေရတာ လူတွေ သိလို့ကတော့ ဝိုင်းဟားမှာ သေချာတယ်”

ဒေါ်အေးမာ စကားကြောင့် မစံ ရယ်သည်။

“ဒါဆို ဒေါ်လေးအိမ်မှာ ချက်စားတယ်ဆိုပြီး ငွေဇင် မသိအောင် အစောကြီး ဈေးမှာ အုန်းနို့ခေါက်ဆွဲ သွားဝယ်ရတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မစံစကားကြောင့် ဒေါ်လေး သဘောကျစွာ ရယ်ရင်း. . .

"အေးပေါ့ဟဲ့. . . ငွေဇင် မနိုးခင် အကုန်စီစဉ်ထားရတာ၊ ဟဲ့. . . လွင်ဦး အဖြစ်မှန်တွေ သိပြီးပြီလား"

"ဟိုလေ. . . ညီထွန်းတို့ သိပြီးပါပြီ၊ အခုလောက်ဆို လွင်ဦး သိပြီးရောပေါ့"

"ညည်းကလဲအေ. . . စောစောစီးစီး ပြောထားပါဆိုနေမှ"

"ဒေါ်လေးရယ်. . . စိတ်အေးအေးထားစမ်းပါ၊ အဆင်ပြေမှာပါ တဲ. . . ဒေါ်လေး၊ ကျွန်မလည်း ပပတို့အိမ် ဝင်ပြီး အခြေအနေ စုံစမ်းလိုက်ဦးမယ်"

ဒေါ်လေးက တပြုံးပြုံးနဲ့ ခေါင်းညိတ်ပြပါသည်။





# အခန်း(၃၅)

"ဘယ်သူမှ မရှိကြဘူးထင်တယ်"

ခြံစည်းရိုးတံခါး တွန်းဖွင့်ပြီး ငွေဇင် ခြံထဲ ဝင်မိပါသည်။အိမ်တံခါး သော့ခတ်မထားတာကြောင့် တံခါးခေါက်မယ် လုပ်တော့. . .

"မဟုတ်သေးဘူး ရွှေစင်၊ ကိုယ့်ကိစ္စ ကိုယ်တာဝန်ယူရဲတဲ့သတ္တိရှိပါတယ်"

ပါးစပ်က အာမေဋိတ်သံ မထွက်သွားအောင် သူမ ထိန်းလိုက်ရသလို တံခါးကို ခေါက်မယ့် လက်အစုံကလည်း လေထဲမှာ ရပ်တန့်သွားပါသည်။

"ဟင့်အင်း"

ခပ်တိုးတိုး ငြင်းဆန်မှုနှင့်အတူ ရွှေစင်ဆိုတဲ့ ကောင်မလေးထံက ရှိုက်သံလွင့်ပျံ့လာပါတယ်။ ဘာတွေဖြစ်ကုန်ကြတာလဲ၊ လွင်ဦးရဲ့ အသံပြင်းချသံ။ ပြီးတော့. . .

www.burmeseclassic.com



"ကိုယ်မှားသွားတာ ဝန်ခံပါတယ် ရွှေစင်၊ ကိုယ် ယောက်ျားပါ၊ ဒါပေမယ့် ဒီကိစ္စကို ဘယ်သူမှ သွားမပြောလိုက်ပါနဲ့နော်၊ ကိုယ် ရှိကြီး ခိုးဆို ရှိကြီးခိုးပါရဲ့"

လွင်ဦးရဲ့တောင်းပန်တိုးလျှိုးသံနဲ့အတူ ရွှေစင်ရဲ့ငိုရှိုက်သံက လွင့်ပျံ့လာသည်။ ပြီးတော့ ရန့်တစ်ခု ဆိုးဆိုးဝါးဝါး။ သူမ နှုတ်ခမ်းကို တိုက်မိသည်။

လွင်ဦးနဲ့ရွှေစင် ဂုန်းခနဲ တံခါးဖွင့်သံနဲ့အတူ. . .

"တောက်. . ."

အိမ်ပေါက်ဝ တံခါးကို တွန်းဖွင့်ပြီး ချိုင့်ကို ကိုင်ကာ မတ်တတ် ရပ်နေသူက ငွေဇင်။ ပြီးတော့ စူးရှနီရဲနေတဲ့မျက်ဝန်းနဲ့ အဆက်မပြတ် မျက်ရည်စီးကြောင်းတွေနဲ့ ငွေဇင်။

"ငွေဇင်. . ."

လက်ထဲက ချိုင့်လွတ်ကျသံ၊ ကြမ်းပြင်ပေါ်မှာ မှောက်လဲ ... ထုန့်တဲ့ ဟင်းရည်နဲ့မုန့်ဖတ်တွေ။ ငွေဇင့်ကို လွင်ဦး ကြောင်ပြီး ငေးကြည့် နေသလို ရွှေစင်ရဲ့အံ့သြမှုကြောင့် မျက်လုံးက အဝိုင်းသား။

"နင်. . လူယုတ်မာကောင်. . နင် နှမသားချင်း ကိုယ်ချင်းမစာ တဲ့ကောင်၊ ငါ နင့်အပေါ် သံယောဇဉ်ရှိ. ."

"မဟုတ်ဘူး. . . ငါရှင်းပြပါရစေဦး. . . ဒီလိုဟာ"

"မပြောနဲ့"

ငွေဇင် နားကို ပိတ်ပြီး ခေါင်းခါကာ အပြင်ကို ပြေးထွက်သွား တော့သည်။

"ဟာ. . . နေဦး"

သူ တားဖို့ အချိန်မရလိုက်။

"ဟာ. . . သွားပြီ"

လွင်ဦး မချင့်မရဲစိတ်နဲ့ စိတ်ရှုပ်ထွေးစွာ ပြောနေမိစဉ်မှာ ...





ပေါ်ကို ဝရုန်းသုန်းကား တက်လာတဲ့ ညိုထွန်းတို့ တစ်သိုက်။

ရွှေစင် သူတို့ကို မြင်တော့ မပြောမဆိုဘဲ မျက်ရည်တွေ သုတ်ကာ ထွက်ပြေးသွားပြန်တော့. . .

"လွင်ဦး. . မင်း. . မင်း. . ."

ညိုထွန်းက မျက်လုံးကြီး ပြူးပြီး ပြောသလို သီတာအေးက. .

"လွင်ဦးရယ်. . နင်. . ."

လွင်ဦး မျက်လုံးအပြူးသားနဲ့ လက်ကာ,ကာ မနည်းဝင်ပြောရ ပါသည်။

"နေ. . နေကြပါဦး. . . ငါ့စကားဆုံးအောင် နားထောင်ကြပါ ဦးကွာ"

ညိုထွန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီး လွင်ဦးစကားကို နားစွင့်မိပါသည်။

"အခုမှတော့ မထူးတော့ပါဘူးကွာ၊ ရှက်လည်း ရှက်မနေတော့ ဝါဘူး၊ ဒီလိုကွ. . . ငါအရက်မူးပြီး အိမ်ပြန်တော့ မူးမူးနဲ့ အိမ်ရှေ့ အိမ်နောက်ဖေး မှားပြီး အီးအီးပါချမိတယ်"

ညိုထွန်းတို့ နှာခေါင်းရှုံ့သွားကြပြီး. . .

"ဒါကြောင့် မြို့ထဲ ဝင်လာတော့ အနံ့အသက်ဆိုး ရတယ်လို့ ထင်မိတာကိုး"

လွင်ဦးက မျက်နှာငယ်လေးနဲ့ ဆက်ပြောသည်။

"အဲဒါကိုကွာ. . . ဟိုကောင်မလေး ရွှေစင်က သိသွားတယ်"

"ဟေ. . ."

"ဟုတ်တယ်. . . အဲဒါကြောင့်မို့ ရပ်ကွက်ထဲမှာ လျှောက်မ... အောင် တောင်းပန်နေတာ၊ မဟုတ်သေးဘူး ရွှေစင်၊ ကိုယ့်ကိစ္စ... တာဝန်ယူရဲတဲ့သတ္တိ ရှိပါတယ်၊ ငါ့ဘာသာ ပြန်ကျုံးမယ်ပေါ့ကွာ"

နားထောင်တဲ့လူတွေ ဇာတ်ရည်လည်လာတော့ ပြုံးစိစိ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မောင်သက်က စပ်ဖြီးဖြီးနဲ့. . .

"အဲဒီတော့. . ."

လွင်ဦး သက်ပြင်းမှုတ်ထုတ်လိုက်ရင်း. . .

"ဉီး. . . ဖြစ်ချင်တော့ ရွှေစင်က အိမ်ပေါ် တက်လာရင်း ပြောချင်အောနဲ့ ခလုတ်တိုက်တော့ ခြေမကြီး ကွဲသွားရော၊ ငါ့ကြောင့်ဆိုပြီး ငိုပါလေရော"

ပရိသတ်က တဟားဟား။ လွင်ဦးလည်း ရယ်ရအခက် ငိုရအခက်ပါ။

"အဲဒါတွေ ပြောနေတုန်း ငွေဇင်က တစ်မျိုးထင်ပြီး. . ."

"ဟား. . ဟား. . ဟား. . ဟား"

ရယ်သံတွေ တသောသောနဲ့။

"ရယ်မနေကြပါနဲ့ကွာ. . . ဒါနဲ့ ငွေဇင်ရော"

သီတာအေးက တဟိဟိနဲ့ ရယ်ရင်း. . .

"လိုက်သာ သွားတော့ လွင်ဦးရေ၊ အိမ်ပေါ် တက်ပြီး တစ်ခါတည်းသာ ပြောမှ ရတော့မှာ၊ ဒေါ်လေးလည်း မင်းတို့ဇာတ်ကို ရှင်းပေးရင်းနဲ့ သူလည်း ရှုပ်ကျန်နေခဲ့ပြီ"

"အေးကွ. . . အခုထိကို လူမမာနဲ့ဓါတ်စာ ကက်ကင်းမမီသေးဘူး ဖြစ်နေတယ်"

"စိတ်ကူးမမှားနဲ့တော့ လွင်ဦးရေ မင်းရောဂါက ဆေးသောက်လို့ မပျောက်တော့ဘူး၊ ဓါတ်စာလေးနဲ့ နှလုံးသား အာဟာရဖြစ်အောင်နေမှ ရတော့မှာ"

လွင်ဦး ဘာမှ ပြန်ပြောမနေတော့ဘဲ အမြန်သုတ်ခြေတင်လာရပါသည်။





# အခန်း(၃၆)

"ဟာ. . . ပြောပြီးစလစ် နံပါတ်တစ်လေ၊ ကိုအောင်ကြီးကို အပျိုရည်. . အဲ. . လူပျိုတစ်ဖက်လပ် ဖြစ်အောင် မလုပ်ခဲ့ပါနဲ့ ငွေဇင်ရယ်"

ငွေဇင် ရှိရင်းစွဲ ဒေါသလက်ကျန်နဲ့. . .

"ဘာ. . . ကျွန်မက ရှင့်ကို အဖြေပေးပြီးစလစ် ဖြစ်ရအောင် ရှင့်ကို ကျွန်မပါးစပ်က ချစ်ပါတယ်လို့ ပြောခဲ့မိလို့လား"

ငွေဇင့်စကားကြောင့် အောင်ကြီး ကြောင်တောင်တောင်နဲ့. .

"ဟင်. . . တစ်ထောင့်ငါးရာဆို၊ ဒါ ငွေဇင် ရှက်လို့ တစ်ဖက်လှည့်နဲ့ အဖြေပေးတာ မဟုတ်ဘူးလား"

"ဘာမှ မဆိုင်ဘူး. . . ကျွန်မဘာသာ စာရင်းတွေ မှတ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ရိုးတီးယားတား လုပ်မယ် မကြံနဲ့နော်၊ ကျွန်မလက်က ရှင့်ပါးပေါ် ရောက်သွားမယ်"

"ဟို. . ဟို. . ကိုအောင်ကြီး ဖက်ထားတော့ ငွေဇင်လေးက ဘာလို့ ငြိမ်ခံနေလဲဟင်. . . အဟဲ"

စပ်ဖြီးဖြီးနဲ့ ပြောတော့ ငွေဇင် ဒေါသဖြစ်လာကာ အောင်ကြီး ခေါင်းကို ဒေါက်ခနဲနေအောင် ခေါက်ရင်း. . .

"အောင်မာ. . . ရှင်က ကျွန်မလက်နှစ်ဖက်လုံးကို ညှပ်ပြီး ဖက်ထားတော့ ကျွန်မ ရုန်းလို့ရလို့လား သေနာရဲ့"

အောင်ကြီး တွန့်ခနဲ ဖြစ်သွားကာ. . .

"ဒါဆို ပါးစပ်က ငြင်းပါလား"

သူ့မလက်က နောက်တစ်ကြိမ် အောင်ကြီးခေါင်းကို ဒေါက်ခနဲ ခေါက်တော့ အောင်ကြီး ထုပ္ပသွားတဲ့ခေါင်းကို အသည်းအသန် ပွတ်သည်။

"ဒီလောက် ပါးစပ်ထဲမှာ မုန့်တွေ ပြည့်လို့ နင်နေတာကို အလိုက်ကမ်းဆိုး မသိဘဲ စွတ်ဖက်နေတာ ဘယ်သူလဲ နှာဘူးကောင်ရဲ့"

"ဟော့ကောင်. . . ငွေဇင့်ကို လွှတ်လိုက်"

လွင်ဦး မောကြီးပမ်းကြီးနဲ့ ပြေးလာရင်း အရှိန်လွန် ခလုတ်တိုက်မိတော့ ငွေဇင်. . လွင်ဦးကို ထိန်းလိုက်ကာ ဖက်မိသလို ဖြစ်သွားသည်။ အောင်ကြီး အူလည်လည်နဲ့. . .

"ဟော့ကောင် လွင်ဦး. . . ငါ လွှတ်လိုက်ရအောင် ဖက်မှမထားတာ"

"အောင်မယ်. . . ဖက်ကြည့်ပါလား၊ ပါးကျိုးသွားမှာပေါ့"

"ဒါပေါ့. . . ကိုယ်ပဲ ဖက်လို့ရမှာ"

သတိမေ့ပြီး လွင်ဦးက သူ့ကိုဖက်၊ သူမက လွင်ဦးကို ဖက်နေကြတာကို ငွေဇင် အခုမှ သတိထားမိပြီး လက်ကို ပြန်ရုပ်သည်။





"အောင်မယ်. . . သတိမေ့လို့၊ ရှင်လည်း လူယုတ်မာ. . . သွား"

လွင်ဦး အခုမှတော့ မထူးပြီမို့. . .

"ကိုယ် နောက်မှ ရှင်းပြမယ်၊ ရွှေစင့်ကိစ္စက ဘာမှမဟုတ်ဘူး"

"ဘာမဟုတ်ဘူးလဲ. . . ဒီက နားနဲ့ဆတ်ဆတ် ကြားရတာ"

"တကယ် ဘုရားစူးပါကွာ. . . မယုံရင် ဟော့ဟိုမှာ သီတာအေးတို့ကို မေးကြည့်"

သီတာအေးတို့ အမောဆို့နေကြပါပြီ။

"နင်တို့ကိစ္စက ငါတို့ပါ အသက်ထွက်ကုန်တော့မယ် လွင်ဦးရယ်. . . ဟောဟဲ. . ဟောဟဲ. . ဟဲဟိုး"

မောင်သက်ကလည်း. . .

"ဟောဟဲ. . . ဟုတ်တယ်. . ဟောဟဲ၊ ရွှေစင်နဲ့လွင်ဦး ဘူးသီးမသီးကြ. . . "

"ဟော့ကောင်"

"ဟို. . . ဘာမှ မဖြစ်ကြပါဘူး၊ နင် အထင်မှားတာပါ။ ပြီးရင် ရှင်းပြပါ့မယ်ဟာ"

ငွေဇင် မယုံကြည်ချင်ဟန် ရှိနေသေးပါသည်။

"ငါ နင့်အသားကလွဲပြီး ဘယ်အသားမှ မစား. . . အား. . . မထိဖူးပါဘူး"

ငွေဇင် ရှက်ရှက်နဲ့ ဆွဲဆိတ်တာကြောင့် ရယ်သံတွေ ဆူညံသွားပါသည်။

"ဟင်. . . ဒါဆို ငါက ဘယ်သူ့ကို ချစ်ရမှာလဲ"

အောင်ကြီးရဲ့ငိုသံကြောင့် သီတာအေးက. . .

"ဈေးမှာ သွားခြစ်၊ ခြစ်လို့လဲ ရတယ်. . ညှစ်လို့လဲ ရတယ်၊ အခုတော့ ရောဂါနဲ့ဓါတ်စာနဲ့ အံကိုက်ဖြစ်သွားပြီ"



www.burmeseclassic.com

ငွေဇင် ရှက်ရှက်နဲ့ လွင်ဦးရင်ခွင်ထဲကနေ ပြုံးသည်။

"ကဲ. . . ဟိုတစ်ခါ အိပ်မက်ထဲကလို ညှစ်. . အဲလေ. . ချစ်လိုက်ဦးမယ်"

"အမေ့. . . "

ရှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR

☺ အောင်မြင်စာပေ ☺